# မိုးကြိုး

The Lightning သတင်းစဉ်

(၁၅-၁-၉၉)ရက်နေ့တွင် စတင်တည်ထောင်သည်။

၁၃၆၁ ခုနှစ်၊ နတ်တော်လ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ အမှတ်(၁၀)


## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

# (၅၂)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် တခမ်းတနားကျင်းပ မြန်မာ့လွတ်လပ်ရေးနေ့ ကြေညာချက်အား ဖတ်ကြားထုတ်ပြန်



မြန်မာ့လွတ်လပ်ရေးခရီးတွင် ပါဝင်ခဲ့ကြသော သခင်ဟောင်းကြီးများ



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များနှင့် တတ်သိပညာရှင်များ



မြို့နယ်ပေါင်းစုံမှ အဖွဲ့ချုပ် အဖွဲ့ဝင်များ



နိုင်ငံခြားသံတမန်များနှင့် ပြည်ပစာနယ်ဇင်းဆရာများ

ထောင်စုနှစ်သစ်နှင့် (၂၁)ရာစုနှစ်သစ်များသို့ချဉ်းနင်းဝင်ရောက်လာသောသက္ကရာဇ်နှစ်ထောင်ပြည့်နှစ်ဇန်နဝါရီလ(၄)ရက်နေ့၌ ကျရောက်သည့်ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၅၂)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားအားအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ကျင်းပရာတက်ရောက်ကြသူအားလုံးလွတ်လပ်ရေးသစ္စာအဓိဋ္ဌာန်ကိုးချက်အား ရွတ်ဆိုအဓိဋ္ဌာန်ပြုခြင်း၊ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ချုပ်ဥက္ကဋ္ဌကြီး ဦးအောင်ရွှေနှင့်အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်တို့မှ မိန့်ခွန်းပြောကြားခြင်း၊စာရေးဆရာကြီးနန်းညွှန့်ဆွေမှ လွတ်လပ်ရေးနေ့အကြောင်းဟောပြောခြင်းတို့အပြင်၊ မြန်မာ့လွတ်လပ်ရေးနေ့ကြေညာချက်အားအဆိုပါအခမ်းအနားတွင်ဖတ်ကြားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိပါသည်။

ထိုကြေညာချက်ထဲတွင် ထိုင်းနိုင်ငံ (ယခင်ယိုးဒယားနိုင်ငံ)တွင် ဖွဲ့စည်းသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးမြန်မာပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက်အံ့ဆဲဆဲတွင်တပ်မတော်ဖခင် ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်"ရဲဘော် တို့ …. ရဲဘော်တို့သည်မိမိတို့၏အသက်၊သား မယား၊အိုးအိမ်စည်းစိမ်၊ ဥစ္စာပစ္စည်းတို့ကိုစွန့်ပစ်ခဲ့ခွာနိုင်ခြင်း မပြုနိုင်ကြပါလျှင် ဤဗမာ့လွတ်လပ်ရေးတပ်မတော်အတွင်းအမှုထမ်းအဖြစ် မဝင်ရောက်စေလိုပါ။ ရဲဘော်တို့ငါတို့မှာစစ်တိုက်ရင်းစားသောက်ကြရန် စားနပ်ရိက္ခာ၊အစားအစာဆိုလို့လုံးဝမရှိ၊ဝတ်ဆင်စရာအဝတ်ဆိုလို့လည်းတထည်တပိုင်းမျှမရှိ၊ဒါကြောင့်မို့လို့ ရဲဘော်တို့သည် စစ်ပွဲတလျှောက်မှာအိပ်ကြရဖို့ မြေကြီး၊စားသောက်စရာဆိုလို့ကျောက်ခဲနဲ့သလဲပဲရှိမယ်။ ဒါပဲငါတတ်နိုင်တယ်။ ဒီဗမာ့လွတ်လပ်ရေးတပ်မတော်အတွင်းဝင်ရောက်စစ်မှုထမ်းကြခြင်းဖြင့်ရာထူး စည်းစိမ်အခွင့်အရေးရကြလိမ့်မယ်၊သူဌေးသူကြွယ်ကြီးများဖြစ်ကြရလိမ့်မယ်ဟုမမျှော်လင့်ကြပါနဲ့။ အကြီးဆုံးရလာဒ်ကတော့ သေမင်းပဲ" ဟူသော မိန့်ခွန်းကမြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စိတ်ရောကိုယ်ပါ ကြိုးပမ်းအားထုတ် အသက်စွန့်ရှုန်းကန်တိုက်ပွဲဝင်ခဲ့ရသည်ကိုသက်သေခံလျက်ရှိကြောင်း။



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးအောင်ရွှေ လွတ်လပ်ရေးနေ့ မိန့်ခွန်းပြောကြားနေစဉ်

တိုင်းပြည်နှင့် လူမျိုးရေးသည် မည်မျှအရေးကြီးကြောင်းနှင့် လွတ်လပ်ရေးရရှိရန်မည်မျှရုန်းကန်ခဲ့ကြရကြောင်း မျိုးဆက်သစ်လူငယ်များ လေးလေးနက်နက်သိရှိပြီးနာယူနိုင်ရန် မြန်မာ့တော်လှန်ရေးခရီးကိုအနည်းငယ်မျှ တင်ပြလိုက်ရပါကြောင်း။

၁၉၀၆ခုနှစ်တွင် လွတ်လပ်ရေးတိုက်ပွဲဝင်စိတ်ဓာတ်ကို အမြုတေပြုထားသော(ဝိုင်အမ်ဘီအေ)ခေါ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတည်ထောင်၍အမျိုးသားသာသနာများအတွက်ဆောင်ရွက်ခဲ့ကြောင်း။

၁၉၂၀ပြည့်နှစ်တွင် (ဂျီစီဘီအေ)ခေါ်မြန်မာအမျိုးသားအသင်းအဖွဲ့များ၏အသင်းချုပ်ကြီး ပေါ်ပေါက်လာခြင်း၊၁၉၂၀ ပြည့်နှစ်တွင်ပင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာခြင်း၊၁၉၃၀ပြည့်နှစ်တွင်တောင်သူလယ်သမား တော်လှန်ရေးကြီးပေါ်ပေါက်လာခြင်း၊ ၁၉၃၆ခုနှစ်တွင်ကျောင်းသားသပိတ်ပေါ်ပေါက်လာခြင်း၊၁၉၃၈ခုနှစ်တွင် ရေနံမြေအလုပ်သမားသပိတ်ကြီးပေါ်ပေါက်လာခြင်း၊ ၁၉၄၁ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်၏(ဘီအိုင်အေ)ခေါ်ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးပေါ်ပေါက်လာခြင်း၊(ဘီဒီအေ) ခေါ် ဗမာ့ကာကွယ်ရေးတပ်မတော်ကြီးပေါ်ပေါက်လာခြင်း၊ (ဘီအင်န်အေ) ခေါ်ဗမာ့အမျိုးသားတပ်မတော်ပေါ်ပေါက်လာခြင်း၊၁၉၄၅ခုနှစ် မတ်လ(၂၇)ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ဦးစီးခေါင်းဆောင်သော ဖက်ဆစ်တော်လှန်ရေးကြီးပေါ်ပေါက်လာပြီး(ပီဘီအက်ဖ်)ခေါ် မျိုးချစ်ဗမာ့တပ်မတော် ပေါ်ပေါက်လာကာ ၁၉၄၅ခုနှစ်တွင်အမြဲ


နောက်ကျောသို့ ❑


## လူထုဦးဆောင် သက္ကရာဇ် (၂၀၀၀)

☆ နအဖ စစ်အုပ်စုသည် လက်ရှိနိုင်ငံရေးပြဿနာကို ဖြေရှင်းမပေးနိုင်သည့်အပြင် ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး၌ လူမျိုးစုံပြည်သူလူထုကြီး၏ ထောက်ခံမဲ (၈၂)ရာခိုင်နှုန်းဖြင့် အနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တွေ့ဆုံဆွေးနွေးရန် အကြိမ်ကြိမ် ကမ်းလှမ်းခဲ့သည်ကိုလည်း ယခုထိ လက်မခံသေးပေ။

☆ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် တခဲနက် ဖော်ပြခဲ့သော လူမျိုးစုံပြည်သူလူထုကြီး၏ လိုအင်ဆန္ဒများကိုလည်း ပစ်ပယ်ထားသည်။

☆ နအဖ စစ်အုပ်စုသည် မြန်မာနိုင်ငံတွင်းရှိ လူမျိုးစုံပြည်သူလူထုကြီး၏ စားဝတ်နေရေးပြဿနာကို ယခု (၁၁)နှစ်ကာလအထိ လုံးဝ ဖြေရှင်းမပေးနိုင်သေးပေ။

☆ မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုံပြည်သူလူထုအားလုံး မျှော်မှန်းတောင့်တထားသော တန်းတူရေးနှင့် ညီမျှရေးတို့ အခြေအနေကိုလည်း လုံးဝဖန်တီးမပေးနိုင်ခဲ့ပေ။

☆ ထို့ကြောင့် လူမျိုးစုံပြည်သူလူထုကြီး၏ အုံကြွလှုပ်ရှားမှုကြီး ပေါ်ပေါက်လာနိုင်ပါသည်။

## မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ထောင်စုသစ်လူသားများ ဖွံ့ဖြိုးမှု ညီမျှစေခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်ကြ

ထောင်စုနှစ်ဟောင်းမှ ထောင်စုသစ်သို့ ကူးပြောင်းလာပြီဖြစ်သော ယနေ့ကမ္ဘာကြီးသည် နယ်ပယ်အသီးသီး၌ တကမ္ဘာလုံးလက္ခဏာဆောင်မှု (Globalization)ဖြစ်စဉ်အရ နည်းပညာနှင့် စီးပွားရေးအခွင့်အလမ်းကောင်းများကို ဆွတ်ချူစားသုံးရန် အခြေအနေသစ်များ ဖြစ်ထွန်းလျက်ရှိသည်။ အကယ်၍သာ ယင်းအခွင့်အလမ်းကောင်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ညီညွတ်မျှတအောင် ခွဲဝေနိုင်သည့် အစီအမံများ ချမှတ်လုပ်ဆောင်ခြင်း မရှိပါက စီးပွားရေး၊ ယဉ်ကျေးမှု၊ အနုပညာစသည့် နယ်ပယ်အသီးသီးအား ထိန်းညှိထားသည့် ဟန်ချက်များ ပျက်ယွင်း၍ လူ့သမိုင်းစဉ်တလျှောက် မကြုံဖူးအောင် ထူးကဲကြီးမားသည့် မတည်ငြိမ်မှုများ ပဋိပက္ခများကို ထောင်စုဟောင်း၏ ဆိုးမွေအဖြစ် ထောင်စုသစ်မှ လက်ခံရမည့် အလားအလာများ ဖြစ်ပေါ်နေပြီဖြစ်သည်။

ကမ္ဘာ့တောင်မြောက် ကွာဟမှု၊ တနည်းအားဖြင့် ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံကြီးများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဆင်းရဲချမ်းသာ ကွာဟမှုသည် တဖြည်းဖြည်း ကျယ်ပြန့်လာနေသည်ဟု (UNDP)မှထုတ်ဝေသည့် (Human Development Report 1999)က ဆိုသည်။ ယင်းအစီရင်စာအရ နိုင်ငံပေါင်း(၈၀)ကျော်၏ ယနေ့ဝင်ငွေသည် လွန်ခဲ့သော ဆယ်စုနှစ်ကျော်က ဝင်ငွေထက် နိမ့်ကျနေသည်ဟု သိရသည်။ နိုင်ငံများအကြား ဝင်ငွေကွာဟမှု အချိုးအစားသည် ပိုမိုများပြားလာခဲ့သည်။ ကမ္ဘာ့အချမ်းသာဆုံး(၅)နိုင်ငံနှင့် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံ(၅)နိုင်ငံတို့၏ ဝင်ငွေအချိုးအစားသည် ၁၉၉၀ ခုနှစ်က ၃၀း၁ ရှိရာမှ ၁၉၉၇ တွင် ၇၄း၁ ဖြစ်လာခဲ့သည်။ အချမ်းသာဆုံးနှင့် အဆင်းရဲဆုံးနိုင်ငံများအကြား ဝင်ငွေကွာဟမှုနှုန်းထားသည် ၁၈၂၀ ခုနှစ်တွင် ၃း၁ ရှိရာမှ ၁၈၇၀ တွင် ၇း၁ နှင့် ၁၉၁၃ တွင် ၁၁း၁ ဟူ၍ တဖြည်းဖြည်း ကွာဟမှု ပိုမိုကြီးမားလာသည်ကို တွေ့ရသည်။

၁၉၉၀ ကျော် ခုနှစ်များတွင် ဝင်ငွေအများဆုံးနိုင်ငံများ၌ နေထိုင်သော ကမ္ဘာ့လူဦးရေ၏ ငါးပုံတပုံနှင့် ကမ္ဘာ့အဆင်းရဲဆုံး လူဦးရေငါးပုံတပုံ၏ ပိုင်ဆိုင်မှုအချိုးအစားသည် ကမ္ဘာ့အသားတင် ကုန်ထုတ်လုပ်မှုတန်ဘိုးတွင် ၈၆း၁၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ၆၈း၁ နှင့် ယနေ့ကမ္ဘာ၏ အခြေခံဆက်သွယ်ရေးကိရိယာဖြစ်သော တယ်လီဖုန်းလိုင်း ပိုင်ဆိုင်မှုတွင် ၇၄း၁.၅ ဟူ၍ ကြောက်ခမန်းလိလိ ကွာဟမှုများ ရှိနေသည်ကို တွေ့မြင်ရသည်။

OEDC ခေါ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့လူဦးရေ၏ ၁၉ %သာရှိသော်လည်း ကမ္ဘာ့ကုန်သွယ်ရေး (ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်း)၏ ၇၁% နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ ၅၈% နှင့် အင်တာနက်သုံးစွဲမှု၏ ၉၁% ကို ပိုင်ဆိုင်လုပ်ကိုင် သုံးစွဲလျက်ရှိသည်။

ကမ္ဘာ့အချမ်းသာဆုံး လူပုဂ္ဂိုလ် ၂၀၀ သည် ၁၉၉၈ အထိ လေးနှစ်အတွင်း အသားတင်ချမ်းသာကြွယ်ဝမှု ၂ ဆ တိုးလာပြီး ဒေါ်လာသန်း ၁ ထရီလီယံ (၁ နောက်မှာ သုံည ၁၂ လုံး) ချမ်းသာနေသည်။ အချမ်းသာဆုံး သန်းကြွယ်သူဌေး (၃)ဦး၏ ပိုင်ဆိုင်မှုအဝဝသည် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံအားလုံးရှိ ပြည်သူသန်း ၆၀၀ တို့၏ စုစုပေါင်း အမျိုးသားကုန်ထုတ်လုပ်မှုတန်ဘိုးထက် ပိုမိုများပြားနေသည်။ တပြိုင်တည်းမှာပင် ထိပ်တန်းဆက်သွယ်ရေးတယ်လီဖုန်းကုမ္ပဏီ(၁၀)ခုသည် ဒေါ်လာသန်းထောင်ပေါင်း ၂၆၂ သန်းရှိသော ဈေးကွက်၏ ၈၆%ကို ပိုင်ဆိုင်၍ ပိုးသတ်ဆေးထုတ်ဝေသည့် ထိပ်တန်းကုမ္ပဏီ ၁၀ ခုသည်လည်း ဒေါ်လာသန်းထောင်ပေါင်း ၃၁ သန်းရှိသော ဈေးကွက်၏ ၈၅%ကို လက်ဝါးကြီးအုပ် ဝါးမြိုထားသည်။

၁၉၉၃ ခုနှစ်တွင် ကမ္ဘာ့သုတေသနလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ် စုစုပေါင်း၏ ၈၄%ကို နိုင်ငံ(၁၀)နိုင်ငံကသာ လက်ဝါးကြီးအုပ် သုံးစွဲနေပြီး လွန်ခဲ့သော ၁၀ စုနှစ်နှစ်စုအတွင်းရှိ မူပိုင်ခွင့်များ၏ ၉၅%ကို ထိမ်းချုပ်ထားခဲ့သည်။

လွတ်လပ်ခြင်း၊ တရားမျှတခြင်းဟူသော လောကပါလတရားသုံးပါးသည် လောကကို စောင့်ရှောက်သော တရားများဖြစ်သည်။ လူလူခြင်းညီမျှမှု မရှိပါက တရားမျှတမှုနှင့် လွတ်လပ်မှုတို့ ပေါ်ထွန်းမလာနိုင်ပေ။ ဤတရားများသည် သံကြိုးကွင်းဆက်ပမာ အပြန်အလှန် ချိတ်ဆက်နေသော လူသားအားလုံးမှ လူ့အနွယ် တိုးတက်စည်ပင်ရေးအတွက် လိုက်နာကျင့်သုံးအပ်သော တရားများဖြစ်ပေသည်။ သို့သော် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ ဖော်ပြလာသော လူသားများ ဖွံ့ဖြိုးတက်မှုဆိုင်ရာ အချက်အလက်များကို သေချာစွာ စစ်ကြည့်ပါက လောကပါလတရားများ ပျက်ယွင်းလျက် လောဘ၊ ဒေါသ၊ မောဟတို့ကို အခြေခံသည့် **“ပပဉ္စ”** တရားများ တိုးပွားလာနေကြောင်း ဝမ်းနည်းဖွယ် တွေ့ရှိရပေသည်။ သို့ပါ၍ လူသားအချင်းချင်း မျှတညီမျှအောင် ကြိုးပမ်းစီစဉ်လျက် ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေးသည် တတိယထောင်စုနှစ်လူသားများအဖို့ မလွှဲမရှောင်သာသော လူ့ဘောင် တည်တံ့စည်ပင်ရေးတာဝန် ဖြစ်ပါကြောင်း ဖော်ပြအပ်ပေသည်။ ❖

**ပြည်သူသည်သာ အခမိ၊ ပြည်သူသည်သာ အခဖ**

# တို့ခေတ်ရောက်မှ ညံ့ကြမှာလား

သက္ကရာဇ်(၂၀၀၀) ရောက်ရှိဖြတ်သန်းခဲ့ပါပြီ။ ကမ္ဘာအနှံ့အပြားမှာ ပြည်သူတွေက ထောင်စုနှစ်အသစ် ကူးပြောင်းတဲ့ကာလကို ပွဲလမ်းသဘင်ချီး ကြိုဆိုရင်ခုန်ခဲ့ကြပါတယ်။ ထောင်စုနှစ်သစ်ပွဲတော်ကို သစ်လွင်တောက်ပတဲ့ အဝတ်အစားတွေနဲ့ သစ်လွင်တောက်ပတဲ့အိပ်မက်တွေနဲ့ ကြိုဆိုခဲ့ကြပါတယ်။ ကျနော်တို့ မြန်မာနိုင်ငံကတော့ ညိုးညိုးငယ်ငယ်နဲ့ စုတ်ဖတ်ဖတ်နဲ့၊ တိတ်တိတ်ဆိတ်ဆိတ်နဲ့ စစ်အုပ်စုရဲ့ ခိုင်းဖတ် ကျေးကျွန်တွေဘဝနဲ့ ထောင်စုနှစ်သစ်ထဲဝင်ခဲ့ကြပါပြီ။

သက္ကရာဇ်(၁၉၀၀)ကနေ (၂၀၀၀) ကြား နှစ်တရာကာလမှာ မြန်မာပြည်ဘာတွေ ပြောင်းလဲသွားခဲ့ပါသလဲ။ ကျနော်တို့ အိပ်ပျော်နေတဲ့ကာလမှာ ကမ္ဘာကြီးက တဟုန်ထိုးခရီးထွက်သွားခဲ့ပါတယ်။ လူမှုစီးပွားပညာရှင် အယ်လဗင်တော်ဖလာက လူသမိုင်းဖြစ်စဉ်ကြီးရဲ့ ခေတ်ကြီး(၃)ခေတ်ကို အခုလိုပိုင်းခြားပြသခဲ့ဖူးပါတယ်။ မီးကို စတင်တွေ့ရှိတဲ့ကာလများကနေ စိုက်ပျိုးတတ်လာ၊ ကုန်သွယ်မှုဖြစ်လာ၊ မြို့ပြတွေ မင်းနေပြည်တော်တွေပေါ် ပေါက်လာ၊ စစ်ပွဲတွေ ဖြစ်ပွား၊ အဲသည်လိုနဲ့ အလယ်ခေတ် မီဒီဗီယယ်ခေတ်ကာလများအထိကို “စိုက်ပျိုးရေးခေတ်” လို့ သမုတ်ပါတယ်။ ရေနွေးငွေ့စွမ်းအားကနေ စက်များ မောင်းနှင်နိုင်ကြောင်း လူတွေ တွေ့ရှိလာပါတယ်။ ဒီအခါ စက်မှုတော်လှန်ရေးကြီးတရပ် ပေါ်ပေါက်လာပြီး မီးခိုးကျပ်စွဲခေါင်းတိုင်ကြီးများနဲ့ စက်ရုံကြီးတွေ၊ ငွေကြေးခန သိုလှောင်ရာ ဘဏ်တိုက်ကြီးတွေ၊ ကိုလိုနီနယ်ချဲ့စနစ်နဲ့ ဖက်ဆစ်ဝါဒလည်း ပေါ်ထွန်းလာ၊ ပစ္စည်းမဲ့အလုပ်သမားတွေ ညီညွတ်ရေးကြွေးကြော်သံနဲ့ ဆိုရှယ်လစ်တော်လှန်ရေးတွေလည်း ပေါ်လာတဲ့ခေတ်ကာလကိုတော့ “စက်မှုတော်လှန်ရေးကာလ” လို့ သူက သတ်မှတ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း မိုက္ကရိုခေတ်စီးပတ်လမ်းနည်းပညာများနဲ့ ကွန်ပြူတာ၊ အဆင့်မြင့် အင်တာနက်နည်းပညာများ ပေါ်ထွန်းလာမယ့် နောက်ခေတ်သစ်ကိုတော့ သူက“အဆင့်မြင့်နည်းပညာနဲ့ သတင်းဆက်သွယ်ရေးပညာခေတ်ကြီး” လို့ သတ်မှတ်ထားပါတယ်။ ကျနော်တို့နိုင်ငံကတော့“စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနည်းပညာများဖြင့် ပေါင်းစပ်ဖွံ့ဖြိုးစေရေး”လို့ အော်နေရင်း အယ်လဗင်တော်ဖလာရဲ့ ပထမခေတ်ထဲကကို မထွက်နိုင်သေးပါဘူး။

ဒီအချိန်မှာပဲ ကမ္ဘာကြီးမှာ အများကြီးပြောင်းသွားခဲ့ပါပြီ။

မကြာသေးမီက ဘာလင်တံတိုင်းကြီးဘေးမှ ဘာလင်တံတိုင်းကြီး ပြိုကျသွားတဲ့ (၁၀)နှစ်မြောက်အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ ၁၉၈၉ နိုဝင်ဘာလ (၉)ရက်နေ့မှာ ဘာလင်တံတိုင်းပြိုကျသွားခဲ့တာ ၁၉၉၉ မှာဆိုရင် (၁၀)နှစ်ပြည့်မြောက်သွားပြီဖြစ်ပါတယ်။

၁၉၆၂ ကစလို့ နှစ်(၃၀)ကျော် ကာရံထားခဲ့တဲ့ တံတိုင်းကြီး ပြိုလဲသွားတာနဲ့ အမျှ အရှေ့ဂျာမနီ၊ အနောက်ဂျာမနီသာမက အရှေ့ဥရောပ၊ အနောက်ဥရောပ တံခါးလည်း ပွင့်သွားခဲ့ရပါတယ်။ တချိန်က စစ်သား (၇၀၀၀)နဲ့ စောင့်ကြည့်ရေးကရိယာများ တပ်ဆင်ထားခဲ့တဲ့ ဒီတံတိုင်းကြီးပြိုလဲတာနဲ့အမျှ အရှေ့ဥရောပကပြည်သူတွေ ခံစားနေရတဲ့ ဖိနှိပ်ရေးသံမဏိတံတိုင်းကြီးလည်း ပြိုကျသွားခဲ့ရပါတယ်။ နိုင်ငံရေးရာသီဥတုများလည်း ပြောင်းခဲ့လို့ သာယာကြည်လင်တဲ့နွေဦးကို ခံစားနေနိုင်ကြပါပြီ။

ချက်ကိုစလိုဗက်ကီးယားနိုင်ငံမှာလည်း မကြာသေးမီက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး (၁၀)နှစ်ပြည့်မြောက်တဲ့ အခမ်းအနားကို ပျော်ပွဲရွှင်ပွဲတွေနဲ့ ကျင်းပခဲ့ကြပါတယ်။ ၁၉၈၉ မှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများ ဖြစ်လာပြီး ဗာကလပ်ဟာဗယ် သမ္မတဖြစ်လာခဲ့ပါတယ်။

ပိုလန်နိုင်ငံမှာလည်း အလားတူ ဒီမိုကရေစီပြောင်းလဲရေး စတင်ခဲ့တဲ့

## သန်မြန်အောင်မြင်

(၁၀)နှစ်ပြည့်မြောက်တဲ့ အခမ်းအနားများ ကျင်းပခဲ့ပါတယ်။ ၁၉၈၉ ပိုလန်နိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ စတင်ခဲ့ပါတယ်။ သွေးစည်းညီညွတ်ရေး အလုပ်သမားသမဂ္ဂများက စတင်ခဲ့တဲ့ သတ္တုတွင်းသပိတ်များရဲ့ အောင်ပွဲကတဆင့် ပြည်သူတွေ အောင်ပွဲရရှိခဲ့ကြပါတယ်။ ဖိလစ်ပိုင်ပြည်သူများရဲ့ ပြည်သူ့အာဏာလှုပ်ရှားမှုနဲ့ အောင်ပွဲကတော့ ၁၉၈၇ ခုနှစ်ကတည်းက အောင်ပွဲခံခဲ့ပြီး (၁၀)နှစ်ကျော်လွန်မြောက်လို့ ချီတက်အရှိန်ရနေပါပြီ။ သူတို့နိုင်ငံများမှာတော့ လွတ်လပ်မှု (၁၀)နှစ်ပြည့်မြောက်တဲ့ အခမ်းအနားများ ကျင်းပနေကြပါတယ်။ ကျနော်တို့က ဘာ(၁၀)နှစ်ပြည့်မြောက်တဲ့ အခမ်းအနား ကျင်းပရမှာပါလိမ့်။ ဒီလိုတွေးမိပါတယ်။

ကျနော်တို့ မြန်မာပြည်သူတွေလည်း ၁၉၈၈ ခုနှစ် (ရှစ်လေးလုံးအရေးတော်ပုံ)ကာလတုန်းက ရွှေရောင်တောက်ပတဲ့ အနာဂတ်အိပ်မက်များ မက်ခဲ့ကြဖူးပါတယ်။ တပါတီအာဏာရှင် (မဆလ) အစိုးရကို ဖြုတ်ချလို့ ဒီမိုကရေစီ လူ့ဘောင်သစ်တရပ်ကို တည်ထောင်ဖို့ ကြိုးစားလုံးပန်းခဲ့ကြဖူးပါတယ်။ အခုဆိုရင် (၁၁)နှစ် လွန်မြောက်ခဲ့ပြီ၊ အိပ်မက်တွေ အကောင်အထည်မပေါ်နိုင်ခဲ့သေးပါဘူး။ စစ်တပ်က အကြမ်းဖက်ပြီး ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေ အားလုံးကို နင်းချေလိုက်ပါတယ်။ ဒီနေ့ ကျနော်တို့ သူများတွေ (၁၀)နှစ်ပြည့်လို့ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပနေချိန်မှာ ကျနော်တို့အဖို့ ကျင်းပမယ်ဆိုရင် စစ်အာဏာရှင်အောက် (၁၀)နှစ်ကျော်

ရောက်ခဲ့ရတဲ့ဘဝအထိမ်းအမှတ်၊ ပြည်သူတွေရဲ့ဆန္ဒ ၁၉၉၀ ရွေးကောက်ပွဲရလဒ် ငြင်းပယ်ခံလိုက်ရတဲ့ အထိမ်းအမှတ်၊ သွေးမခြောက်သေးတဲ့ အာဇာနည်တွေရဲ့ အထိမ်းအမှတ် ဒါတွေ၊ ဝမ်းနည်းဖွယ်ရာ အခြေအနေတွေကိုသာ ကျင်းပဖို့ ရှိပါတယ်။

၁၉၈၈ ခုနှစ်ကသာ ဒီမိုကရေစီ အောင်ပွဲ ရခဲ့ရင်ဆိုတာ ကျနော် စိတ်ကူးယဉ်ကြည့်ပါတယ်။ လက်ရှိအခြေအနေတွေထက်တော့ ကောင်းမွန်မှာ မလွဲပါဘူး။ ၁၉၈၀ နှစ်လွန်တဝိုက်က ဒီမိုကရေစီလှုပ်ရှားခဲ့ကြတဲ့ ခေတ်ပြိုင်နိုင်ငံတွေက အများကြီး ခရီးရောက်နေကြပါပြီ။ ကျနော်တို့ကတော့ နွံထဲပိုလို့ နစ်လာနေရတယ်။ ဆင်းရင်းဆင်းရင်း ဆင်းရဲတွင်းထဲ ပိုလို့နက်လာရတယ်။ ဒီနေ့အခြေအနေတွေက ဘာမှတိုးတက်မလာဘူး။ မြန်မာပြည်အခြေအနေဟာ စစ်အုပ်စုရဲ့ မိုက်လုံးကြီးမှုလက်ထဲမှာ ပိုလို့ ဆိုးလာနေတယ်။

၁၉၉၉ ကုလသမဂ္ဂ အထွေထွေ ညီလာခံကို တင်သွင်းတဲ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးရဲ့ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ရာဇ္ဇမာန်လာလားရဲ့ အစီရင်ခံစာမှာ အခုလို ဖော်ပြထားခဲ့တယ်။ “မြန်မာပြည် လူ့အခွင့်အရေးအခြေအနေမှာ ထူးခြားတိုးတက်မှု မရှိခဲ့ကြောင်း၊ မရှိရုံမက ပို၍ ဆိုးဝါးလာနေကြောင်း၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များသည် ဆိုးဆိုးရွားရွား ဖိနှိပ်ခံနေရကြောင်း၊ အကယ်၍ လူထုစုဝေး၍ နိုင်ငံရေးဆိုင်ရာဆောင်ရွက်မှုများနှင့် လူထုစုဝေး၍ ဆန္ဒဖော်ပြမှုများ ရှိခဲ့ပါက တိုးလို့ ဖိနှိပ်ခံရကြောင်း၊ လူထု၏ အခြေခံရပိုင်ခွင့်များဖြစ်သော လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ဖော်ပြခွင့်၊ စုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ဥပဒေပြဋ္ဌာန်းချက်ပါအရ နိုင်ငံရေးဆောင်ရွက်မှုများကို ဖိနှိပ်မှု၊ တဖက်သတ်ဥပဒေများ သုံး၍ ကန့်သတ်ပိတ်ပင်ခြင်း၊ ပြစ်ဒဏ်ပေးခြင်းတို့ ဆောင်ရွက်နေကြောင်း ဖော်ပြထားပါတယ်၊ ဒ့အပြင် လူသားတဦး၏ အခြေခံပိုင်ခွင့်များဖြစ်သော အသက်ရှင်သန်ပိုင်ခွင့်၊ လွတ်လပ်ခွင့်၊ အသက်တည်မြဲခွင့်များသည် အမြဲတစေ ချိုးဖောက်ခံနေရရုံမျှမက အစဉ်အမြဲခြိမ်းခြောက်ခံနေကြောင်း၊ တရားဥပဒေအရ စီမံအုပ်ချုပ်မှု ရှိလဲမရှိ၊ ဆောင်ရွက်ရန်လည်း လျစ်လျူရှုထားကြောင်း၊ တရားစီရင်ရေးဌာနများသည်လည်း ဖိနှိပ်သော စစ်အာဏာပိုင်များ၏ လက်ပါးစေသဖွယ်၊ ဖိနှိပ်ရေး အားဖြည့်ကိရိယာသဖွယ် ဖြစ်နေကြောင်း”ဖော်ပြထားခဲ့ပါတယ်။

စစ်အုပ်စု၏ အုပ်ချုပ်မှု (၁၁)နှစ်ကျော်ကာလအတွင်း မြန်မာပြည်သူလူထုတွေဟာ ခါးသည်းတဲ့ နိုင်ငံရေးဖိနှိပ်မှုတွေသာမက လူမှု၊ စီးပွား ဒုက္ခမျိုးစုံကို ခံစားခဲ့ကြရပါတယ်။ ကပ်မျိုးစုံကြုံလို့ ဒုက္ခအဖုံဖုံ မီးပင်လယ်ဝိုင်းခဲ့ကြရတယ်။ စစ်အုပ်စုလက်ထက် မြန်မာပြည်မှာ ဘာတွေ တိုးတက်ခဲ့ပါသလဲ။

“၁၉၉၈ ကုလသမဂ္ဂမှ ထုတ်ဝေသော လူမှုဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ အခြေအနေအစီရင်ခံစာတွင် နဝတ/နအဖ စစ်အုပ်စုအုပ်ချုပ်သော (၁၀)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ တိုးတက်မှုများအဖြစ် ဒီလိုဖော်ပြထားပါတယ်။

(၁) Jobless Growth အလုပ်လက်မဲ့များ တိုးတက်လာသည်။

(၂) Ruthless Growth စီးပွားရေး ဖွံ့ဖြိုးမှုအနှစ်သာရသည် ချမ်းသာသူအနည်းစုသာ ခံစားရပြီး ဆင်းရဲတွင်းနက်သော ပြည်သူအရေအတွက် သန်းချီတိုးတက်လာသည်။

(၃) Voiceless Growth ပြောဆိုခွင့်မဲ့ဒီမိုကရေစီနှင့် အာဏာမဲ့ အင်အားစု တိုးတက်လာသည်။

(၄) Rootless Growth ယဉ်ကျေးမှုလက္ခဏာ သတ်မှတ်ချက် ပျောက်ဆုံးသူ အရည်အတွက် တိုးတက်လာသည်။

(၅) Futureless Growth အနာဂတ်မျိုးဆက်အတွက် လိုအပ်သော အရင်းအမြစ်များကို လက်ရှိမျိုးဆက်က ဖြုန်းတီးမှု တိုးတက်လာသည်လို့ ဖော်ပြ မှတ်တမ်းတင်ခဲ့ပါတယ်။”

ဒီအခြေအနေတွေက ကျနော်တို့ လူထုပျင်းလို့၊ ညံ့ဖျင်းလို့၊ အရည်အသွေး မရှိလို့ မဟုတ်ပါဘူး။ အဖြေကတော့ မိုက်လုံးကြီးတဲ့ စစ်အာဏာရှင်တစုကြောင့်သာ ဖြစ်ပါတယ်။

၁၉၉၉ ဧပြီလမှာ ထုတ်ဝေတဲ့ (Asian Wall Street Journal)မှာ မြန်မာနိုင်ငံရဲ့ လက်ရှိလူမှုရေး ကြပ်တည်းမှုအထွေထွေ ဘာကြောင့်ဖြစ်ရသလဲဆိုတာ ဒီလို သုံးသပ်ဖော်ပြခဲ့ဖူးပါတယ်။ “လက်ရှိ အစိုးရရဲ့ပေါ်လစီမှာ အဓိက ကျတဲ့ပြောင်းလဲမှု ဖြစ်ပေါ်မှသာ ဒီနေ့ လူမှုပြဿနာအထွေထွေကို ပြောင်းလဲနိုင်မှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂ မြန်မာပြည်ဆိုင်ရာအလုပ်အဖွဲ့က ထုတ်ဝေတဲ့ အစီရင်ခံစာမှာ မြန်မာပြည်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေရတဲ့နေရာမှာ အဓိကကျတဲ့ အကြောင်းရင်းမြစ်လေးရပ်ကို ဖော်ထုတ်ပြခဲ့ပါတယ်။

★ နိုင်ငံပိုင်၊ အစိုးရပိုင်စက်မှုစီးပွားကဏ္ဍများဟာ နိုင်ငံတော်ရဲ့ အရင်းအမြစ်များ အဓိကယိုစီးဆုံးရှုံးရာနေရာဖြစ်နေခြင်း။ ဤကဏ္ဍအများစုကလည်း မြန်မာ့စီးပွားရေးမှာ လက်ဝါးကြီးအုပ် နေရာယူနေခြင်း။

★ စစ်သုံးစားရိတ်ဟာ နိုင်ငံတော်ဝင်ငွေ၊ ထုတ်ကုန်များနှင့် နှိုင်းစာလျှင်

စာမျက်နှာ(၃)ကော်လံ(၃)သို့ ❍

## ယနေ့ အပစ်အခတ်ရပ်စဲထားသည်မှာ မီးခဲပြာဖုံးသည်ထက် ဆိုးပါသည်



တတိုင်းပြည်လုံးရှိ လူလူချင်း ရသင့်ရထိုက်သော လွတ်လပ်မှုများ ပါရှိမှသာ လွတ်လပ်ရေးရပြီဟု ဆိုချင်ပါသည်။ လွတ်လပ်ရေးရပြီး တိုင်းသူပြည်သားလူအများသည် လွတ်လပ်သူလွတ်လပ်၊ မလွတ်လပ်သူ မလွတ်လပ် မညီမမျှ ဖြစ်နေသလို လွတ်လပ်ရေးတိုက်ပွဲများဟာ မီးခဲပြာဖုံးဖြစ်နေသလို ဖြစ်နေမှာ သေချာပါသည်။ လွတ်လပ်ရေးရပြီး ဗကပ၊ ကေအဲန်ယူ၊ ပြည်သူ့ရဲဘော်အဖြူများသာမက မွန်၊ ကယား၊ ကချင်၊ ရှမ်း၊ ပဒေါင်၊ ပအို့ဝ်၊ ပလောင် လက်နက်ကိုင်များ တိုးလာခဲ့သည်။ ယနေ့ အပစ်အခတ်ရပ်စဲထားသည်မှာ မီးခဲပြာဖုံးသည်ထက် ဆိုးပါသည်။ တပြည်လုံး လက်နက်ကိုယ်စီနှင့် ဖြစ်နေကြပါပြီ။ မည်သူမျှ မစွန့်လွှတ်လိုကြပါ။ (Military Might)ကြီးကိုသာ တည်ဆောက်နေကြသည်။ စစ်မှန်သောပြည်သူ့လွတ်လပ်ရေးဆီသို့ မျှော်ကြည့်တိုင်း ရင်လေးမိပါသည်။ **“ဤမျှ မကြုံစဖူး များပြားလှသည့် လက်နက်ကိုင်တပ်ဖွဲ့များသည် ရှေ့တွင် မည်သို့သော စေတနာမှန်ဖြင့် တပြည်လုံးရှိ တိုင်းရင်းသားပြည်သူများကို လက်တွေ့အမှန် တကယ်မည်သို့ အကျိုးပြုကြမည်ကို တပြည်လုံးရှိ တိုင်းရင်းသားပြည်သူများက မျှော်ကြည့်နေကြပါသည်”**။ အားတက် ဖွယ်ရာ ဘာတခုမှ မမြင်ရပါ။

**ဦးလွင်**
**အတွင်းရေးမှူး**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

# ဒုတိယ လွတ်လပ်ရေးတိုက်ပွဲ

ယနေ့(၄–၁–၂၀၀၀)သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ (၅၂)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်ပါသည်။ ဗြိတိသျှကိုလိုနီအဖြစ် နှစ်ပေါင်းများစွာနေခဲ့ရပြီး ၁၉၄၈ ခု၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် လွတ်လပ်သော အချုပ်အချာအာဏာပိုင်အဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ သို့သော် လွတ်လပ်ရေးကြီးကို လွယ်လွယ်နှင့် ပြန်လည်ရရှိခဲ့ခြင်း မဟုတ်ပေ။ အသက်သွေးပေါင်းများစွာ ရင်းနှီးခဲ့ရပြီး နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ရခြင်းဖြစ်သည်။

ဗြိတိသျှတို့သည် ၁၈၂၄ တွင် ပထမအကြိမ်၊ ၁၈၅၂ တွင် ဒုတိယအကြိမ်နှင့် ၁၈၈၅ တွင် တတိယအကြိမ် ကျူးကျော်တိုက်ခိုက်ခဲ့ပြီး မြန်မာတနိုင်ငံလုံးကို သိမ်းပိုက်ခဲ့သည်။ မြန်မာတနိုင်ငံလုံး မြန်မာတမျိုးသားလုံး သူ့ကျွန်ဘဝ ရောက်ရှိခဲ့သည်။

မြန်မာတို့သည် ဗြိတိသျှတို့အား အလွယ်တကူ အညံ့ခံ အရှုံးပေးခဲ့ခြင်းကား မဟုတ်ပေ။ ရှမ်း၊ ကချင်၊ ကရင်၊ မွန်၊ ဗမာ၊ ရခိုင်၊ တိုင်းရင်းသားညီအစ်ကိုတို့သည် ရရာလက်နက်စွဲကိုင်၍ ခုခံတော်လှန်ကြသည်၊ သို့သော်လည်း လက်နက်အင်အား၊ လူအင်အားခြင်း မမျှသည့်အပြင် တော်လှန်ရေးအင်အားစုများအချင်းချင်းစုစည်းကာ စနစ်တကျ ခုခံခဲ့ခြင်း မရှိသည့်အတွက် အောင်မြင်မှု မရရှိခဲ့ပေ။

မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးလှုပ်ရှားမှုတို့သည် ခေတ္တမျှ ငုပ်လျှိုးသွားခဲ့သော်လည်း ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်များ ပြန်လည်နိုးကြားတက်ကြွလာခဲ့သည်၊ ၁၉၂၀ ပထမကျောင်းသားသပိတ် ဆရာစံဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံ ၁၉၃၆ ခု ဒုတိယကျောင်းသားသပိတ်(၁၃၀၀ ပြည့် အရေးတော်ပုံကြီးနှင့် တတိယကျောင်းသားသပိတ်၊ ဖက်ဆစ်တော်လှန်ရေးတို့သည် လွတ်လပ်ရေးကြီးဆီသို့ ဦးတည်သည့် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားအင်အားစုများကို မွေးဖွားပေးခဲ့သည်။ သခင်အောင်ဆန်း၊ သခင်နု၊ သခင်ဗဟိန်း၊ သခင်သန်းထွန်း စသော လွတ်လပ်ရေးတိုက်ပွဲဝင် မျိုးဆက်သစ်ကျောင်းသားလူငယ်ခေါင်းဆောင်များ ထွက်ပေါ်လာခဲ့သည်။

နောက်ဆုံးတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ အဖွဲ့ကြီး၏ ဇွဲ၊ ဝီရိယ၊ သတ္တိ အပြည့်အဝနှင့် ဦးဆောင်ကြိုးပမ်းမှုကြောင့် မြန်မာ့လွတ်လပ်ရေးကြီး ရရှိခဲ့ပါသည်။ ၁၉၄၇ ဇန်နဝါရီလတွင်၊ အောင်ဆန်းအက်တလီစာချုပ်ဖြင့် တနှစ်အတွင်း လွတ်လပ်ရေးရမည်ဟု အာမခံနိုင်ခဲ့



သည်။ ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းပင် ဦးဆောင်၍ ၁၉၄၇ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ပင်လုံစာချုပ်ချုပ်ဆိုပြီး တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့ပြန်သည်။ ဤသို့ဖြင့် ၁၉၄၈ ခု ဇန်နဝါရီလ(၄)ရက်နေ့တွင် လွတ်လပ်ရေးကြီး ရရှိခဲ့ပါသည်။

“မြန်မာနိုင်ငံ လွတ်လပ်ခဲ့ပေပြီ”

လွတ်လပ်ရေးဟုဆိုရာတွင် နိုင်ငံရော လူမျိုးပါ လွတ်လပ်ရန် အရေးကြီးလှသည်။ “တိုင်းပြည်လွတ်လပ်တယ်ဆိုတာက နိုင်ငံကတော့ လွတ်လပ်တယ်၊ လူမျိုးကတော့ မလွတ်လပ်ဘူး၊ ပြောချင်တာမပြောရဘူး၊ တရားသဖြင့် သူထင်မြင်တာ မပြောရ၊ ရေးချင်တာ မရေးရ၊ လုပ်ချင်တာ မလုပ်ရ၊ အဲ့ဒါမျိုးဟာ ဂျပန်ခေတ်တုန်းက ခံခဲ့ရတယ်။ အဲ့ဒီလွတ်လပ်ရေးမျိုးဟာ ပါးစပ်ပိတ်၊ ကြောက်လန့်ပြီးတော့ အမြဲတမ်းနေရတဲ့ လွတ်လပ်ရေးဖြစ်တယ်။



ခေါင်းမိုးထားတဲ့ လွတ်လပ်ရေးပဲ၊ တိုင်းသူပြည်သားတွေ မလွတ်လပ်ဘူး ....” (၂၃–၁–၄၆)ဟု ဗိုလ်ချုပ်အောင်ဆန်းက မိန့်ကြားခဲ့ဖူးပါသည်။

မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ခဲ့သည်မှာ (၅၂)နှစ်ပင် ရှိခဲ့ပေပြီ။ သို့သော် ယနေ့ မြန်မာပြည်သူတို့သည် လွတ်လပ်ခြင်းမရှိပဲ ခေါင်းမိုးထားသော လွတ်လပ်ရေးအောက်တွင် နေထိုင်နေကြရသည်။ ပြည်သူများသည် ဖက်ဆစ်စနစ်ကဲ့သို့သော အုပ်ချုပ်မှုအောက်တွင် မတရားဖိနှိပ်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို နေ့စဉ်နှင့်အမျှ ကြုံတွေ့ခံစားနေကြရဆဲဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် အဖွဲ့ချုပ်က ကိုယ်စားလှယ်နေရာ ၈၂ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့သည်။ ပြည်သူလူထုက ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တာဝန်ပေးအပ်လိုက်ခြင်းဖြစ်သည်။ သို့သော် ပြည်သူတို့၏ စစ်မှန်သော ဆန္ဒ၊ တောင့်တလျက်ရှိသောဒီမိုကရေစီရေးကို နအဖ (နဝတ) စစ်အစိုးရသည် မျက်ကွယ်ပြုလျစ်လျူရှုထားဆဲဖြစ်သည်။

ထို့ကြောင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဖြစ်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပြည်သူတရပ်လုံး ညီညွတ်စွာ လက်တွဲ၍ လူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် “ဒုတိယ လွတ်လပ်ရေးတိုက်ပွဲကြီး”ကို ဆင်နွှဲကြရန် တိုက်တွန်းလိုက်ပါသည်။

❖

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ဖမ်းဆီးထားသည်မှာ တစ်နှစ်ကျော်ပြီ နအဖ စစ်အုပ်စုမှ ဆွေးနွေးနေသည်ဟု လိမ်လည်အကြောင်းပြ

လွတ်လပ်၍ တရားမျှတသည်ဟု ဆိုသော နအဖ မှ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လူမျိုးစုံ ပြည်သူလူထုတို့၏ သဘောဆန္ဒအရ ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား နအဖ စစ်အုပ်စုမှ မတရား ဥပဒေမဲ့ ထိန်းသိမ်းချုပ်နှောင် ဖမ်းဆီးထားသည်မှာ (၁)နှစ်ကျော်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးထားသော်လည်း မည်သည့် တရားဥပဒေပုဒ်မတို့အား ကျူးလွန်သည့်အတွက် ယခုကဲ့သို့ဖမ်းဆီးချုပ်နှောင်ထားကြောင်း နအဖ စစ်အုပ်စုမှ လူသိထင်ရှား ထုတ်ဖော်ကြေညာခြင်းလည်း မရှိဟု သိရပြီး ထိုသို့ထုတ်ပြန်ကြေညာပေးရန်လည်း ကိုယ့်ရှူးကိုယ်ပတ် ဖြစ်နေကြောင်း တချို့က ဆိုကြသည်။

“ဧည့်ရိပ်သာများတွင် ထားရှိ၍ ဆွေးနွေးနေသည်”ဟူသော လိမ်လည်လှည့်ဖျား ညံ့ဖျင်းယုတ်ညံ့သောကြေညာချက်ကို ထုတ်ပြန်နေသော်လည်း အမှန်တကယ်တွင်မူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား စစ်တပ်စခန်းအသီးသီးတွင် အနေအထိုင် အစားအသောက် မှစ၍ ချို့တဲ့စွာဖြင့် ဖမ်းဆီးချုပ်နှောင်ထားခြင်းဖြစ်ကြောင်း၊ ဆွေးနွေးနေသည်ဆိုခြင်းမှာလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နှုတ်ထွက်စေရန် အတင်းအဓမ္မ ဖိအားပေး နှိပ်စက်တိုက်တွန်းနေခြင်းသာ ဖြစ်သည်ဟု ဆိုသည်။

ထို့အပြင် ဖမ်းဆီးချုပ်နှောင် ခံထားရသော ကိုယ်စားလှယ်များနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များသာမက မိသားစုဆွေမျိုးသားချင်းတို့ကိုပါ မတရားသဖြင့် အတင်းအဓမ္မ ဖိအားပေးနေကြောင်း၊ အချို့ကိုယ်စားလှယ်များကိုမူ လာဘ်လာဘဖြင့် မြူဆွယ်၍ စီးပွားရေးအတွက် လူမှုရေးအတွက် အဆင်ပြေအောင် မည်သို့မည်ပုံ ဆောင်ရွက်ပေးမည် ဆိုသော နှုတ်စကားများအား သုံးကာ နှုတ်ထွက်ခိုင်းကြောင်း၊ အထောက်အထားတခုမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးအား စစ်ထောက်လှမ်းရေးမှ ဗိုလ်ကြီးထွန်းကျော်ဆိုသူက သွားရောက်တွေ့ဆုံကာ အထက်ပါအတိုင်း ပြောဆို မြူဆွယ်ခဲ့ခြင်း ရှိခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ဒီမိုကရေစီလှုပ်ရှားတက်ကြွသူများသည် ယုံကြည်ခံယူချက် အပြည့်အဝဖြင့် မိမိတိုင်းပြည်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းအား နအဖ စစ်အုပ်စုမှ လျစ်လျူရှု မသိကျိုးကျွံပြုပြီး ယခုကဲ့သို့ မည်သည့်ဥပဒေနှင့်မှ ညီညွတ်ခြင်း မရှိသော လုပ်ရပ်များကို ကျူးလွန်နေခြင်းဖြစ်ကြောင်း လူထုအတွင်း ဝေဖန်ပြောဆိုနေကြပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ မတရားဖမ်းဆီးချုပ်နှောင်ထားခြင်းကို ကာလရှည်ကြာစွာ ခံစားနေရသောကြောင့်လည်းကောင်း၊ နေထိုင်စားသောက်ရေး ညံ့ဖျင်းသောကြောင့်လည်းကောင်း၊ ကျန်းမာရေးအခြေအနေများ ကျဆင်းလာသည်ဟု သိရသည့်အပြင် ဆေးကုသပေးခြင်း မပြုဘဲ ကျန်းမာရေးအခြေအနေ အလွန်ဆိုးဝါးပြီး အသက်အန္တရာယ်စိုးရိမ်ရသော အချိန်ရောက်မှ နအဖ စစ်အုပ်စုက ပြန်လွှတ်ပေးသဖြင့် လုံးဝဥဿုံ လူသားချင်းစာနာမှု ကင်းမဲ့ကြောင်းလည်း လူထုအတွင်းပြောဆိုနေကြသည်ဟု သိရသည်၊

လူမျိုးစုံ ပြည်သူလူထုက မိမိတို့၏ သဘောထားအတွက် ရွေးကောက်တင်မြှောက်ခဲ့သော ဂုဏ်သရေရှိပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား နအဖ စစ်အုပ်စုမှ အာဃာတကြီးစွာဖြင့် ယခုကဲ့သို့ ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ အမြန်ဆုံး လွှတ်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားဒီမိုကရေစီအင်အားစုများက အလေးအနက် တောင်းဆိုနေကြကြောင်း သတင်းရရှိပါသည်။ ❖



**စားရိတ်စကကြီးမားစွာ၊ ခွေရုံသင်းပင်းများစွာဖြင့် တက္ကသိုလ်ဖွင့်ပွဲပြုလုပ်ခဲ့သော၊ ပညာရေးကော်မတီဥက္ကဋ္ဌကြီး တက္ကသိုလ်ကျောင်းများဖွင့်ဖို့ မေ့နေပြီ**

### ○ တို့ခေတ်ရောက်မှ

ကြီးမြင့်နေခြင်း။

★ လူထုအုပ်ချုပ်ရေးကဏ္ဍများသည် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို လျစ်လျူရှုထားပြီး၊ ရိုးသားပွင့်လင်းမှု၊ အစီရင်ခံမှု၊ ဝေဖန်ပြုပြင်နိုင်ခွင့် မရှိခြင်း။

★ ပေါ်လစီမူဝါဒ ချမှတ်မှု အထွေထွေသည် စိတ်ကူးတည့်ရာ၊ ရေပွက်ရာ ငါးစာချမူဝါဒများ ဖြစ်နေခြင်းကြောင့်ဖြစ်သည်”လို့ ဖော်ပြခဲ့ပါတယ်။

## အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ထုတ်ဝေသော ‘ဖတ်စရာ မှတ်စရာ’ စာစောင်မှကူးယူဖော်ပြပါသည်

ကျနော်တို့ နှစ်တရာကျော်က အတိတ်သမိုင်းကို ပြန်ကြည့်မိပါတယ်။ မြန်မာနိုင်ငံဟာ ၁၈၈၅ မှာ အင်္ဂလိပ်ကိုလိုနီဘဝကို ကျရောက်ပြီး သူ့ကျွန်ဘဝ ရောက်ခဲ့ရပါတယ်။ ဒီနှစ်တရာမှာ ၁၉၀၀ ကနေ ၁၉၄၈ နှစ်အထိ (၄၈) နှစ်က အင်္ဂလိပ်ကျွန်ဘဝ နေခဲ့ရပါတယ်။

၁၉၄၈ မှာ လွတ်လပ်ရေး ရပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့တာ (၅၁)နှစ်ကျော်ပြီ ဖြစ်ပါတယ်။ ထိုနှစ်များအတွင်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့မှ ၁၉၅၈ ခုနှစ် အောက်တိုဘာလ (၂၈)ရက်နေ့အထိ (၁၀ နှစ်နဲ့ ၉လ)၊ ၁၉၆၀ ခုနှစ် ဧပြီလ (၅)ရက်နေ့မှ ၁၉၆၂ ခုနှစ် မတ်လ(၁) ရက်နေ့အထိ (၁ နှစ်နဲ့ ၁၁လ) စုစုပေါင်း(၁၂ နှစ်နဲ့ ၈ လ)သာ အရပ်သားအစိုးရ တက်ခဲ့ပြီး ကျန်(၃၉ နှစ်ကျော်ကာလ)မှာ စစ်တပ်မှ တိုက်ရိုက်အုပ်ချုပ်သောကာလများနဲ့ စစ်တပ်အုပ်ချုပ်ရေးအောက်၌ သွယ်ဝိုက်၍ အုပ်ချုပ်ခံရသော ဆိုရှယ်လစ်ခေတ်ကာလများ၊ တနည်း ကိုယ့်အမျိုးသားအချင်းချင်း ကျွန်ပြုတဲ့ စစ်ကျွန်ဘဝ ပြန်ရောက်နေရပါတယ်။ နှစ်တရာမှာ ကျွန်ဘဝ (၇၇)နှစ် ကြာနေခဲ့ရပါပြီ။

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနဲ့ ဒီမိုကရေစီရေး မျှော်မှန်းတိုက်ပွဲဝင်ခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့အာဇာနည်သူရဲကောင်း ဘိုးဘွားတွေကတော့ ဒီလိုဘဝကို အိပ်မက်မျှော်ကိုး တိုက်ပွဲဝင်ခဲ့ကြတာ မဟုတ်ပါဘူး။ မြန်မာပြည်ရဲ့ အမှောင်လွှမ်းသော ကာလ၊ လွတ်လပ်ရေးဆိတ်သုဉ်းသော ကာလ၊ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတခု စိတ်ကူးမျှော်မှန်းခဲ့ကြမှာတောင် မဟုတ်ပါဘူး။ အမျိုးသားအချင်းချင်း သွေးကွဲမှုနဲ့ တိုင်းရင်းသားတို့၏ အခွင့်အရေးများ ဆုံးရှုံးနေရ၊ အချင်းချင်းသတ်ဖြတ်နေရတဲ့ ပြည်တွင်းစစ်ကြီး တောက်လောင်နေပုံကို စဉ်းစားခဲ့ကြမှာတောင် မဟုတ်ပါဘူး။ ကြောက်ရွံ့မှု၊ ပိတ်ဆို့မှုအောက်မှာ ရှင်သန်ကြရသော မျိုးဆက်တွေ အမွေထားခဲ့ပြီး ကျနော်တို့ ကြီးပြင်းလာတာကို မြင်လိုကြမှာ မဟုတ်ပါဘူး။ ကျနော်တို့ သားမြေးတွေကိုလည်း လာမယ့် သက္ကရာဇ်(၂၀၀၀)ပြည့်လို့ ထောင်စုနှစ်သစ်ဟိုဘက်မှာ ဒီလိုအမွေ ပေးထားခဲ့ကြမှာလား။ ကျနော်တို့လူငယ်တွေကို မေးခွန်းတွေ ထုတ်နေမိပါတော့တယ်။ ❖

**ဒီ မို က ရေ စီ ဝါ ဒ သာ လျှင် လွတ် လပ် ရေး နှင့် ဆီ လျော် တယ်          (ဗိုလ်ချုပ်အောင်ဆန်း)**

# သက္ကရာဇ်(၂၀၀၀)ပြည့်နှစ်ကို ကြိုဆိုလျက် (၅၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဗိုလ်မှူးအောင်နှင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၏ ပန်ကြားလွှာ

၁။ ၁၉၉၉ ခုနှစ် ကုန်လွန်ခဲ့ပြီး ထောင်စုနှစ်သစ်သို့ ရောက်ရှိခဲ့သည့် သက္ကရာဇ်နှစ်ထောင်ပြည့်နှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းသည် (၅၂)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ဤသို့သောနေ့ထူးနေ့မြတ်၊ ကြုံတောင့်ကြုံခဲအခါကာလတွင် ကျွန်ုပ်တို့ နိုင်ငံရေးဝါရင့်သက်ကြီးပုဂ္ဂိုလ်များက ရဟန်းရှင်လူ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ သွေးချင်းသားချင်း တိုင်းရင်းသားလူမျိုးစုအပေါင်းတို့အားလည်းကောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ အခြားသော နိုင်ငံရေးအင်အားစုများအားလည်းကောင်း၊ အထူးတလည် လေးစားစွာ ပန်ကြားအပ်ပါသည်။

၂။ မြန်မာပြည်သူတို့သည် ၁၈၂၄ ခုနှစ်တွင် စတင်ဆုံးရှုံးခဲ့ရသော အမျိုးသားလွတ်လပ်ရေးကို ပြန်လည်ရှင်သန်စေရန် ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်း ၁၂၄ နှစ်လုံး အသက်သွေးများ စတေး၍ တိုက်ပွဲဝင်ခဲ့ကြပါသည်။ နယ်ချဲ့နှင့် ဖက်ဆစ်တော်လှန်ရေး အရှိန်အဟုန်နှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုဖြင့် အမျိုးသားသွေးစည်းညီညွတ်ရေးကို နိုင်ငံတဝှမ်း ပိုမိုကျယ်ပြန့် ခိုင်မာစေရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဗြိတိသျှနယ်ချဲ့သမားတို့၏ ကိုလိုနီအုပ်စိုးမှုအောက်မှ လွတ်လပ်သော အချုပ်အချာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ထည်ဝါစွာ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

၃။ လွတ်လပ်ရေးနှင့် မရှေးမနှောင်းပင် လွတ်လပ်ရေးအတွက် ညီညွတ်စွာ ဆောင်ရွက်ခဲ့ကြသည့် ပါတီအဖွဲ့အစည်းများနှင့် လူမျိုးစုအတွင်း နိုင်ငံရေး၊ ဝါဒအရ ကွဲလွဲမှုများကို အခြေခံ၍ လက်နက်ကိုင်တိုက်ခိုက်မှု ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရသည်အထိ ပဋိပက္ခများ ကြီးထွားခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားညီညွတ်ရေးတို့ မှေးမှိန်ခဲ့ရပါသည်။

၄။ ထို့ပြင် သယံဇာတပစ္စည်းများ ကြွယ်ဝသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ၁၉၆၂ ခုနှစ် မတိုင်မီက အရှေ့တောင်အာရှတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရ ထိပ်တန်းနေရာတွင် ရှိနေခဲ့သော်လည်း တပ်မတော်က အာဏာသိမ်းခဲ့ပြီး ကျင့်သုံးအကောင်အထည်ဖော်ခဲ့သော စီးပွားရေးလုပ်ဆောင်ချက်များ မှားယွင်းမှု အုပ်ချုပ်ရေးတွင် အမိန့်ပေး၊ အမိန့်ခံ ဗျူရိုကရေစီနည်းကိုသာ အလေးပေး ကျင့်သုံးခဲ့မှုတို့ကြောင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးများ မအောင်မမြင် ဖြစ်ခဲ့ရပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံး (အယ်လ်ဒီစီ)နိုင်ငံအဖြစ် အောက်တန်းအကျဆုံး နိုင်ငံတနိုင်ငံအဖြစ်သို့ ကျရောက်ခဲ့ရပါသည်။ ဤအချက်များနှင့် စပ်လျဉ်း၍ သမ္မတဟောင်း ဒေါက်တာမောင်မောင်၏ တရားဝင် နောက်ဆုံးမိန့်ခွန်းတွင် မှန်ကန်စွာ သုံးသပ်ဖော်ပြခဲ့ပါသည်။

၅။ ၁၉၈၈ ခုနှစ်တွင် အာဏာကို ရယူခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့(တပ်မတော်)သည် ၁၉၉၀ ပြည့်နှစ်တွင် အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့ပါသည်။ နိုင်ငံတကာရေးရာ သမိုင်းကြောင်းအရလည်းကောင်း၊ ပြည်တွင်း တည်ဆဲရွေးကောက်ပွဲဥပဒေအရလည်းကောင်း၊ အထွေထွေရွေးကောက်ပွဲကြီးများ ပြီးလျှင် ပါလီမန်(ပြည်သူ့လွှတ်တော်) ခေါ်ပေးရမြဲ ဖြစ်ပါသော်လည်း၊ နိုင်ငံတော်အကြီးအကဲများကလည်း ကတိကဝတ် ပြုထားပြီးဖြစ်ပါသော်လည်း ပြည်သူ့လွှတ်တော်ကို ခေါ်ဆိုနိုင်ခြင်း မရှိသည်ကို အကြောင်းပြု၍ နိုင်ငံရေး မပြေလည်မှုများ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လျက်ရှိနေပါသည်။

၆။ ယနေ့အချိန်အခါတွင် လက်နက်ကိုင်တိုက်ခိုက်မှု ပဋိပက္ခ လျော့ပါးသွားသော်လည်း အမျိုးသား ပြန်လည်သင့်မြတ်ရေးမှသည် အမျိုးသားသွေးစည်းညီညွတ်ရေးကို နိုင်ငံရေးအရ ပြေလည်စွာ ညှိနှိုင်းဆွေးနွေးမှုနည်းဖြင့် မတည်ဆောက်နိုင်ကြသေးသဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့်၊ လူမှုရေး မတည်ငြိမ်မှုများ အခက်အခဲအကျပ်အတည်းများ ဖြစ်ပေါ်နေပါသည်။ ပြည်သူလူထုများမှာလည်း မကြုံစဖူး စားဝတ်နေရေး အကျပ်အတည်းများကို ရင်ဆိုင်နေကြရသည့်အပြင် အမျိုးသားစာရိတ္တ မကျိုင်လည်း ယိုယွင်းကျူးပေါက်လျက် ရှိနေပါသည်။ တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဟန့်တားလျက် ရှိနေပါသည်။

၇။ ဤအခြေအနေများကို ကျော်လွှား၍ ငြိမ်းချမ်းသာယာ၍ ဒီမိုကရေစီကျသော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်သော၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်ပေါ်လာစေရန်မှာ တဦးတယောက် တဖွဲ့တည်းဖြင့် ဆောင်ရွက်၍ မရပဲ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ပဏာမ ဆောင်ရွက်ကြပြီး အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်မှသာ ဖြစ်ကြောင်း ရိုးသားစွာ ယုံကြည်ကြသဖြင့် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ကြသော ကျွန်ုပ်တို့သည် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ (၂၄)ရက်နေ့မှစ၍ အစဉ်တစိုက် အကြိမ်ကြိမ် အဖန်ဖန် တိုက်တွန်းပန်ကြားခဲ့ပါသည်။

၈။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပထမဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် အာဃာတမထားပဲ တွေ့ဆုံဆွေးနွေး ညှိနှိုင်းကြလျက် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များနှင့်ပါ ထပ်မံတွေ့ဆုံ ညှိနှိုင်းကြရန် တိုက်တွန်းခဲ့သည့် ကျွန်ုပ်တို့၏ ပန်ကြားချက်များသည် ရိုးစင်း၍ ထပ်တလဲလဲဖြစ်နေပြီဟု ယူဆနိုင်ပါသော်လည်း တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် တခုတည်းသော ထွက်ရပ်လမ်းဟု ယုံကြည်ပါသဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်သည်အထိ ဆက်လက် မေတ္တာရပ်ခံ တိုက်တွန်းသွားကြမည်သာ ဖြစ်ပါသည်။

၉။ ယခုအခါ တိုင်းပြည်၏ နေရောင် လရောင်သဖွယ်ဖြစ်သော မြတ်စွာဘုရား၏ သားတော် ဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော်ဩဝါဒစရိယ ပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓါနဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမဇောတိက ဘဒ္ဒန္တဇောတိပါလ ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃာ့ဝန်ဆောင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ ဆရာတော်ကြီးတို့၏ မေတ္တာရပ်ခံ ပန်ကြားချက်များဖြစ်ကြသည့် ကောလိယနှင့် ကပိလဝတ် ပြည်သူပြည်သားတို့ စိုက်ပျိုးရေးအတွက် ရောဟိဏီမြစ်ရေ ခွဲဝေသုံးစွဲရေးနှင့် စပ်လျဉ်း၍ စစ်ပြိုင်တိုက်ခိုက်ကြမည့် အခြေအနေကို မေတ္တာတော်ဖြင့် တားဆီးခဲ့သည့် ဗုဒ္ဓလမ်းစဉ် ဆောင်ရွက်ချက်နှင့် ကိုက်ညီသဖြင့် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော ကျွန်ုပ်တို့ လှိုက်လှဲဝမ်းမြောက်စွာ သာဓုခေါ် ကြိုဆိုထောက်ခံအပ်ပါသည်။

၁၀။ လွတ်လပ်ရေး အခွန့်ရှည်တည်တံ့ ခိုင်မြဲရေးအတွက် လည်းကောင်း၊ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် နှစ်ဦးတွင် ငြိမ်းချမ်းသာယာ၍ ဒီမိုကရေစီကျသော စည်ပင်သာယာဝပြော ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေးအတွက် လည်းကောင်း၊ ညီရင်းအစ်ကို မောင်ရင်းနှမ၊ စိတ်ဓာတ်ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် မည်သည့်နိုင်ငံရေး၊ ပုဂ္ဂိုလ်ရေးအာဃာတမျိုးမှ မထားပဲ ယခုလို ရဟန်းရှင်လူပြည်သူတို့ ရင်တမမဖြင့် အချိန်နှောင်းခံရတော့မည်လောဟု စိုးရိမ်ပူပန်နေဆဲအချိန်တွင် အမြန်ဆုံး အမျိုးသားချင်း ညှိနှိုင်းဆွေးနွေး ဖြေရှင်းကြပါဟု ကျက်သရေမင်္ဂလာအပေါင်း ခညောင်းပြည့်စုံသည့် သက္ကရာဇ်နှစ်ထောင်ပြည့်နှစ်၊ (၅၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကျွန်ုပ်တို့ သက်ကြီးဝါကြီး ပုဂ္ဂိုလ်အပေါင်းတို့က မျှော်လင့်ချက်ကြီးစွာ ထား၍ ပန်ကြားအပ်ပါသည်။ ဤသို့ မွန်မြတ်လှသော အမျိုးသား ပြန်လည်သွေးစည်းညီညွတ်ရေးအတွက် လက်တွေ့လုပ်ဆောင်ကြခြင်းသည်သာ စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် အစစ်အမှန် ဖြစ်ပါကြောင်း ထပ်လောင်း နှိုးဆော်အပ်ပါသည်။

၁၁။ ဗုဒ္ဓ၏ နိပါတ်တော်တွင် ဘုရားလောင်း ဖုံမင်းသည် လောင်ကျွမ်းလာသော မီးဘေးအန္တရာယ် တားဆီးကာကွယ်ရန်အတွက် မှန်ကန်သော သစ္စာစကားဆိုခြင်းဖြင့် အောင်မြင်စွာ တားဆီးခဲ့သော ထုံးကို နှလုံးမူ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနာဂါတ် ငြိမ်းချမ်းသာယာရေးနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် လည်းကောင်း၊ မကောင်းသောအနိဋ္ဌာ ဘေးရန်အန္တရာယ်များမှ တားဆီးကင်းဝေးစေရန်အတွက်လည်းကောင်း၊ ကျွန်ုပ်တို့ နိုင်ငံရေးဝါရင့်သက်ကြီးပုဂ္ဂိုလ်များက အောက်ပါအတိုင်း မှန်ကန်သော သစ္စာစကားကို ရွတ်ဆို တိုင်တည်လိုက်ပါသည်။

"ယနေ့ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ကျပ်တည်းမှု ဒုက္ခအခက်အခဲများကို အောင်မြင်စွာ ကျော်လွှား ဖြေရှင်းနိုင်ရန် တခုတည်းသော နည်းလမ်းမှာ (ဝါ) ထွက်ရပ်လမ်းမှာ အမျိုးသားချင်း ပြန်လည်သင့်မြတ်ရေးကို အခြေခံသည့် အမျိုးသားချင်း တွေ့ဆုံဆွေးနွေး ဖြေရှင်းရေးနည်းလမ်းဖြင့် အမျိုးသားသွေးစည်းညီညွတ်မှု ထူထောင်ရေးသည် မရှိမဖြစ်လိုအပ်သော အဓိက သစ္စာတရား ဖြစ်ပါသည်။ ထိုသစ္စာတရားကြီး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် မည်သည့် ကိုယ်ကျိုးစီးပွားကိုမျှ မမျှော်လင့်ပဲ ရိုးသားတည်ကြည်စွာဖြင့် အမျိုးသားချင်း တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်ရန်အလို့ငှာ နိုင်ငံနှင့် ပြည်သူ့အကျိုး ရှေ့ရှုလျက် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဤမှန်ကန်သော သစ္စာစကားကို အကျွန်ုပ်တို့ ရွတ်ဆိုတိုင်တည်ရသည့်အတွက် အမျိုးသားချင်း တွေ့ဆုံဆွေးနွေး ဖြေရှင်းပွဲကြီး အောင်မြင်စွာ ထွန်းပေါ်ပါစေသတည်း။

❖

**သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်။**
**ဇန်နဝါရီလ (၄)ရက်၊**

**ဗိုလ်မှူး အောင်**
**နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ ကိုယ်စား**

**နှစ်ကိုယ့်တစ်စိတ်**



**အပစ်အခတ် ရပ်စဲရုံမျှဖြင့်**
**စစ်မှန်သောငြိမ်းချမ်းရေး မရရှိနိုင်သေးပေ**

# ကရင်အမျိုးသားအစည်းအရုံး (၁၂)ကြိမ်မြောက် ကွန်ဂရက် အောင်မြင်စွာ ကျင်းပပြီးစီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး နိုင်ငံရေးဦးတည်ချက်ဖြစ် အနှစ်သာရရှိသည့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် နအဖ စစ်အုပ်စုအား တိုက်တွန်း




ကေအဲန်ယူ(၁၂)ကြိမ်မြောက် ကွန်ဂရက်မှ ရွေးကောက်တင်မြှောက်လိုက်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့

**ဝဲမှယာ**

**ပဒိုမန်းငြိမ်းမောင်၊ ဗိုလ်မှူးရောဂျာ၊ ဗိုလ်မှူးချုပ်ကစယ်ဒို၊ ပဒိုစောဘသင်(ဥက္ကဋ္ဌ)၊ ဗိုလ်ချုပ်ကြီးစောဘိုမြ(ဒုဥက္ကဋ္ဌ)၊ ပဒိုမန်းရှာလားဖန်း (အထွေထွေအတွင်းရေးမှူး)၊ စောဒေးဗစ်သာကပေါ(တွဲဘက်အထွေထွေအတွင်းရေးမှူး–၂)၊ ဗိုလ်မှူးကြီးစောထူးထူးလေး (တွဲဘက်အထွေထွေအတွင်းရေးမှူး–၁)**

**ဓာတ်ပုံတွင် မပါဝင်သူများ॥ ॥ ဗိုလ်ချုပ်ရွှေဆိုင်၊ ဗိုလ်မှူးကြီးတာမလာဘော၊ စောဒေးဗစ်ထော**

ကရင်အမျိုးသားအစည်းအရုံး၏ (၁၂)ကြိမ်မြောက် ကွန်ဂရက်အား သက္ကရာဇ်(၂၀၀၀)ပြည့်နှစ်၊ ဇန်နဝါရီလ(၁၀) ရက်နေ့မှ (၂၆)ရက်နေ့အထိ ကရင့်တော်လှန်ရေး၏ အခြေခံဒေသတနေရာတွင် ကျင်းပခဲ့ရာ ကိုယ်စားလှယ်ပေါင်း (၁၀၄)ဦးနှင့် လေ့လာသူ(၃၅)ဦးတို့ တက်ရောက်ခဲ့ကြပြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း အဆိုပါ ကွန်ဂရက်၏ ထုတ်ပြန်ကြေညာချက်အရ သိရှိရပါသည်။

ကရင်အမျိုးသားအစည်းအရုံး၏ (၁၂)ကြိမ်မြောက် ကွန်ဂရက်တွင် (၄)နှစ်တာကာလတွင်း ကေအဲန်ယူ၏ လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြပြီး ကရင်တော်လှန်ရေး၏ အခြေခံလမ်းစဉ်ကိုလည်းကောင်း၊ ကေအဲန်ယူ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း သုံးသပ်အတည်ပြုခဲ့ကြသည့်အပြင် လက်ရှိကာလ ပြည်တွင်းပြည်ပအခြေအနေများကို သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ယခုအကြိမ် ပြုလုပ်သော ကရင်အမျိုးသားအစည်းအရုံးကွန်ဂရက်မှ ဗဟိုအမြဲတမ်းကော်မတီဝင်(၃၀)ဦးနှင့် အရံဗဟိုကော်မတီဝင်(၁၅)ဦးတို့ကို ရွေးချယ်တင်မြှောက်ခဲ့ပြီး၊ ဥက္ကဋ္ဌ ပဒိုစောဘသင်၊ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောဘိုမြ၊ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်း၊ တွဲဘက်အထွေထွေအတွင်းရေးမှူး(၁) ဗိုလ်မှူးကြီး စောထူးထူးလေး၊ တွဲဘက်အထွေထွေအတွင်းရေးမှူး(၂) စောဒေးဗစ်သာကပေါတို့အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်(၁၁)ဦးကိုလည်း ရွေးချယ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံးကြီးကို အဘက်ဘက်မှ ခိုင်မာအောင်တည်ဆောက်သွားရန် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)ကို ခိုင်မာအောင် တည်ဆောက်သွားရန်၊ နအဖ ၏ ရက်စက်ကြမ်းကြုတ်သော ထိုးစစ်ကို တိုက်ဖျက်သွားရန်၊ ကရင်အမျိုးသားထုတရပ်လုံး စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်သွားရန်၊ တပ်ပေါင်းစုကို ခိုင်မာအောင် တည်ဆောက်သွားရန် ကရင်အမျိုးသား၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဟူသော နိုင်ငံရေးဦးတည်ချက်ကို စွဲမြဲစွာ ကိုင်ထားရန်၊ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးကို စနစ်တကျ ပိုမိုဆောင်ရွက်သွားရန်၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ဘက်သုံးဘက် တွေ့ဆုံဆွေးနွေးရေးအတွက် ရပ်တည်ကြိုးပမ်းသွားရန် မဟာမိတ်အင်အားစုအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် စသည့်အချက်များကို ဆုံးဖြတ်ဖော်ပြခဲ့သည်ဟု သိရသည်။

ထို့ပြင် ယနေ့ကျင်းပသော (၁၂)ကြိမ်မြောက် ကရင်အမျိုးသားအစည်းအရုံးကွန်ကရက်မှနေ၍ ကရင်အမျိုးသားထု တရပ်လုံး စည်းလုံးညီညွတ်ကြပြီး ကေအဲန်ယူနှင့်အတူ အဓိဋ္ဌာန်ခိုင်မာစွာဖြင့် ဆက်လက်တိုက်ပွဲဝင်သွားကြရန် နှိုးဆော်လိုက်ပြီး နအဖ စစ်အုပ်စုအား ကရင်အမျိုးသားများအပေါ် ရက်စက်စွာ စစ်ဆင်နေခြင်းကို အမြန်ရပ်ဆိုင်း၍ ကေအဲန်ယူနှင့် အနှစ်သာရရှိသည့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် အလေးအနက် တိုက်တွန်းပါကြောင်း အဆိုပါကွန်ကရက်၏ ထုတ်ပြန်ကြေညာချက်ထဲတွင် ဖော်ပြပါရှိပါသည်။ ❖



ကရင်အမျိုးသားအစည်းအရုံး(၁၂)ကြိမ်မြောက် ကွန်ဂရက်ကျင်းပနေစဉ်

# သိလို့ပြောတာ မှတ်ပါ

ရေနက်ကွင်း ဆိုတာ အင်္ဂလိပ်အစိုးရလက်ထက်တုန်းက သေသေချာချာ Survey လုပ်ထားပြီး ဘာမှမစိုက်ပျိုးဘဲနဲ့ဒီနေရာတွေမှာ မိုးတွင်းရေမြုပ်ပစေ၊ရေလွှမ်းပစေ၊ ရေနက်ကွင်းထဲရေဝင်သွားမှကျန်တဲ့ သမရိုးကျလယ်ကောင်းတွေမှာ ရေလွှတ်ပေးနိုင်မယ်ဆိုပြီးထားတာ။

မိုးတွင်းဘက် ဒီရေနက်ကွင်းတွေကို လယ်လုပ်နိုင်အောင် ဟိုနားက တမံတုတ်၊ ဒီနားက ဖို့မယ်ဆိုရင် ရေတွေဟာ လယ်ကောင်းတွေ၊ လူနေရွာတွေကို မြုပ်သွားနိုင်တယ်။ သဘောကတော့ လေပူပေါင်းကို အလယ်က ညှစ်လိုက်ရင် ဘေးနှစ်ဘက်ကိုဖောင်းသွားတယ်၊ ရေရဲ့သဘောကတော့ လေပူပေါင်းလိုပဲ၊ တနေရာက ညှစ်လိုက်၊ ဆို့လိုက်၊ ဖို့လိုက်ရင် တနေရာမှာ လျှံတက်သွားတော့တာပဲ။ ဒါကြောင့် ရေနက်ကွင်းတွေ မိုးတွင်း ရေမြုပ်ချင် မြုပ်ပစေဆိုပြီး လွှတ်ပေးထားတာ။ အင်းပဲလုပ် လယ်လုပ်ရင် ကျန်တဲ့နေရာတွေမှာ အန္တရာယ်ရှိမယ်ဆိုပြီး အင်္ဂလိပ်လက်ထက်က သေသေချာချာ Survey လုပ်ပြီး လွှတ်ပေးထားတာ။

ခု နအဖ စစ်အုပ်စုက ရေနက်ကွင်း ဖော်ထုတ်ရေးဆိုပြီး လုပ်တော့ လယ်ကောင်းတွေ၊ ကျန်တဲ့လူနေအိမ်ခြေရှိတဲ့ ရွာတွေမှာ အန္တရာယ်ဖြစ်လာတော့တာပဲ၊ ပြီးခဲ့တဲ့မိုးတွင်းက ရေကြီးတာမျိုးထက် နောင်နှစ်တွေ ပိုလာရင် အကြီးအကျယ်ကို စိုက်ကွင်းတွေ ဒုက္ခဖြစ်မယ်။ လူတွေ ဒုက္ခဖြစ်မယ်။

အခု နအဖ လုပ်နေတဲ့ ရေနက်ကွင်းစီမံကိန်းဟာ အရင်းအနှီး အင်မတန် ပိုကြီးတယ်။ ဒါပေမယ့် စစ်အုပ်စုက ဒီစိုက်ကွင်းလုပ်တဲ့ သူ့အပေါင်းအပါတွေကို သိန်းပေါင်းထောင်နဲ့ချီပြီး ငွေထုတ်ပေးတယ်။ လုပ်တဲ့လူတွေလည်း ဝုန်းဒိုင်းဆိုပြီး ငွေတွေ အရမ်းကာရော သုံးပစ်လိုက်တယ်။ ဒါပေမယ့် ပြန်ဝင်လာမယ့်ငွေ မရှိဘူး။ အတိုးတွေ အများကြီးတက်၊ ဘယ်လိုမှ မဆပ်နိုင်အောင်ဖြစ်၊ နောက်လုပ်ငန်းပါ ဖရိုဖရဲ ဖြစ်ကိုဖြစ်တော့မှာ။

ပက်(ပ)စီ ဦးသိန်းထွန်းက ပန်းတနော်ရွာနားမှာ ရေနက်ကွင်း စိုက်ကွင်းလုပ်တယ်။ သူတို့က သူတို့ ငွေနဲ့လုပ်တာ၊ ဒီတော့ ပရမ်းပတာမနိုင်ဘူး။ ကျန်တဲ့ဟာတွေအားလုံး မနိုင်မနင်းတွေချည်းပဲ။ ငွေတွေလည်း ရေထဲမျောကုန်ရော။ ပြီးတော့ နအဖ က စီးပွားရေးလုပ်ငန်းရှင်တွေကို အကွက်ထွင်ပေးလိုက်တာ။ အကွက်ထွင်ပေးဆို သူတို့အတွက်လည်း ဝေစုပါသွားပြီးသားလေ။

တိုက်ကြီးမြို့နဲ့ ဥက္ကံကြားမှာ ဥတိုချောင်းသုံးခွလမ်းဆိုတာ ရှိတယ်။ အဲ့ဒီလမ်းဘေးမှာ ရန်ကုန်စည်ပင်သာယာက ရေနက်ကွင်းစပါး စိုက်တယ်။ စီမံကိန်းကေက(၅၀၀)၊ ရင်းနှီးတဲ့ငွေက သိန်း(၅၅၀)။ အဲ့ဒီမှာ မော်တော်ကားတွေ ဘာတွေ အတော်များများသုံးပြီး ရေနက်ကွင်းဖော်ထုတ်ရေး လုပ်တာဆိုတော့ ဝန်ထမ်းတွေနဲ့ အဲ့ဒီပတ်ဝန်းကျင်ကလူတွေ ဟိုဟာ ဒီဟာ အရောင်းအဝယ်နဲ့ အတော်ကို အလုပ်ဖြစ်နေကြတယ်။ ဒါပေမယ့် စိုက်ပျိုးရေး စီမံကိန်းအခြေအနေ ဘယ်လိုလည်းဆိုတော့ "ကျွန်တော်တို့ကတော့ မိုးတွင်းဖြစ်ဖြစ်ဘာဖြစ်ဖြစ်အပေါ်ကစိုက်ခိုင်းရင်စိုက်တာပဲ၊သူ့ဟာသူရေလာလာ မလာလာ....တဲ့။ကြည့်.... နောက်ပိုင်းမြစ်ရေလည်းတောင့်ခံ၊ တောင်ပေါ်ကရေကလည်းကျ၊မိုးကလည်းအရှာမှာရေအိုင်ပြီးမြုပ်ရော။ အကုန်နီးပါးလောက်ရေထဲ မျောသွားရော။ ဆည်မြောင်းအရာရှိတွေလိုပါပဲ၊ ကရော်ကမည်လေးတွေလုပ်ထား၊ နောက် ရေထဲမျောသွားပြီးဆိုရင် အထက်က စစ်လို့မရတော့ဘူးလေ။ ဒီတော့ စာရင်းတွေ အလွန်အကျံ့တင်ပြ၊ မဟုတ်တာတွေရော ဟုတ်တာတွေရော၊ မပါတာတွေရော ပါတာတွေရော လုပ်စားကြတော့တယ်။

ခု စည်ပင်သာယာက ကေ(၅၀၀) ဆိုပေမယ့် (၂၀၀)လောက်ပဲ လုပ်နိုင်သေးတာ။ ဂျီတီအိုင်ကျောင်းဆင်းကလေးမလေး တယောက်ကို တလ တသိန်းပေးပြီး ငှားထားသတဲ့။ အဆောက်အဦးတွေ ထိန်းသိမ်းကြီးကြပ်

**မောင်တောက်**

ဖို့လို့ ဆိုတယ်။ တကယ် တသိန်းပေးပြီး ခန့်ထားရအောင် အဲ့ဒီမှာ ဘာအဆောက်အဦးမှ ဖွံ့ဖြိုးသေးတာ မဟုတ်ဘူး။ မေးကြည့်တော့...."တသိန်းပေးတာ အလုပ်လုပ်ဖို့ ထားတာ မဟုတ်ဘူး၊ ပျော်ဖို့ပါးဖို့ပဲ ဖြစ်ရမယ်" တဲ့။ အဲ့ဒီလိုကို သတင်းထွက်နေတယ်။

တခါ အဲ့ဒီရေနက်ကွင်းထဲမှာ ဘာလုပ်ပြန်သလဲဆိုတော့ ဂေါက်ကွင်းတွေ ဘာတွေ၊ အပန်းဖြေစခန်းတွေ ဆောက်ပြန်တယ်။ ရေမြုပ်တဲ့နေရာမှာ ကွန်ကရစ်တိုင်တွေ ဆောက်ပြီး ဟိုတယ်ဆောက်တယ်။ ကဲ.... အဲ့ဒီဟိုတယ်မှာ ဘယ်သူတွေက ပျော်ပါးနိုင်မလဲ၊ လယ်သမားအလုပ်သမား၊ ဘယ်သူမှ သွားပြီး မပျော်ပါးနိုင်ပါဘူး။ ငွေကို အချောင်ရနေတဲ့ အာဏာပိုင်တွေ ပျော်ပါးဖို့ပဲ မဟုတ်လား။ ပြည်သူ့ဘဏ္ဍာငွေတွေကို သိန်းနဲ့ချီ ထုတ်ပြီးတော့ အာဏာပိုင်နဲ့ အပေါင်းအပါတွေ၊ လက်ဝေခံ စီးပွားရေးသမားတွေ ပျော်ဖို့ပါးဖို့ ဒီရေနက်ကွင်း စီမံကိန်းကို လုပ်နေကြသလိုပါပဲ။

ကြည့်ဦး။ ရေနက်ကွင်းက ထွက်တဲ့ စပါးရဲ့တဝက်ကို နအဖ က Export လုပ်ခွင့်ပြုထားတယ်လေ။ ဒီတော့ ဟိုကောင်တွေကလည်း ဘယ်ခေမလဲ။ စပါးတစေ့မှ မထွက်တောင် အထွက်ပြမှာပဲ။ စာရင်းလိမ်မှာပဲ။ ဘာလုပ်မလဲ လယ်သမားဆီက မရရတဲ့ဈေးနဲ့ ဝယ်ကြမယ်လေ။ ဒီတော့ စပါးဈေးက ခေါင်ခိုက်အောင် တက်ကြတော့မယ်။ ဘာဖြစ်မလဲ၊ စားသုံးသူတွေ အကုန်ဒုက္ခရောက်ကြတော့မှာ ....။

နအဖ နဲ့ ပလဲနံပသင့်သူတွေအားလုံး ဘဏ်ကနေ ငွေထုတ်ပြီး ရေနက်ကွင်းစီမံကိန်း လုပ်ကြတာ။ ဆောက်လုပ်ရေးသမားတွေဆို အကုန်ပါတယ်။ စီးပွားရေးသမားတွေပဲ အရှုံးခံပြီး ဘယ်လုပ်မလဲ။ Export လုပ်ခွင့်ပြုတယ်ဆိုတဲ့အချက်က သူတို့အတွက် အမြတ်ရထားပြီးပြီလေ။

နောက် .... အကျဉ်းဦးစီး ကလည်း ရေနက်ကွင်း လုပ်ပြန်တယ်။ သူက ငွေကို ဘဏ်က ထုတ်၊ လုပ်အားကို ထောင်သားတွေနဲ့ လုပ် ဆိုတော့ အားလုံးလိုလို အလကားရနေသလိုပဲ။

ရောဝတီတိုင်းထဲမှာကျတော့ ရေနက်ကွင်းကို စက်ယန္တရားတွေနဲ့ ဖော်ကြတယ်။ ရေလဲ ကြီးလာရော စက်ယန္တရားသမားတွေက စက်ရော လူရော တက်ပြေးချင်ပြီ၊ ရေကမြုပ်တော့မယ်လေ။ ဒါပေမယ့် "မတက်ရဘူး၊ ဆက်ဖော် ဆက်လုပ်"ဆိုပြီး သေနတ်နဲ့ချိန်ပြီး ခိုင်းတယ်။ နောက်ဆုံး မထိမ်းနိုင် မသိမ်းနိုင်၊ ရေလဲကြီးလာရော စက်တွေ တော်တော်များများ ကွင်းထဲမှာ ရေမြုပ်ပြီး ပျက်စီးကုန်ကြတော့တာပဲ။

ဒီတော့ နအဖ လုပ်နေပုံကိုကြည့်၊ တိုင်းပြည်ဘဏ္ဍာငွေကို အပေါင်းအပါတွေနဲ့ ဝေစားမျှစား လုပ်နေတာပဲ မဟုတ်လား။ ခုဆို ဖုံးပေါလအော ငွေတွေကို သုံးပြီး စပါးဘယ်လောက် ထွက်လာမလဲ။ ဒီငွေတွေနဲ့ လောလောဆယ် လယ်သမားတွေ လုပ်နေတဲ့ သမရိုးကျလယ်ယာလုပ်ငန်းတွေမှာ ရေမြောင်းတွေ ဖောက်ပေးမယ်၊ ကုန်ထုတ်လမ်းတွေ ဖောက်ပေးမယ်၊ ရေစုပ်စက်တွေ ပံ့ပိုးမယ်၊ ပြီးတော့ နွေစပါးတွေ စိုက်နိုင်အောင် သမရိုးကျလယ်တွေ ရေရအောင် အဝီစိတွင်း တူးပေးမယ်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေ ဈေးသက်သက်သာသာနဲ့ ဖြန့်ဖြူးပေးမယ်ဆိုရင် တကယ်ကို စပါးအထွက်တိုးမှာ။

ခုတော့ နှစ်ရှည်လများ တိုင်းပြည်ကို အလုပ်အကျွေးပြုနေကြတဲ့ ကျေးဇူးရှင်လယ်သမားတွေကို ကျေးဇူးကန်းတဲ့ အလုပ်မျိုး လုပ်နေတာ၊ အမြီးစားဖက် ခေါင်းစားဖက်တွေနဲ့ ချယ်လှယ်ချင်တိုင်း ချယ်လှယ်နေတာ။

ဗိုလ်နေဝင်း အာဏာလုယူကတည်းက တိုင်းပြည်နဲ့ လူထုကို စစ်အာဏာရှင် ငရဲတွင်းထဲ သွင်းနေခဲ့တာ။ အခု နအဖ ခေတ်ကျတော့ ကန်အချခံလိုက်ရတော့တယ်။ ကျေးဇူးရှိတဲ့ လယ်သမားတွေကတော့ ဒီရေနက်ကွင်းစီမံကိန်းအောက်မှာ လယ်ကျွန်တွေဖြစ်ကြရတော့မယ်။ကိုယ့်လူမျိုးရဲ့ လူနေမှုစနစ်နဲ့ကိုယ့်ရိုးရာ ဓလေ့ထုံးတမ်းကို ပြောင်းပြန်လှန်ပစ်ဖို့ မိုက်ရိုင်းရဲကြတဲ့ စစ်အာဏာရှင်တွေပါပဲ။

❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုလူငယ်တာဝန်ခံကိုထွန်းဇော်ဇော် မျက်စေ့နှစ်လုံးကွယ်လုမှ စစ်အကျဉ်းထောင်က လွှတ်မြောက်



**မျက်စိကွယ်လုကာနီး အင်းစိန်ထောင်မှ လွှတ်လာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုလူငယ်တာဝန်ခံ ကိုထွန်းဇော်ဇော်အား အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ (၅၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် တွေ့မြင်ရစဉ်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုလူငယ်တာဝန်ခံ ကိုထွန်းဇော်ဇော်အားနအဖစစ်အုပ်စုမှဥပဒေမဲ့ဖမ်းဆီးကာထောင်ဒဏ်(၁၄)နှစ် ချမှတ်ခဲ့ပြီး အင်းစိန်ထောင်မှ သာယာဝတီထောင်သို့ ပြောင်းရွှေ့ခဲ့သည်။

သာယာဝတီရှိ နအဖ စစ်အကျဉ်းထောင်တွင် ထောင်ဒဏ်ကျခံနေစဉ်အတွင်း ရှိရင်းစွဲ မျက်စေ့ဝေဒနာမှာ အကျဉ်းထောင်အတွင်း ဆေးဝါးလုံလောက်မှု မရှိခြင်း၊ ထောင်အာဏာပိုင်တို့၏ လျစ်လျူပြုမှု ခံရခြင်းတို့ကြောင့် တစထက်တစ ပိုမို ဆိုးရွားလာသည်ဟု ဆိုသည်။

ထိုအချိန်ကျမှ ကိုထွန်းဇော်ဇော်အား မျက်စေ့ဝေဒနာအတွက် ဆေးဝါးကုသမှုခံယူနိုင်ရန်ဟု ဆိုပြီး အင်းစိန်အကျဉ်းထောင်သို့ ပြန်လည်ပြောင်းရွှေ့ပေးခဲ့သည်။ သို့သော်လည်း အချိန်မီ ကုသခြင်း မရှိ၊ ဆေးဝါးလုံလောက်မှု မရှိခြင်းတို့ကြောင့် ယခုအခါတွင် မျက်စေ့နှစ်လုံးစလုံး ကွယ်လုနေပြီး အရိပ်အယောင်မျှသာ ရိပ်မိရုံသာရှိသည့် အခြေအနေသို့ ရောက်ရှိသွားတော့သည်။

ထိုသို့ ကုစ၍ မရနိုင်တော့သည့် အခြေအနေရောက်မှ စစ်အာဏာပိုင်များက ကိုထွန်းဇော်ဇော်အား(၃၁-၁၂-၉၉)နေ့တွင် အင်းစိန်အကျဉ်းထောင်မှ ပြန်လွှတ်ပေးခဲ့သည်ဟု သတင်းရရှိပါသည်။

❖

# မြန်မာနိုင်ငံရေး အပြောင်းအလဲများ ဂျပန်နိုင်ငံသားများ မြင်သာအောင် ဆောင်ရွက်ရန်လို ဂျပန်ဝန်ကြီးချုပ် အိုဘူချီပြောကြား

မြန်မာနိုင်ငံအနေဖြင့် အပြောင်းအလဲများကို ဂျပန်နိုင်ငံသားများ မြင်သာအောင် လုပ်ပေးဖို့လိုကြောင်း ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာအိုဘူချီက နအဖ စစ်အုပ်စု ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြောကြားခဲ့သည်ဟု သိရသည်။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ပြုလုပ်သည့် အာစီယံခေါင်းဆောင်များ အလွတ်သဘော တွေ့ဆုံသည့် ထိပ်သီး အစည်းအဝေးပွဲ တက်ရောက်ရင်း ဂျပန် ဝန်ကြီးချုပ် အိုဘူချီနှင့် နအဖ စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေတို့ (၂၈-၁၁-၉၉)ရက်နေ့က တွေ့ဆုံစဉ် အဆိုပါ မြန်မာနိုင်ငံအပေါ် သဘောထားကို ပြောကြားခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် မြန်မာ့စီးပွားရေးအနေအထားသည် စိုးရိမ်စရာ ကောင်းလောက်အောင် ချွတ်ခြုံကျနေကြောင်း၊ ဂျပန်နိုင်ငံအနေနှင့် စီးပွားရေး အကူအညီပေးလိုကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းဖို့ လိုကြောင်း၊ မြန်မာနိုင်ငံ၌ ဒီမိုကရေစီရှိမှသာလျှင် ဂျပန်အစိုးရက အကူအညီပေးဖို့ တာဝန်ယူကြောင်း ဂျပန်ဝန်ကြီးချုပ် အိုဘူချီက ပြောကြားခဲ့သည်ဟု သိရပါသည်။ ❖

ယခင်လမှ အဆက်

ဒါပေမယ့် လမ်းညွှန်ချက် ရလိုက်ပြီဖြစ်တဲ့ အလုပ်သမားတပ်ကြီးက နောက်တနေ့ နံနက်(၆)နာရီမှာ နံပါတ်တုတ်ကိုင် ပုလိပ်တပ်၊ လှံစွပ်တပ်၊ သေနတ်ကိုင်တပ်၊ မြင်းစီးတပ်များအတွင်း ထိုးဝင်ဖြိုခွဲပြီး ချီတက်ကြတော့တယ်။

မြို့သူမြို့သားတွေက ဝိုင်းဝန်းအားပေးကြတယ်။ ကျဆုံးတဲ့သူ၊ ဒဏ်ရာရတဲ့သူ၊ ဆွဲချုပ်အဖမ်းခံလိုက်ရသူ အများအပြားရှိပေမယ့် နောက်မတွန့်ခဲ့ကြဘူး။

နံပါတ်တုတ်ကိုင်ပုလိပ်တွေ၊ မြို့သူမြို့သားတွေနဲ့ အလုပ်သမားတွေ အရောရော အနှောနှောဖြစ်ကုန်ပြီး လှံစွပ်သေနတ်တွေ သုံးမရဖြစ်ကုန်တော့တယ်။ မြင်းစီးပုလိပ်တွေက ဝင်ပြီး ညာသံပေးကာ ရရာလက်နက်နဲ့ဝင်ပြီး ခုခံကြတဲ့အတွက် တပ်လန်ကုန်ကြပြန်တယ်။ အဲဒီလို ဖြစ်နေချိန်မှာ မူလက ချိတ်ဆက်လုပ်ထားတဲ့အတိုင်း ကိုဗဟိန်းက ထောင်အမိုးပေါ်တက်ပြီး ထောင်သားတွေကို လှုံ့ဆော်တရားဟောရာမှာ ထောင်ထဲမှာလည်း ရုတ်ရုတ်သဲသဲဖြစ်ကုန်တော့တယ်။ ထောင်ထပြီအထင်နဲ့ ပုလိပ်များက ထောင်ဘက်ကို အကူအညီပေးကြဖို့ ပြေးကြရာမှာ သပိတ်တပ်ကြီးက မကွေးမြို့ပြင်ကို အရောက်ဖောက်ပြီး အောင်မြင်စွာ ထွက်နိုင်ခဲ့ကြတယ်။ ကျန်လမ်းခရီးတွေကတော့ ချောမောပြေပြစ်သွားတော့တယ်။ လမ်းခရီးမှ လယ်သမားများလည်း ပူးပေါင်းပါဝင်ချီတက်လာကြရာမှာ လယ်သမားနှစ်သောင်းကျော်အထိ ပါဝင်ခဲ့တယ်။ အလုပ်သမားအရေးအခင်းသက်သက် တိုက်ပွဲသဏ္ဍာန် မဟုတ်တော့ဘဲ အမျိုးသားရေးလက္ခဏာ ဆောင်နေခဲ့တယ်။

တပြည်လုံးမှာရှိကြတဲ့ ကျောင်းသားတွေ ပိုပြီးနိုးကြားတက်ကြွလာတယ်။ ရန်ကုန်မှာရှိတဲ့ အတွင်းဝန်ရုံးကို ကျောင်းသားတွေ ဝိုင်းပြီး ဆန္ဒပြကြရာမှာ နယ်ချဲ့သမားရဲ့မြင်းစီးပုလိပ်များလက်ချက်နဲ့ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရတယ်။ ကျောင်းသူ ကျောင်းသား (၂၀၀)ကျော် ဒဏ်ရာရခဲ့ကြတယ်။

မန္တလေးမှာ ၁၃၀၀ ပြည့် အရေးတော်ပုံနှစ်ပတ်လည်အဖြစ် ၁၉၃၉ ခု၊ ဖေဖော်ဝါရီ(၁၀)ရက်နေ့မှာ ရဟန်းရှင်လူ (၂)သိန်းကျော် ဆန္ဒပြခဲ့ကြတယ်။ အဲဒီ ဆန္ဒပြပွဲကို အုပ်စိုးသူတွေက ပစ်ခတ်ဖြိုခွဲခဲ့တဲ့အတွက် ရဟန်းတော်(၇)ပါးနဲ့ (၁၂)နှစ်အရွယ် ကျောင်းသားလေး အပါအဝင် ပြည်သူ(၁၇)ဦး ကျဆုံးခဲ့ရပြီး (၁၃)ဦး ဒဏ်ရာရခဲ့ကြတယ်။

အကျိုးဆက်အားဖြင့် ဒေါက်တာဗမော်အမှူးပြုတဲ့ ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားတယ်။ ဦးပုအစိုးရ တက်လာတယ်။ ဒါပေမယ့် အလုပ်သမား လယ်သမားနဲ့ ပြည်သူအသိန်းအသန်းရဲ့ ဘဝဟာ ဘာမှထူးခြားမလာခဲ့ဘူး။ တို့ဗမာအစည်းအရုံးလည်း ကွဲသွားခဲ့တယ်။ တိုးတက်တဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဂိုဏ်းနှင့် သခင်ထွန်းအုပ်၊

# မင်းသားရုပ်နဲ့ သူပုန်လုပ်သူ (သို့မဟုတ်) ညီညွတ်ရေးဗိသုကာ



**၁၉၄၄ ခုနှစ်၊ ဩဂုတ်လဆန်းပိုင်းတွင် တောင်ငူခရိုင် ဖြူးမြို့သို့ ည(၂)နာရီအချိန် တော်လှန်ရေးတာဝန်ဖြင့် ရောက်ရှိလာသော သခင်ဗဟိန်းနှင့် မခင်ကြီးတို့ ဇနီးမောင်နှံ (ထိုစဉ်က မန္တလေးမှ လာ၍ ဆေးကုနေသော စက်ပိုင်ရှင်သား ကိုထွန်းလှိုင်နှင့် ဇနီးဖြစ်သူ မသန်းမြင့် ဟု တော်လှန်ရေးလျှို့ဝှက်အမည်များ ယူကာ တာဝန်ထမ်းဆောင်ခဲ့သည်)**

သခင်ဗစိန်ဂိုဏ်းဆိုပြီး ကွဲသွားခဲ့တယ်။

အခြား အောင်ပွဲမခံလိုက်ရတဲ့ကိစ္စများနည်းတူ (၁၃၀၀)ပြည့် အရေးတော်ပုံအောင်ပွဲမရခြင်းက နောက်ဆုံးအောင်ပွဲခံနိုင်ဖို့ ကျစ်လစ် မှန်ကန်တဲ့ အဖွဲ့အစည်းရဲ့ ခေါင်းဆောင်မှု လိုအပ်တယ်ဆိုတဲ့ အမြင်ကို ရှေ့တန်းရောက် နယ်ချဲ့ဆန့်ကျင်ရေးသမားများ လက်ကို ပေးအပ်လိုက်တယ်။

ရှေးမဆွကတည်းက နယ်ချဲ့ထမ်း

**မတ်မျှဦး**

ပိုးအောက်က ရုန်းထွက်နိုင်ဖို့အတွက် မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်များအနေနဲ့ ကြိုးပမ်းခဲ့တယ်။ အနုနည်း၊ အကြမ်းနည်းမျိုးစုံနဲ့ လွတ်လမ်းကို ရှာဖွေခဲ့ကြတယ်။ စူးစမ်းခဲ့ကြတယ်။ ဒါပေမယ့် မျိုးဆက်တချို့ လွန်ခဲ့တဲ့တိုင်အောင် မတွေ့၊ မမြင်၊ မရခဲ့ကြဘူး။ နောက်ဆုံးမှာ တော်လှန်တဲ့ပညာတတ်လူငယ်များက တော်လှန်ရေးသဘောတရားများကို အငမ်းမရ ရှာဖွေကြရာမှ သူတို့ဟာ မာ့က်(စ်)ဝါဒ၊ လီနင်ဝါဒကို ရှာဖွေတွေ့ရှိသွားကြခြင်း ဖြစ်တယ်။

မာ့က်(စ်)၊ လီနင်ဝါဒကို ၁၉၃၆၊ တို့ဗမာအစည်းအရုံးရဲ့ မြင်းခြံ ဒုတိယ ညီလာခံမှာ ဥက္ကဋ္ဌသခင်လေးမောင်က ထည့်သွင်း ပြောကြားခဲ့တယ်။ ၁၉၃၉ ခု မော်လမြိုင် စတုတ္ထညီလာခံမှာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနဲ့ ဆိုရှယ်လစ်ဘုံနိုင်ငံ ထူထောင်ရေးလမ်းစဉ်ကိုပင် ချမှတ်နိုင်ခဲ့တယ်။

အဲဒီလို ချမှတ်နိုင်အောင်လည်း ထိုစဉ်က တပြည်လုံးမှာ လက်ဝဲစာပေ လေ့လာရေးတွေ အနှံ့အပြား ပေါ်ပေါက်နေခဲ့တယ်။ ရန်ကုန်မှာ နဂါးနီစာအုပ်တိုက်၊ နယ်တွေမှာလည်း ရောင်နီစာဖတ်သင်း၊ လက်ဝဲစာဖတ်သင်း စတာတွေ အနှံ့အပြား ပေါ်ပေါက်ခဲ့တယ်။ မာ့က်ဝါဒလေ့လာရေးအဖွဲ့များ ရန်ကုန်၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ မန္တလေး၊ စစ်ကိုင်း၊ မြင်းခြံ၊ မြစ်ဝကျွန်းပေါ်၊ ထားဝယ်၊ မြိတ်နှင့် အခြားခရိုင်များမှာ ဖွဲ့စည်းပြီး ဖြစ်နေကြတယ်။

ဒီလိုနဲ့ မာ့က်(စ်)ဝါဒဟာ ဗမာပြည် နိုင်ငံရေးသမိုင်းသစ်ကို ဖန်တီးလိုက်ကြရာ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့မှာ အဲဒီ လေ့လာရေးအစုများကို စုစည်းပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါတယ်။ ပါတီကို စတင်ထူထောင်သူများထဲမှာ ကိုဗဟိန်းက ကျောင်းသားစည်းရုံးရေးအတွက် တာဝန်ယူရပြီး၊ ပါတီရဲ့ အထွေထွေရေးမှူးကတော့ သခင်အောင်ဆန်း ဖြစ်ခဲ့တယ်။

ကိုဗဟိန်းဟာ ၁၉၃၈ ခုနှစ်၊ သူကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဖြစ်စဉ်ကတည်းက ဗကသကြွေးကြော်သံ "မျိုးညွန့်မဂ္ဂဇင်း" အယ်ဒီတာချုပ်လုပ်ပြီး ကျောင်းသားတွေကို နိုင်ငံရေးပညာပေးခဲ့သူဖြစ်တယ်။ ယခု ကွန်မြူနစ်ပါတီရဲ့ ကျောင်းသားစည်းရုံးရေး တာဝန်ခံဖြစ်လာတဲ့အခါမှာ တဆင့်တိုးပြီး လုပ်ခဲ့တယ်။ ဗကသ ညီလာခံတက်ရောက်ဖို့ ရောက်လာကြတဲ့ အနယ်နယ်အရပ်ရပ်က ကျောင်းသားတွေကို မာ့က်(စ်)ဝါဒသင်တန်းများ ပေးခဲ့တယ်။ ပါတီခေါင်းဆောင်များဖြစ်ကြတဲ့ ကိုဗဟိန်းနဲ့ ရဲဘော်ဂိုရှယ်တို့က "ဓနရှင်ခရီးစဉ်သဘောတရား"နဲ့ "မာ့က်(စ်)ဘောဂဗေဒ"တို့ကို ပို့ချခဲ့တယ်။

၁၃၀၀ ပြည့် အရေးတော်ပုံမှာ ပါဝင်လှုပ်ရှားခဲ့တဲ့ ကိုဗဟိန်းနဲ့ ပတ်သက်လို့ သခင်မြကတော့ သူရဲ့ 'ဘုံဘဝမှာဖြင့်'(ဒုတွဲ၊ စာ-၁၇)တွင် ခုလိုဖော်ပြခဲ့ပါတယ်။

ကျွန်တော်သည် (၁၃၀၀)ပြည့် ကျောင်းသားလှုပ်ရှားမှုနှင့်အတူ အမည်ထင်ရှားလာသော ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းကို တခါမျှ လူကိုယ်တိုင်မြင်ဖူးသူ မဟုတ်ပါ။ ကိုဗဟိန်းရေးသားသော"ဓနရှင်လောက" စာအုပ်ကို ဖတ်ပြီး ကိုဗဟိန်းကို အဝေးမှ လေးစားနေသူ တယောက်သာဖြစ်ပါသည်။

ကိုဗဟိန်းကို ကျွန်တော် အကဲခတ်မိပါသည်။ လှိုင်းထနေသည့် ဆံခွေများအောက်တွင် နဖူးကျယ်ကျယ် ဖြူဝင်းကြည်လင်သော မျက်နှာပြင်နှင့် ထင်ရှားသည့် နှုတ်ခမ်းတို့ကို ပေါင်းစပ်ကြည့်လိုက်ပါက ကိုဗဟိန်းသည် တည်ငြိမ်သိမ်မွေ့စွာ ချောမောသူတယောက် ဖြစ်ပါသည်။ ကိုယ်ဟန်သွယ်သွယ်ဖြစ်သော်လည်း ပိုးတာဖက်တာ အင်္ကျီကို သေသပ်စွာ ဝတ်ဆင်ထားသဖြင့် ကိုယ်နေကိုယ်ဟန်သေးကွေးသူဟု မထင်ရပါ။

ဤမျှနုနယ်၍ မင်းသားဟန်ပေါက်နေသူတယောက်က (၁၃၀၀)ပြည့် အရေးတော်ပုံ မီးပွားများ စတင်ရာ မကွေးမြို့တွင် ရေနံသပိတ် ခြေလျင်တပ်များကို ခြိမ်းချောက်တားဆီးနေသော နယ်ချဲ့သမားတို့၏ မြင်းတပ်များနှင့်ပတ်သက်၍ "မြင်းခွာ တချက်ပေါက်ရင် ဗမာပြည်ကြီး မီးဟုန်းဟုန်းတောက်စေမယ်"ဟု အံတုကြုံးဝါးခဲ့ပုံမှာ နုနယ်သောရုပ်လက္ခဏာနှင့် ပြင်းထန်သောစိတ်ဓာတ်တို့ ဘယ်လိုမှ ဆက်စပ်၍ပင် ရအံ့မထင်နိုင်ပါ။

ဆက်လက်ဖော်ပြပါမည် ✡

# ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံတွင် ကျင်းပသော "မေတ္တာတရားနှင့် လွတ်လပ်ခြင်းမှသည် ငြိမ်းချမ်းသာယာရေးသို့" အခမ်းအနားအတွက် ပေးပို့သော သဝဏ်လွှာ

အကြောက်တရားနဲ့ ဆင်းရဲနွမ်းပါးမှု နှစ်မျိုးဟာ ကျမတို့တတွေ နေ့တဓူဝ ယှဉ်ပြိုင် ပြိုင်ဆိုင်နေရတဲ့ အကြီးမားဆုံး ရန်သူတော်ကြီးများ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာကြာမျှ စစ်အာဏာရှင် အုပ်ချုပ်ရေးအောက်မှာ ပြားပြားမှောက် ချေမှုန်းခံနေရတဲ့ မြန်မာနိုင်ငံလို နိုင်ငံမျိုးမှာ ဒီအကြောက်တရားနဲ့ ဆင်းရဲနွမ်းပါးမှု နှစ်မျိုးဟာ ကျမတို့တွေကို တချိန်လုံး ချောင်းမြောင်း ဒုက္ခပေးနေပါတယ်။

ကျမတို့တတွေ မနက်မိုးလင်းတာနဲ့ တပြိုင်နက်မှာပဲ ငါတို့ မိတ်ဆွေတွေထဲက ဘယ်သူ့ကို အာဏာပိုင်တွေက ဖမ်းဆီးထိန်းသိမ်း ခေါ်ဆောင်သွားပြီလဲဆိုတာကို စိတ်စောသောက ဖြစ်လို့နေကြရပါတယ်။ ပြည်သူပြည်သားတွေဟာ မနက်မိုးလင်း အိပ်ယာက နိုးလာရင် နောက်တနပ်စာ ထမင်းစားရဖို့ ဘယ်လိုများ လုပ်ရပါ့မလဲလို့ ပူပန်ကြောင့်ကြနေကြရပါတယ်။ မနက်မိုးလင်း အိပ်ရာက နိုးလာရင် မိမိတို့ သားသမီးတွေရဲ့ ရှေ့ရေးကို တွေးတောပူပန် သောကရောက်နေကြရပါတယ်။

အကြောက်တရားနဲ့ ဆင်းရဲနွမ်းပါးမှုများဟာ တရားမျှတမှုနဲ့ လူ့အခွင့်အရေးများ မရှိတဲ့နေရာတွေမှာ ဖြစ်ပေါ်လေ့ ရှိကြပါတယ်။ ကျမတို့အနေနဲ့ တရားမျှတမှု၊ လူ့အခွင့်အရေးနဲ့ ငြိမ်းချမ်းမှုများ ကမ္ဘာတဝှမ်းလုံးမှာ ပြန့်နှံ့စေချင်ပါတယ်။ ဒါမှသာ နေရာတိုင်းမှာ အကြောက်တရားနဲ့ ဆင်းရဲနွမ်းပါးမှုများမှ ကင်းဝေးစွာနဲ့ အသက်ရှင်နေထိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

အာရှတိုက်မှာ နေပျော်ဖွယ်ရာ လူ့ဘဝကို ဖန်တီးတဲ့ အခြေခံသဘောတရားကို သဘောပေါက်နားလည်ရေးအတွက် ဤကဲ့သို့သော စံပုံစံကို အာရှတိုက်သားအများစုကြီးအနေနဲ့ လက်ခံယုံကြည်ကြပါတယ်။ သူတို့တွေမှာ အကြီးအကျယ် လိုအပ်မှုတွေ ရှိနေပါတယ်။ အာရှတိုက်သားများဟာ လူသားများအဖြစ် မိမိတို့ကိုယ်တိုင် ရပ်တည်နိုင်ရေးအတွက် လွန်စွာမှ ခက်ခဲနေပါသေးလားလို့ ကျမ တခါတရံ စဉ်းစားမိပါတယ်။ ကျမအထင်တော့ ဒါဟာ ဂရုဏာတရား ခေါင်းပါးလို့ ဖြစ်ပါတယ်။ သို့ပေမယ့် ဂရုဏာတရားဟာ ဘာသာတရားအားလုံးမှာ အလွန်တရာမှ အခြေခံကျလှတဲ့အရာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု သက္ကရာဇ်(၂၀၀၀)ကို ချဉ်းကပ်လာတဲ့ အချိန်မှာ ကမ္ဘာတဝှမ်းလုံးကို ဂရုဏာတရားများ တိုးပွားလွှမ်းခြုံအောင် ကျမတို့အနေနဲ့ လုပ်ကြရမယ်လို့ ကျမတို့ ယုံကြည်ပါတယ်။

ကျမတို့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးများ ရရှိရေး၊ ရုန်းကန်လှုပ်ရှားမှုများမှာ အာရှတိုက်သားများရဲ့ ထောက်ခံအားပေးမှုကို ကျမတို့အနေနဲ့ ပိုမိုလိုချင်ပါတယ်။ အထူးသဖြင့်ဆိုရင်တော့ ဒီမိုကရေစီတိုက်ပွဲတခုအတွက် ဂျပန်ပြည်သူလူထုရဲ့ ခိုင်ခိုင်မာမာ ထောက်ခံအားပေးမှုကို ကျမတို့ အလိုရှိပါတယ်။ ဂျပန်နိုင်ငံဟာ ကမ္ဘာမှာ စီးပွားရေးအင်အား အကြီးဆုံး နိုင်ငံတနိုင်ငံလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီနိုင်ငံလည်း ဖြစ်ပါတယ်။ အချမ်းသာဆုံး အာရှတိုက်နိုင်ငံလည်း ဖြစ်ပါတယ်။ အချမ်းသာဆုံး အာရှတိုက်နိုင်ငံအနေနဲ့သော်လည်းကောင်း၊ ဒီမိုကရေစီနိုင်ငံအနေနဲ့သော်လည်းကောင်း အာရှတိုက်ရဲ့ အခြားနေရာတွေမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးများကို တိုးတက်ဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းအားထုတ်ဖို့ ဂျပန်နိုင်ငံမှာ တာဝန်ရှိပါတယ်။ ကျမတို့အနေနဲ့ကတော့ ဒီသက္ကရာဇ် (၂၀၀၀)ပြည့်နှစ်မှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးများအတွက် ဂျပန်ပြည်သူပြည်သားများရဲ့ ကြိုးပမ်းဆောင်ရွက်မှုများ ပွင့်လန်းဝေဆာလိမ့်မယ်လို့ ယုံကြည်စိတ်ချထားပါတယ်။

ငြိမ်းချမ်းရေး၊ ဂရုဏာတရားနဲ့ လူ့အခွင့်အရေးများကို တောင့်တမျှော်လင့်နေကြတဲ့ မြန်မာနိုင်ငံသူနိုင်ငံသားများ၊ အရှေ့တီမောပြည်သူများနဲ့ အခြားကမ္ဘာအရပ်ရပ်ရှိ ပြည်သူပြည်သားများအတွက် ဂျပန်ပြည်သူလူထုတရပ်လုံးအနေနဲ့ ဆုတောင်းမေတ္တာ ပို့သပေးကြပါရန် ပန်ကြားရင်း နိဂုံးချုပ်လိုက်ပါရစေ။ ဒါ့အပြင် တနေ့သောအခါမှာ ကျမတို့အားလုံး နားလည်မှုအပြည့်၊ ပျော်ရွှင်မှုအတိနဲ့ အတူတကွ ဆုံဆည်းနိုင်ကြလိမ့်မယ်လို့ ကျမ မျှော်လင့်ယုံကြည်တဲ့အကြောင်း ဖော်ပြပြောကြားလိုက်ပါရစေ။

ကျေးဇူးတင်ပါတယ်။

**အောင်ဆန်းစုကြည်**
**အထွေထွေအတွင်းရေးမှူး**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

# နအဖ ပညာရေးနှင့် ကျောင်းသားထုအပေါ် သဘောထား

## ကျော်သိန်း အောင်

ကျောင်းသားလူငယ်တွေဆိုတာ အနာဂတ်ရဲ့ ခေါင်းဆောင်တွေပါ။ တိုင်းပြည်တပြည်ရဲ့ အနာဂတ်ဟာ သူတို့ရဲ့ လက်ထဲမှာ ရှိပါတယ်။ ဒါပေမယ့် ယနေ့ သူတို့ရဲ့ဘဝ၊ သူတို့ရဲ့ အနာဂတ်ဟာ မျှော်လင့်ချက် မဲ့နေပါတယ်။ အခုလို ခံစားနေရတဲ့ ဘဝအခြေအနေတွေဟာ ယခုမှ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။

အာဏာသိမ်းနအဖ ဟာ သူတို့ရဲ့ အာဏာတည်မြဲရေးအတွက် ကျောင်းသားထုအပေါ်မှာ အနုနည်းနဲ့ရော အကြမ်းနည်းနဲ့ပါ စနစ်တကျ ဖြိုခွဲဖျက်ဆီးခဲ့ပါတယ်။ စစ်အာဏာရှင်တွေဟာ ကျောင်းသားတွေကို သူတို့ရဲ့ ထိုင်ခုံကို လှုပ်ကိုင်မယ့်သူတွေ၊ သူတို့ကို အာဏာလက်လွှတ် ဖြစ်သွားစေမယ့်သူတွေ အဖြစ်နဲ့ မြင်ပြီး ကျောင်းသားတွေကို ရန်သူလို သဘောထားကာ စနစ်တကျ အစီအစဉ်တွေ ချမှတ်ပြီး နှိမ်နင်းဖြိုခွင်းလျက် ရှိပါတယ်။ အဲဒီလို နအဖ ရဲ့ ပညာရေးနဲ့ ကျောင်းသားထုအပေါ် သဘောထားများထဲက စက်မှုသိပ္ပံကျောင်းသားတဦးရဲ့ အတွေ့အကြုံကို အခုလို တင်ပြလိုက်ပါတယ်။

ဆယ်တန်းအောင်လို့ တက္ကသိုလ်တက်ဖို့ စောင့်နေရတဲ့အချိန်မှာ ကျောင်းသားတွေအဖို့ ရွေးချယ်စရာ စက်မှုသိပ္ပံသာ ရှိပါတယ်။ ဒါကြောင့် စက်မှုသိပ္ပံကို ဝင်ခွင့်ဖြေဆိုပြီး တက်ရောက်ကြရပါတယ်။ ဒါပေမယ့် ကံဆိုးချင်တော့ အကြောင်းပြချက်မရှိဘဲ ကျောင်းဝင်ခွင့် အောင်စာရင်းကို တနှစ်ကြာ ရပ်ဆိုင်းထားခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်ကျမှ ကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်၊ အဲဒီနှစ်မှာပဲ ဝင်ခွင့်စာမေးပွဲ ဖြေရတဲ့ စနစ်ကို ပိတ်ပစ်လိုက်ပြီး အင်္ဂလိပ်စာနဲ့ သင်္ချာနှစ်ဘာသာပေါင်းအမှတ်နဲ့ စတင်ရွေးချယ်ခဲ့ပါတယ်။ ဝင်ခွင့်လျှောက်လွှာမှာ ထူးခြားတဲ့အချက်ကတော့ ပညာရေးဝန်ထမ်း သားသမီးများအတွက် သီးသန့်ပုံစံပါရှိပြီး လူမှုရေးလုပ်ဆောင်ချက်များကို ရေးသွင်းခိုင်းပါတယ်။ သာမန်ပြည်သူလူထုနဲ့ ဝန်ထမ်း သားသမီးများကို ကျောင်းဝင်ခွင့်မှာ ကန့်သတ်လိုက်ခြင်းပါ။ ကြံ့ဖွတ်အဖွဲ့ဝင်ဖြစ်ရင် စစ်ဘက်ဆိုင်ရာ ဝန်ထမ်းသားသမီးဖြစ်ရင် ဦးစားပေး ရွေးချယ်မယ်ဆိုတဲ့ သဘောပါ။ တန်းတူရည်တူ ပညာသင်ကြားခွင့်ဆိုတာ နအဖ ပညာရေးစနစ်မှာ မရှိတာ အမှန်ပါ။

ဒီလိုနဲ့ ၁၉၉၆ ဒီဇင်ဘာလမှာ ကျောင်းသားသမဂ္ဂ တရားဝင်ဖွဲ့စည်းခွင့် ရရှိရေးအတွက် ကျောင်းသားတွေရဲ့ တောင်းဆိုဆန္ဒပြမှုတွေ နေရာ အနှံ့အပြား ပေါ်ပေါက်လာခဲ့ပါတယ်။ စစ်အာဏာရှင်တွေဟာ ကျောင်းသားတွေရဲ့ ဆန္ဒပြပွဲတိုင်းကို သပိတ်ခဲ့လက်နက်တခုအဖြစ်နဲ့ ကျောင်းတွေ၊ တက္ကသိုလ်တွေကို ပိတ်ပစ်ခဲ့ပါတယ်။ အဲဒီလို ကျောင်းတွေအပိတ်ခံရတဲ့အထဲမှာ အင်းစိန်စက်မှုသိပ္ပံလဲ အပါအဝင် ဖြစ်ခဲ့ပါတယ်။ စက်မှုသိပ္ပံ ကျောင်းသားတွေဟာ ကျောင်းသားသမဂ္ဂ တရားဝင်ဖွဲ့စည်းခွင့် ရရှိရေးအတွက် ကျောင်းအတွင်းနဲ့ ကျောင်းပြင်ပမှာ ထောက်ခံဆန္ဒပြပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီနေ့ကစပြီး တနိုင်ငံလုံးမှာရှိတဲ့ စက်မှုသိပ္ပံတွေနဲ့ တက္ကသိုလ်ကျောင်းတွေကို အကန့်အသတ်မရှိ တရားဝင် ပိတ်ပစ်ခဲ့ပါတယ်။

AGTI ကျောင်းတွေကို ပိတ်ပစ်ပြီး (၂)လလောက်အကြာမှာတော့ တနိုင်ငံလုံးမှာရှိတဲ့ စက်မှုသိပ္ပံတွေကို ပြန်ဖွင့်ပြီး (၁)လအတွင်းမှာ စာမေးပွဲဖြေဆိုနိုင်ခဲ့ပါတယ်။ ပြန်ဖွင့်တဲ့အထဲမှာ အင်းစိန်စက်မှုသိပ္ပံ မပါပါဘူး။ ဒါနဲ့ပဲ ကျောင်းပြန်ဖွင့်နိုးနဲ့ ကျောင်းကို လူကိုယ်တိုင်တမျိုး၊ ဖုန်းဆက်လို့တဖုံ အခေါက်ခေါက် အခါခါ သွားရောက်စုံစမ်းပေမယ့် အတိအကျ သတင်းမသိရပါဘူး။ မကြာခင် ပြန်ဖွင့်မှာပါဆိုတဲ့ လိမ်လည်နှစ်သိမ့်မှုအောက်မှာ ကျောင်းသားတွေဟာ စိတ်ပင်ပန်း လူပင်ပန်းနဲ့ ကျောင်းပြန်ဖွင့်ဖို့ မျှော်လင့်လျက် ရှိကြပါတယ်။

ဒီလိုနဲ့ ၁၉၉၇(၁)လပိုင်းမှာ အိမ်တွေကို စာတိုက်ကနေတဆင့် ကျောင်းပြန်အပ်ဖို့ ခေါ်စာတွေပို့ပါတယ်။ ဒါပေမယ့် ဘာကြောင့်လဲ မသိဘူး၊ အဲဒီစာတွေကို စာတိုက်ကနေတဆင့် ပြန်သိမ်းခဲ့ပါတယ်။ တချို့ကျောင်းသားတွေက ခေါ်တာကို လက်ခံရရှိလို့ ကျောင်းကို သွားပြီး ကျောင်းပြန်အပ်တော့ ရုံးဝန်ထမ်းတွေက "စာမှားပြီး ပို့မိတာ၊ တရားဝင် ရုံးစာမထွက်သေးဘူး"ဆိုပြီး ငြင်းလွှတ်ပါတယ်။ ကျောင်းသားတွေဟာ ကျောင်းပြန်အပ်ဖို့ ပို့လိုက်တဲ့ ခေါ်စာကိုကိုင်ပြီး နားမလည်ခြင်း များစွာနဲ့ အိမ်ကို ပြန်လာကြရပါတယ်။ အဲဒီနောက် (၃)လအကြာမှာတော့ နောက်တကြိမ် ခေါ်စာတွေ ထပ်ရောက်လာပြန်တယ်။ အရင်တခါကလို ခံထားရတော့ မယုံတဝက် ယုံတဝက်နဲ့ နီးစပ်ရာ စုံစမ်းပြီး သေချာမှ ကျောင်းသွားအပ်ကြပါတယ်။ ကျောင်းပြန်အပ်တော့ ကျောင်းလခ တလ(၃၀၀)ဆိုပြီး တောင်းတော့ ကျောင်းသားတွေက အံ့သြကြတယ်။ ကျောင်းမပိတ်ခင်က တလ(၁၅)ကျပ်ပဲ ပေးရပြီး အခု ကျောင်းပြန်ဖွင့်တော့ တလ(၃၀၀)ကျပ်ဆိုတော့ နားမလည်နိုင်ဘူး ဖြစ်နေတယ်။ ဒါနဲ့ မေးကြည့်တော့"အရင်က အရင်၊ အခုက အခု"တဲ့။ တိကျခိုင်လုံတဲ့ အဖြေမပေးပါဘူး။ ဒါ့အပြင်လဲ ကျောင်းကို အင်းစိန်စက်မှုသိပ္ပံမှာ မဖွင့်တော့ဘဲ သန်လျင်စက်မှုသိပ္ပံမှာ သွားတက်ရမယ်လို့ ပြောပါတယ်။ "ဟာ.... ဒါဆို ဝေးတဲ့မြို့နယ်က လူတွေ ဘယ်လိုတက်ရမှာလဲ၊ အဆောင်ပေးမှာလား၊ ဘယ်လိုစီစဉ်ပေးမှာလဲ ဆိုပြီး မေးကြည့်တော့" "မင်းတို့ကို ခေါ်စာမှာ ရေးထားတယ်၊ ဖတ်ကြည့်"တဲ့။ ခေါ်စာမှာ ရေးထားတာက မိမိအစီအစဉ်နှင့် မိမိဘာသာ တာဝန်ယူပြီး ပညာသင်ကြားလိုသောအပေါ်မှာ တာဝန်ယူမှု မရှိဘူးဆိုတာ ထင်ရှားလှပါတယ်။

နအဖ ဟာ ကျောင်းအဆောင်တွေမှာ ကျောင်းသားတွေ တဦးနဲ့တဦး ရင်းနှီးလာမှာ၊ ယိုင်းပင်းလာမှာ၊ ချစ်ခင်ကြည်နာမှုနဲ့ ကျောင်းသားစိတ်ဓာတ် ပေါ်ပေါက်လာမှာကို အလွန်ကြောက်ရွံ့ပါတယ်။ ဒါကြောင့် တနိုင်ငံလုံးမှာရှိတဲ့ စက်မှုသိပ္ပံကျောင်းတွေက ကျောင်းအဆောင်တွေကို ပိတ်ပစ်ခဲ့ပါတယ်။ ဒါကြောင့် ကျောင်းသားတွေဟာ ကျောင်းမဖွင့်ခင် သန်လျင်စက်မှုသိပ္ပံကို သွားပြီး အဆောင်တွေ ငှား၊ အိမ်တွေ ငှားနဲ့ အဆောင်ကြေးတွေဟာ အရင်က တလကို (၈၀၀)ကျပ်လောက်ကနေ (၁၅၀၀)ကျပ်အထိ ဖြစ်သွားပြီး အိမ်လခတွေလဲ တလကို တသောင်းကျော်အထိ မြင့်တက်သွားပါတော့တယ်။ ဒီလိုနဲ့ ခေတ်အဆက်ဆက်က ဖွင့်လှစ်လာခဲ့တဲ့ သမိုင်းဝင် AGTI အင်းစိန်စက်မှုသိပ္ပံဟာ နှစ်တရာပြည့်တဲ့ ၁၉၉၇ ခုနှစ်မှာပဲ နအဖ ရဲ့ ပိတ်ပစ်ခြင်းကို ခံရပါတော့တယ်။ ကျောင်းသားတွေရဲ့ အသက်နဲ့သွေးကို သူတို့ရဲ့ အာဏာရှင်စနစ် သက်ဆိုးရှည်ရေးအတွက် စတေးခဲ့တဲ့ ဗိုလ်ချုပ်ကြီးတွေအဖို့ ဒီလိုလုပ်ရပ်မျိုးဟာ မထူးဆန်းတော့ပါဘူး။ ကျောင်းစဖွင့်တဲ့နေ့မှာပဲ နအဖ ရဲ့ ထင်ရာစိုင်းနေတဲ့ ပညာရေးပေါ်လစီနဲ့ လုပ်ရပ်ကို ထပ်မံကြုံတွေ့ရပြန်ပါတယ်။

ကျောင်းသားတွေရဲ့ Roll No. တွေဟာ (၃)ဆင့်လောက်ကနေ (၁၀)ဆင့်လောက်အထိ မြင့်တက်သွားပါတယ်။ အရင်က Roll No. ၁၂၀ ဟာ အခု ၁၀၉ ဖြစ်သွားတဲ့ သဘောပါ။ ဒါကို အစက ကျောင်းသားတွေက သဘောမပေါက်ကြပါဘူး။ ကျောင်းစဖွင့်ပြီး တပတ်လောက်အကြာမှာ ကိုယ့်အတန်းဖော် သူငယ်ချင်းတွေကို လူစုံတက်စုံ ပြန်မတွေ့ရတော့ဘူး။ မေဂျာတိုင်းမှာ ကျောင်းသားတွေ လျော့နေတယ်။ ဒါနဲ့ နီးစပ်ရာအချင်းချင်း မေးမြန်းစုံစမ်းကြည့်တော့ မေဂျာတိုင်းက ကျောင်းသားတွေ ကျောင်းအထုတ်ခံရတယ်လို့ သိရပါတယ်။ အဲဒီတော့မှ စစ်ထောက်လှမ်းရေးရဲ့ ယုတ်မာ ကောက်ကျစ်ပုံဟာ အလွန်ကြောက်စရာကောင်းတယ်ဆိုတာ ကျောင်းသူကျောင်းသားတွေ ကောင်းကောင်း သိသွားပါတော့တယ်။ ကျောင်းသားတွေဟာ မိမိတို့ရဲ့ ပညာရေးဆိုင်ရာ နစ်နာမှုတွေ၊ လိုအပ်ချက်တွေကို လုပ်ဆောင်နိုင်ဖို့အတွက် ကျောင်းသားသမဂ္ဂ တရားဝင်ဖွဲ့စည်းခွင့် ရရှိရေးအတွက် တောင်းဆိုဆန္ဒပြပွဲတွေကို ခေတ်အဆက်ဆက် ပြုလုပ်ခဲ့ကြပါတယ်။ ဒါကို စစ်အာဏာရှင်တွေဟာ အသိအမှတ်မပြုတဲ့အပြင် ပစ်ခတ်နှိမ်နင်းခြင်း၊ ရိုက်နှက်ဖမ်းဆီး ထောင်ချခြင်းနဲ့ ကျောင်းတွေကို အကန့်အသတ်မရှိ ပိတ်ပစ်ခဲ့ကြပါတယ်။ ဒါ့အပြင် ကျောင်းတွေကို လူသူနဲ့ ဝေးလံလှတဲ့ အရပ်ဒေသကို အတင်းအဓမ္မ ပြောင်းရွှေ့ပစ်ခဲ့ပါတယ်။ နအဖ ရဲ့ စစ်ထောက်လှမ်းရေးတွေနဲ့ အာဏာပိုင်တွေဟာ သူတို့ မလိုလားတဲ့ ကျောင်းသားတွေကို တိတ်တဆိတ် ကျောင်းထုတ်ပစ်တယ်။ အဲဒီလို ကျောင်းထုတ်ပစ်တာတွေကို လူသိမခံရဲလို့ လိမ်လည်ပြီး Roll No. တွေ ပြောင်းပစ်တယ်၊ ကျောင်းတွေ ပိတ်ပစ်တာ၊ ပြောင်းပစ်တာကို လူသိမခံရဲလို့၊ ကျောင်းပြန်ဖွင့်မှာကို သတင်းစာကနေ တရားဝင် မခေါ်ရဲလို့ စာတိုက်ကနေတဆင့် လိမ်လည်ခေါ်ယူခဲ့ပါတယ်၊ ဒါဟာ နအဖ ရဲ့ ကျောင်းသားထုအပေါ် သဘောထားတရပ်ဆိုတာ သိသာထင်ရှားလှပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ကျောင်းတက်ရတာ ပျော်မွေ့မှု မရှိလှပါဘူး။ ကျောင်းသားဘဝဆိုတာလဲ အဓိပ္ပါယ်မဲ့လျက် ရှိပါတယ်။ ကျောင်းသားတွေဟာ သူတို့ရဲ့ မကျေနပ်မှုတွေ၊ နာကျည်းမှုတွေကို မျိုသိပ်ပြီး နေရပါတယ်။ ပြောင်းရွှေ့ခံရတဲ့နေရာက စာသင်ကျောင်းဟာ ကျောင်းအင်္ဂါရပ်နဲ့ လိုက်လျောညီညွတ်မှု မရှိလှပါဘူး။ ကျောင်းပြန်ဖွင့်တော့ အိပ်ဆောင်တွေကို စာသင်ဆောင်တွေအဖြစ် လုပ်လိုက်ပါတော့တယ်။ ဒါတောင် မလုံလောက်လို့ လယ်ကွင်းထဲမှာ သံမံသလင်းခင်း၊ ဝါးထရံနှစ်ဘက်ပိတ် တဲထိုးပြီး စာသင်စေပါတယ်။ အဲဒီအဆောင်ကို ကျောင်းသားတွေက ဝက်တဲလို့ ခေါ်ကြပါတယ်။ စာသင်ဆောင် တဆောင်နဲ့ တဆောင်အကြားကိုလဲ သံဆူးကြိုးတွေနဲ့ ခြံခတ်ထားပါတယ်။ ဒါကြောင့် ကျောင်းသားတွေက "ငါတို့ ကျောင်းလာတက်တာ အိုက်ခမန်းရဲ့ အော့ဇ်ဝစ် အကျဉ်းထောင်ထဲ ရောက်နေသလိုပဲ"လို့ ဆိုကြပါတယ်။ ကျောင်းရှေ့မှာ အိမ်ခြေ (၅၀)လောက် ရှိသာ ရှိပြီး ကျောင်းပတ်ပတ်လည်မှာတော့ လယ်ကွင်းတွေ၊ ရွံ့တွေ ပတ်ပတ်လည် ဝိုင်းထားပါတယ်။ နအဖ ဟာ ကျောင်းသားတွေကို လူထုပတ်ဝန်းကျင်နဲ့ အဆက်အသွယ် ဖြတ်ထားတယ်ဆိုတာ သိသာထင်ရှားလှပါတယ်။

စာကြည့်တိုက်ဆိုတာလဲ နအဖ တွေ ဝါဒဖြန့်တဲ့သတင်းနဲ့ စာနယ်ဇင်းက ထုတ်တဲ့ စာအုပ် (၃၀)လောက်နဲ့ စာကြည့်တိုက် လုပ်ထားပါတယ်။ သူတို့ ဝါဒဖြန့်တဲ့'ဖေကံကောင်း'လို စာအုပ်မျိုးတောင် အစုံအလင်မရှိပါဘူး။

★ ဆက်လက် ဖော်ပြပါမည်။

# ရန်ကုန် သီရိမင်္ဂလာဈေးထဲက လူကို ခွေးဆွဲတဲ့ ဖြစ်ရပ်မှန်

**စနေသား**

ခုခေတ်ကြီးမှာ နေရာတကာအင်တာဗျူးတွေ ခေတ်စားသလားတော့ မမေးနဲ့။ ဒါကြောင့် ကျုပ်လည်း အင်တာဗျူးချင်တဲ့ရောဂါ ထလာတယ်။ ကျုပ် ဗျူးမယ့်သူတွေက မင်းသား၊ မင်းသမီးတွေ မဟုတ်ဘူး။ ကျုပ်နဲ့ နီးစပ်တဲ့ ရန်ကုန် သီရိမင်္ဂလာဈေးဝန်းကျင်က အခြေခံကျတဲ့ ခြေသလုံးအိမ်တိုင် အခြေအနေမဲ့၊ လမ်းဘေးနေ၊ လမ်းဘေးစား၊ လမ်းဘေးအိပ်၊ ဟိုဗျာ .... လမ်းဘေးမှာပဲ ဟိုဟာပြုပြီး ဘုစုခရုကလေးတွေ ပေါက်ဖွားလာတဲ့ လူတွေ။

အင်း .... အခြေခံကျကျ၊ လက်တွေ့ဆန်ဆန် ကြည့်လိုက်ရင် သူတို့လည်း လူထဲက လူတွေပဲဗျာ။ ထားပါတော့ ကျုပ်ပထမဆုံးစပြီး ဗြူးလိုက်မိတဲ့သူက ဗိုက်နဲ့ ကျောကပ်ပြီး မျက်တွင်းဟောက်ပက် အရိုးပဒေသာကလေးလေးကို ချိထားတဲ့ ထဘီရင်လျား နို့ပျင်းတွဲလောင်းနဲ့ အရွယ်မရောက်သေးပဲ အဖွားအိုရုပ်ပေါက်နေတဲ့ မိန်းကလေးတယောက်ကိုပဲ။

“ကျမတို့ လမ်းဘေးအိပ်၊ လမ်းဘေးစားမျိုးရိုးထဲက မဟုတ်ပါဘူး။ အိမ်နဲ့ ယာနဲ့ လုပ်ငန်းနဲ့ပါ။ ခုတော့ ကျမတို့နေတဲ့ ရပ်ကွက်မှာ (၈)ထပ်တိုက်၊ (၅)ထပ်တိုက်ကြီးတွေ ဆောက်ဖို့ ကျူးကျော်ရပ်ကွက် သတ်မှတ်ပြီး ကျမတို့ကို ဖယ်ခိုင်းလိုက်တယ်လေ။

သူ့စကားဆုံးတော့ ကျုပ်က ထပ်ပြီး အထွန့်တက်လိုက်သေးတယ်။ “လျော်ကြေးပေးတယ်ဆို၊ မြေနေရာ အစားပေးတယ်ဆို၊ မရဘူးလား”ဆိုတော့ “အင်း.... နှစ်ပဲခြောက်ပြား ပြောင်းရွှေ့ခနဲ့ မြို့စွန်၊ မြို့ဖျား ကွင်းခေါင်ခေါင်ကို မောင်းပို့လိုက်တာ။ သူတို့ ပေးတဲ့မြေနေရာက သူတို့အမျိုးတွေပဲ မြှုပ်လို့ ရတယ်။ ဒါကြောင့် မနေနိုင်တော့ ရတဲ့ဈေးနဲ့ ရောင်း၊ ခု အိမ်ပြန်မဝယ်နိုင်၊ အိမ်ငှားမနေနိုင်တော့ ခုလို ဖြစ်နေရရော....”တဲ့။ ကြားရတဲ့အတိုင်းပါပဲ။

ဒါနဲ့ ဈေးရှေ့ပလက်ဖောင်းကို ခေါင်းအုံးပြီး ကြယ်မြင်လမြင် ဆေးလိပ်တိုဖွာရင်း လောကစည်းစိမ်ခံနေတဲ့ မွဲခြောက်ခြောက်၊ ပိန်လိန်လိန် လူတယောက်ကို ထပ်ပြီး မေးမိပြန်တယ်။

“ကျုပ်က မြို့စွန်မှာ ဖရိုဖရဲ အိမ်လေးရှိတယ်။ ဒါပေမယ့် အဲဒီမှာ ဘာ စီးပွားရေးမှ လုပ်လို့မရတော့ ဒီပဲပြန်လာရတယ်၊ ဒါပေမယ့် မချောင်ပါဘူးဗျာ၊ ကိုယ့်ပုခုန်း ကိုယ်ရင်းပြီး ရှာစားနေရပေမယ့် ကြံ့ဖွတ်တို့ ဘာအဖွဲ့ ညာအဖွဲ့တို့ကို ဒီပလက်ဖောင်းပေါ် အိပ်ရဖို့အရေး ဆက်ကြေးပေးရသေးတယ်”။ အင်း.... အနိဌာရုံမြင်ကွင်းကြီးထဲ အိပ်ရဖို့အရေး ဆက်ကြေးက ရှိသေးသတဲ့။ ကျုပ်တော့ အတော့်ကို အံ့ဩသွားတယ်။ ဒါပေမယ့် အားမလျှော့သေးပါဘူး။ အရုပ်မျက်နှာ၊ ပန်းမျက်နှာနဲ့ ခါတ်တိုင်ကွယ်မှာ ရပ်နေတဲ့ ကောင်မလေးကို ထပ်ပြီး မေးမိပြန်တယ်။ သောက်ကျိုးနဲ့ ....

ကောင်မလေးက သူရဲ့တန်ဘိုးတွေနဲ့ ဈေးခေါ်တော့တာပဲဗျို့။ ကျုပ်လည်း ကမန်းကတန်း “ဟ.... အဲ့ဒါမေးတာ မဟုတ်ဘူး၊ နင့်ကို ဗျူးချင်လို့ဟ”ဆိုပြီး ပြန်ပြောရတယ်။ ဒီတော့ ကောင်မလေးက ဘာပြောတယ် မှတ်လဲ ....။

“ခုခေတ်မှာ လေတောင် အလကားရှူလို့ မရဘူး၊ အခွန်ပေးရမယ်”တဲ့ ဘယ်ရမလဲ။ ကျုပ် အဲ့ဒီအရုပ်မျက်နှာ ပန်းမျက်နှာလေးကို ခေါ်သွားရတော့တယ်။ အဲ.... တလွဲမထင်ကြနဲ့ဦး၊ လက်ဖက်ရည်ဆိုင်ကို ခေါ်သွားတာဗျ။ ဆိုင်ထဲလဲရောက်ရော “ဟင်း.... ဈေးဦးမပေါက်တာ မနက်ကတည်းကဆိုတော့ ဗိုက်ထဲမှာ ဆန္ဒပြနေပြီ”ဆိုပြီး ပေါက်စီ(၂)လုံး၊ လက်ဖက်ရည်တခွက်၊ နောက် ရေနွေးနဲ့ ပလုတ်ကျင်းပြီး လန်ဒန်တလိပ် ယူသောက်တော့တယ်၊ အတော်ကြာမှ....

“ဒီဘဝကို ပျော်လို့ နေတယ်လို့တော့ မထင်နဲ့၊ ဘဝကြောင့် .... ဘဝကြောင့်၊ ကျမက မြစ်ဝကျွန်းပေါ်က၊ အဖေရော အမေရော မောင်နှမတွေရော ရှိပါတယ်။ လယ်ရော ကိုင်းရော ရှိပါတယ်။ ဒါပေမယ့် အစိုးရက သူတို့ စီမံကိန်းနယ်မြေနဲ့ မလွတ်ဘူးဆိုပြီး ရွာတွေရော လယ်တွေရော သိမ်းပစ်လိုက်တယ်။ လျော်ကြေး မဖြစ်စလောက်လေး ပေးတော့ ရန်ကုန်တက်၊ ရောင်းဝယ်စားမယ်ပေ့ါ။ ဒီရောက်တော့ အိမ်လို့ ခေါ်ရုံကလေးကို ငှားပြီးနေရတာ။ အစိုးရက ဖျက်ပြန်တဲ့အထဲကို ပါပြန်ရော၊ အိမ်ငှားဆိုတော့ အစားမရဘူး။ ဒါနဲ့ လမ်းဘေးဈေးသည်လုပ်၊ စည်ပင်က ဖမ်း၊ ဒဏ်ရိုက်၊ ဟိုကြေး ဒီကြေးကောက်နဲ့၊ ကြာတော့ အရင်းပြုတ်ရော၊ အင်း.... ခုတော့ ဒီဘဝကို ရောက်နေရတယ်ဆိုပါတော့....၊ ဟော ဟိုမှာ ကျမ မောင်လေး လာခေါ်နေပြီ၊ ဖောက်သည်လာလို့လားမသိဘူး၊ သွားမယ်နော်”

ကျုပ် ဘာတွေဖြစ်ပြီး ကျန်ခဲ့မှန်းမသိတော့ဘူး။ မျက်လုံးတွေ ပိတ်ပြီး အာရုံပြောင်းနိုင်အောင် ကြိုးစားပစ်ရတယ်။ မကြာပါဘူး ဆူဆူညံညံ အသံကြားလို့ လှမ်းကြည့်လိုက်တော့ မီးခိုးရောင် ဝတ်ထားတဲ့ စည်ပင်က ကောင်တွေ၊ ဝါးတုတ်ကိုင်ထားပြီး လက်ပတ်တွေနဲ့ ကြံ့ဖွတ်၊ မီးသတ်၊ စည်ပင် ယူနီဖောင်းဝတ်ကောင်တွေပဲ၊ အဲ.... ရဲတွေလည်းပါတယ်။ အယုတ္တ၊ အနတ္တတွေ အော်ပြီး ဟိုဆွဲ၊ ဒီဆွဲ ဈေးထဲမှာ ဘီလူးစီးသလို ပွဲကြမ်းနေတယ်။

ကျုပ်လည်း လက်ဖက်ရည်ဖိုးအမြန်ရှင်းပြီး အပြေးတပိုင်း သွားကြည့်မိတယ်။ ဈေးထဲမှာ စတည်းချနေတဲ့ အခြေအနေမဲ့တွေကို စီမံချက်နဲ့ ဝင်ဖမ်းတာတဲ့။ ကြည့်ဦး အသက်အရွယ်ကြီးတဲ့ သူတွေရော၊ အင်အားချိနဲ့ မသန်မစွမ်းတွေရော အရွယ်စုံ ဆိုက်စုံကလေး၊ မိန်းမ၊ ယောက်ျား၊ ကုလား၊ တရုတ်မျိုးစုံကို ဈေးတာဝန်ခံရုံးရှေ့ရောက်အောင် တုတ်ကြီးတွေတကားကားနဲ့ ကြိမ်းမောင်းဆဲဆိုပြီး ကျွဲအုပ်၊ နွားအုပ်လို မောင်းနေလိုက်တာ။

အဲ....ဈေးခေါင်း(ဈေးတာဝန်ခံ)ရုံးထဲ လှမ်းကြည့်လိုက်တော့ ပုခုန်းမှာ အပွင့်တွေနဲ့ စစ်ဝတ်ရော၊ ကာကီဝတ်ရောရောက်နေတယ်။ သူတို့ရှေ့က စားပွဲပေါ်မှာ ဘီယာဘူး၊ အရက်ပုလင်းတွေ အပြည့်အစုံအလင်နဲ့ ‘ကိုကြီးကျော်’ နတ် ပသထားတဲ့အတိုင်းပဲ။ ကြံ့ဖွတ်တွေ၊ ဘာကောင်တွေ၊ ညာကောင်တွေ ဖမ်းလာတဲ့ လူတွေကို ငုတ်တုတ်ကလေး ထိုင်ခိုင်းထားတယ်။ ရုပ်ရှင်ထဲက ဖက်ဆစ်တွေရှေ့ ရောက်နေတဲ့ လူထုအတိုင်းပဲ။ ဟော.... ကျုပ်လှမ်းကြည့်နေတုန်း ဖမ်းလာတဲ့လူတွေကို ဟိုမေး ဒီမေး လုပ်ပြီး လူစုခွဲနေပြီ။

သူတို့ လူစုခွဲထုတ်တာကလည်း ကြည့်ဦး၊ မိန်းကလေးငယ်ငယ်တွေ၊ ဆေးဆိုးပန်းရိုက်မျက်နှာလေးတွေကို တစု၊ နောက် သူတို့နားကပ်ပြီး ခါးမှာလိမ်ကျစ်ထားတဲ့ ငွေစက္ကူအနွမ်းလေးတွေကို တုန်တုန်ရီရီ ထုတ်ပေးကြတဲ့ သူတွေကို တစု၊ ပိန်လှီချောက်ကပ်ပြီး ဘာမှမပေးနိုင်တဲ့ လူတွေကျတော့ချက်ချင်းပဲ စစ်ရောင်တီအီးကားပေါ်တက်ခိုင်းလိုက်တယ်။

နောက်.... ကောင်မလေးတွေအုပ်စုကို ယူနီဖောင်းဆင်တူ ဝတ်ထားတဲ့ ဘာကောင်ညာကောင်တွေက ဈေးခေါင်းရုံးအပေါ်ထပ်ကို ခေါ်သွားတယ်။ အဲ့ဒီလိုခေါ်သွားတုန်း စစ်ရောင်နဲ့ ကာကီဝတ်တွေက ဘာ လှမ်းပြောတယ် မှတ်သလဲ။

“ငါတို့အတွက် သန့်သန့်လေးတွေ ချန်ထားဦး .... တဲ့”

ပိုက်ဆံပေးနိုင်တဲ့ လူတွေကို ပြန်ခိုင်းလိုက်ပြီး ဒါပေမယ့် ဒီတခါ ဒီလောက်နဲ့ ပြီးပေမယ့် နောက်တခါ တရာပေးနိုင်မှ ပြန်လွှတ်မယ်လို့ လှမ်းပြောလိုက်သေးတယ်။ ကားပေါ် တက်သွားတဲ့ အုပ်စုထဲက အသံတသံ ထွက်ကျလာလေရဲ့။

“ဘယ်ကိုပဲခေါ်ခေါ်၊ ဘာပဲလုပ်လုပ်၊ လုံလုံခြုံခြုံနဲ့ အိပ်ဖို့ရပြီ၊ စားဖို့လဲရပြီ....”တဲ့။

ကျုပ်လေ အံကိုတင်းတင်းကြိတ်မိတယ်။ ဒီအဖိနှိပ်ခံတွေဟာ လူတွေပဲ မဟုတ်လား။ ပြီးတော့ ဘယ်နိုင်ငံသားတွေလဲ၊ မြန်မာပြည်သားတွေပဲ....။ သူတို့ဘဝတွေဟာ အစကတည်းက အခြေမဲ့ အနေမဲ့တွေလား၊ မဟုတ်ဘူး။ သူတို့ဘဝတွေကို ဖရိုဖရဲဖြစ်သွားအောင် ဖိနှိပ်အနိုင်ကျင့်တဲ့ကောင်တွေကရော ဟောဒီနိုင်ငံထဲမှာနေတဲ့လူတွေပဲ မြန်မာပြည်သားတွေပဲ။

တောက် ....

ကျုပ် အဲ့ဒီဘာကောင် ညာကောင်တွေကို မျက်စောင်းတချက် ထိုးကြည့်လိုက်တယ်။ ကျုပ်ရဲ့ မျက်စောင်းဟာ နဂါးမျက်စောင်းဆိုရင် ဒီလို သခင်အားရ၊ ကျွန်ပါးဝကောင်တွေ၊ လက်ကိုင်ဒုတ်တွေ၊ အရိုးအရင်း စားပြီး အမြီးနှံ့ လေလည်တတ်တဲ့ ကောင်တွေ၊ အိမ်စောင့်ခွေးတွေ၊ ပြာဖြစ်သွားတော့မှာပဲနော်။ ❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
# အမှတ်(၉၇/ခ) အနောက်ရွှေဂုံတိုင်လမ်း
# ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
# ကြေညာချက်အမှတ် – ၃ (၁/၂၀၀၀)

၁။ ဆရာတော်ကြီးများ ဖြစ်ကြသော နိုင်ငံတော်သြဝါဒစရိယ ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော် သံဃာ့ဝန်ဆောင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ် ဆရာတော်ဘုရားကြီးနှစ်ပါးတို့၏ သြဝါဒကထာများ ပေါ်ထွက်လာခဲ့သည်။

၂။ ထို အရှင်သူမြတ်နှစ်ပါး၏ သြဝါဒကထာ စာနှစ်စောင်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မူရင်းစာစောင်များအဖြစ် တိုက်ရိုက်ရရှိခဲ့ခြင်း မဟုတ်ဘဲ၊ ရက်အတန်ကြာမှပင် အများနည်းတူ ပြည်သူများအတွင်း ပြန့်နှံ့ရောက်ရှိသည့် မိတ္တူစာစောင်များကိုသာ အဖွဲ့ချုပ်မှ ရရှိခဲ့ခြင်း ဖြစ်သည်။

၃။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ၏ တိုင်းသူပြည်သားများအပေါ် ဂရုဏာကြီးစွာ ထားလျက် ပေးလာသောသြဝါဒများနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မည်သူမည်ဝါကိုမျှ လက်ညှိုးထိုးရည်ညွှန်းပြောဆို ပုတ်ခတ်လိုသော စိတ်ဆန္ဒအလျဉ်း မရှိပေ။

၄။ ဆရာတော်ဘုရားကြီးနှစ်ပါး၏ ပစ္စည်းလေးပါးအလှူရှင်ဒါယိကာ၊ ဒါယိကာမများအပေါ် ကြီးစွာသော ဂရုဏာဆန္ဒများဖြစ်သည့် ဤသြဝါဒကထာများ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်ဟု ရိုးသားစွာ ယုံကြည်သည်။

၅။ ဤသြဝါဒများ ထွက်ပေါ်လာပြီးသည့်နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ဆွေးနွေးတိုင်ပင်ကြရာတွင် ပြည်သူများအပေါ် ထားရှိသည့် ဆရာတော်ကြီးနှစ်ပါး၏ ဂရုဏာ၊စေတနာ၊ မေတ္တာ လွှမ်းခြုံသော ဆန္ဒတော်များကို ရိုသေလေးစားထိုက်သည်ဟု သဘောတူညီခဲ့ကြသည်။ သို့အတွက်ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားကိုလည်း ဆရာတော်ဘုရားကြီးထံသို့ ပန်ကြားဆက်ကပ်လျှောက်ထားပြီး ဖြစ်သည်။

၆။ ပြည်သူပြည်သားတို့၏ အခက်အခဲအကျပ်အတည်းနှင့် ဆင်းရဲဒုက္ခများအား ကြည့်မနေရက်သော ဆရာတော်ဘုရားကြီးများ၏ ကြောင့်ကျစိုက်ထုတ်မှုကို လောကီရေးရာဖြစ်သော နိုင်ငံရေးတွင် ဝင်ရောက်နှယ်ယှက်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ တိုင်းသူပြည်သားအားလုံးနီးပါးက ရှုမြင်ယူဆမှု လုံးဝမရှိကြပါ။ ပြည်သူပြည်သားအပေါင်းအား ဆင်းရဲဒုက္ခမှ ကယ်တင်ခြင်းသည် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ၏ ဒေသနာတော်များနှင့် အညီအညွတ်ရှိလှသော ဆောင်ရွက်ဖွယ်ကိစ္စဖြစ်သည်ဟု ဗုဒ္ဓဘာသာ မြန်မာတမျိုးသားလုံးက သက်ဝင်ယုံကြည်ကြသည်သာ ဖြစ်သည်။

၇။ ဗုဒ္ဓမြတ်ဘုရား၏ တရားဒေသနာတော်နှင့်အညီပေးလာသော ဆရာတော်အရှင်သူမြတ်ကြီးနှစ်ပါး၏ ဆုံးမသြဝါဒအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် တိုင်းသူပြည်သားတို့၏ သဘောထားနှင့် ထပ်တူပြုရိုသေစွာ နာခံရန် အသင့်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း(၂)ရက် ရန်ကုန်မြို့
၂၀၀၀ခုနှစ် ဇန်နဝါရီလ (၇)ရက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့

❑ နောက်ကျောဖုံးမှအဆက်

လည်းကောင်းရည်မှန်းလျက် နိုင်ငံတကာဆိုင်ရာဘက်ပေါင်းစုံလိုက်လျော ညီထွေဆောင်ရွက်ရသော ကမ္ဘာ့ပတ်လည်ယှက်နွယ်ဆက်ဆံမှုအချက်များကို လေးစားလိုက်နာပြီး၊တိုင်းပြည်ကို ပြည်သူလူထုကိုယ်စား စီမံအုပ်ချုပ်ကြရခြင်းဖြစ်ကြောင်း၊အာဏာရှင်များကဲ့သို့ တိုင်းပြည်ကိုကောက်ယူရရှိထားသောကိုယ်ပိုင်ပစ္စည်းသဖွယ်ထင်သလိုချယ်လှယ်၍မရနိုင်ကြောင်း။

နက်နက်နဲနဲ နှလုံးသွင်းကြရမည်မှာပြည်ထောင်စုမြန်မာနိုင်ငံ၌ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးများမရသေးသမျှကာလပတ်လုံး ပြည်သူပြည်သားများအနေဖြင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်များ မရရှိနိုင်သောအချက်ပင်ဖြစ်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း နိုင်ငံတွင်းလက်ရှိဖြစ်ပေါ်နေသောအလုံးစုံအကျပ်အတည်းများမှလွတ်မြောက်စေရန်အကြမ်းမဖက်သောနည်းဖြင့် မိမိတို့အမျိုးသားအချင်းချင်းဆွေးနွေးညှိနှိုင်းအဖြေရှာသောနည်းဖြင့် ပြည်ထောင်စုသားများအားလုံးအကျိုးစီးပွားကို ဖော်ထုတ်နိုင်ရန်ရှေ့ရှုဆောင်ရွက်ရမည့်မှုများချမှတ်ထားကြောင်း။

သို့အတွက် ရောက်ရှိလာမည်ဖြစ်သည့်(၂၁)ရာစုပညာလူ့အဖွဲ့အစည်း၏ကမ္ဘာ့ရွာကြီးတွင် အမိမြန်မာနိုင်ငံတော်ကြီးစစ်မှန်သောလွတ်လပ်ရေးတည်တံ့ခိုင်မြဲလျက်အမျိုးသားဂုဏ်သိက္ခာမြင့်မားသော ခေတ်မှီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ကာ လူ့အခွင့်အရေးများရရှိခံစားနိုင်ရန် တိုင်းရင်းသားများအပါ အဝင်မြန်မာအမျိုးသားထုကြီးအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကြီးနှင့်လက်တွဲ၍၊ ကြိုးပမ်းအားထုတ်၍အစွမ်းကုန်ဆောင်ရွက်ကြရန်သန္နိဋ္ဌာန်ပြုကြပါစို့ဟုအလေးအနက်တိုက်တွန်းအပ်ပါကြောင်းအဆိုပါ(၅၂)နှစ်မြောက်လွတ်လပ်ရေးနေ့ထုတ်ပြန်ကြေညာချက်ထဲတွင်ဖော်ပြပါရှိပါသည်။

ထို့အပြင်သက္ကရာဇ်၂၀၀၀ပြည့်နှစ် အထိမ်းအမှတ်အဖြစ် ငှက်မျိုးစုံကောင်ရေ ၂၀၀၀ ဘေးမဲ့ လွှတ်ခြင်း၊ ရောင်စုံမိုးပျံပူပေါင်းများနှင့် အတူ မြန်မာပြည်မြေပုံကို လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလံတော်ကိုလည်းကောင်း ပူးတွဲချိတ်ဆွဲပြီး ကောင်းကင်သို့ လွှတ်တင်ခြင်းတို့ ပြုလုပ်ရာ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်ပေါင်းစုံနှင့် အနယ်နယ်အရပ်ရပ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များလည်း အဆိုပါ(၅၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ ❖

အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာမှန်သမျှ တာဝန်အရ ဖီဆန်ကြ

# ကိုယ်တွေ့ နအဖ စစ်အကျဉ်းထောင်

## ထောင်တွင်းဖြတ်သန်းမှု (၂)

"မင်းတို့ဟာ မင်းတို့ အပြင်မှာ ကျောင်းသားပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ ဘုန်းကြီးပဲ ဖြစ်ခဲ့ဖြစ်ခဲ့.... အဲ့ဒါတွေကို ဗူးဝမှာ ထားပစ်ခဲ့၊ အဲ့ဒါတွေကို မေ့ပစ်လိုက်" စတဲ့ ဗမာနိုင်ငံရဲ့ အကျဉ်းထောင်ထဲမှာ အသစ်ရောက်ရှိလာတဲ့ အကျဉ်းသားတွေကို ပြောတဲ့ နှုတ်ခွန်းဆက်စကားတွေအကြောင်း အရင်အပတ်က ပြောပြခဲ့ပါတယ်။

အဲ့ဒီနောက် "ဒီကောင့်ကို တိုက်ထဲ ပို့လိုက်"ဆိုတဲ့ အမိန့်သံတခု ကြားလိုက်ရပါတယ်။ ပြီး.... ထောင်မှူး တယောက်နဲ့ ဝန်ထမ်းနှစ်ယောက် ခြံရံပြီး ကျနော့်ကို တိုက်ခန်းများလို့ ရေးထားတဲ့ ဝင်းထဲကို ခေါ်သွားပါတယ်။ ဒီနေရာမှာတော့ တိုက်ဝင်းအကြောင်းကို နည်းနည်းရှင်းပြချင်တယ်။ ဒီတိုက်ဝင်းအတွင်းမှာ တိုက်တန်း(၆)ခုရှိပြီး တိုက်ခန်းပေါင်း(၁၅၀)ရှိပါတယ်။ တိုက်တန်းပေါင်း(၆)ခုရှိပြီး ၁၊ ၂၊ ၃ တိုက်များအတွင်း ဝင်ပေါက်တခု ထားပါတယ်။ '၁'တိုက်မှာ အခန်းငယ်ပေါင်း (၁၄) ခန်း ရှိပါတယ်။ '၂'တိုက်မှာ အခန်းငယ်ပေါင်း(၆၀)ရှိပြီး တဖက်ကို အခန်း(၃၀)စီ မျက်နှာချင်းဆိုင် တည်ရှိ၍ အလယ်မှာ (၁၀)ပေကျယ်တဲ့ လူသွားလမ်း ရှိပါတယ်။ လူအတော်များများကတော့ '၂'တိုက်ကို ရင်ခွဲတိုက်လို့ခေါ်ပါတယ်။ အဝေးက လှမ်းကြည့်လိုက်ရင် ဂိုဒေါင်ပျက်ကြီးတခုနဲ့ တူပါတယ်။ အရင်တုန်းကတော့ '၂'တိုက်မှာ သေဒဏ်ကျခံထားရတဲ့ အကျဉ်းသားတွေ ထားပါတယ်။ '၃'တိုက်မှာ အခန်းပေါင်း(၁၄)ခန်း ရှိပါတယ်။ '၄' တိုက်ဟာ အခန်းပေါင်း(၃၀)ရှိတဲ့ တိုက်တန်းဖြစ်ပါတယ်။ '၅'တိုက်မှာတော့ အခန်းငယ်ပေါင်း (၂၂)ခန်း ရှိပါတယ်။ နောက်ဆုံး '၆'တိုက်ကတော့ အခန်းငယ်ပေါင်း '၁၀'ခန်းနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကျနော့်ကိုတော့ '၅' တိုက်(နောက်ပိုင်းမှာ ယုဝတီဆောင်လို့ နာမည်ကြီး) အခန်း'၇'မှာ ထားပါတယ်။ ဒီတိုက်ဟာ အခြားတိုက်များထက် အနည်းငယ် မြင့်တက်ပြီး တည်ဆောက်ထားတယ်။ အရင်တုန်းကတော့ တိုက်ရဲ့ အောက်ဘက်မှာ မြေအောက်ခန်းတခန်း ထပ်ရှိခဲ့တယ်။ 'ရေတိုက်'လို့ ခေါ်ပါတယ်။ ပြစ်ဒဏ်ပေးဖို့ ရည်ရွယ်ပြီး ဆောက်ထားတာပါ။ ဒါပေမယ့် ခုတော့ အဲ့ဒီရေတိုက်ကို ပြစ်ဒဏ်အဖြစ် အသုံးမပြုတော့ပါဘူး။ အခန်းငယ်တခန်းရဲ့ အကျယ်အဝန်းက ၈× ၁၀ ပေကျယ်ပြီး အမြင့်ကတော့ ၁၅ ပေလောက် ရှိပါတယ်။

**ကိုဘိုကြည်**

အဲ့ဒီ '၅'တိုက်ရဲ့ အခန်းနံပါတ်(၇)ရှေ့ကို ရောက်လျှင်ပဲ ကျနော့်ကို ခေါ်လာတဲ့ ထောင်မှူးက "မင်း ဒီအခန်းမှာ နေရမယ်"ဆိုပြီး သူ့အနောက်က ဝန်ထမ်းက တိုက်တံခါးကို ဖွင့်ပါတယ်။ ပြီး "တက်"ဆိုတဲ့ အမိန့်သံနဲ့ ထွက်လာပါတယ်။ '၅'တိုက်က လှေခါးသုံးထစ် ရှိပါတယ်။ အခန်းထဲကို ကျနော်ဝင်လိုက်တာနဲ့ တပြိုင်နက် 'ဝုန်း'ကနဲ ဆို တခါးပြန်ပိတ်သွားသံ ကြားလိုက်ရပါတယ်။

အဲ့ဒီ 'ဝုန်း'ကနဲဆိုတဲ့ အသံနဲ့အတူ ပါသွားတာကတော့ 'လွတ်လပ်မှု'ပါပဲ။ စောစောကဖွင့်လိုက်တဲ့ တံခါးရဲ့အကျယ်က ၂½×၆ပေလောက် ရှိတယ်။ အခန်းထဲမှာ ဖျာကြမ်းတချပ်၊ ဂန်ဖလား နှစ်လုံး ဒါပါပဲ။ တံခါးအပြင်ဘက် လှေခါးထစ်မှာတော့ အဖုံးမပါတဲ့ သောက်ရေအိုး တလုံး ဒါပဲ။

ကျနော်ဟာ အဲ့ဒီအခန်းကျဉ်းလေးထဲမှာ တယောက်ထဲ သီးခြားချုပ်နှောင်ခံခဲ့ရပါတယ်။ ငရဲခန်းထက်စာရင်တော့ အတော်လေး သက်တောင့်သက်သာရှိတယ်လို့တော့ တွေးမိတယ်။ ဆက်ပြီးတော့လည်း ဘာဖြစ်လို့ ဒီလို သီးခြားထားတာလဲဆိုတာ ဆက်စဉ်းစားဖြစ်လာတယ်။

၁။ ကျနော်တို့ရဲ့ နိုင်ငံရေးအမြင်တွေနဲ့ အခြား အကျဉ်းသားတွေကို စည်းရုံးသိမ်းသွင်းမှာကို အာဏာပိုင်တွေက စိုးရိမ်ပါတယ်။

၂။ လက်ရှိအခြေအနေအရ လုံခြုံရေးကို ပိုမိုစိတ်ချနိုင်ရန်ဆိုတဲ့အချက်တွေကို အကြောင်းပြပြီး သီးခြားချုပ်နှောင်ထားတာ ဖြစ်တယ်။

စရောက်ခါစ ရက်ပိုင်းတွေမှာ ဝန်ထမ်းတွေရဲ့ ဖိနှိပ်မှုတွေက တော်တော်များပါတယ်။ ကျနော့်ကို အဲ့ဒီ '၅' တိုက်ထဲ အရင်ရောက်နှင့်နေတဲ့ လူတွေကို နှုတ်ဆက်ခွင့်တောင် မရလောက်အောင်ကို တားမြစ်ခဲ့ပါတယ်။ သာမန်အားဖြင့် ထောင်ထဲမှာရှိတဲ့ ပျော်စရာပွဲတော်တခုကတော့ ကိုယ့်ရဲ့ မိတ်ဆွေဟောင်းတွေ၊ မိတ်ဆွေသစ်တွေကို တွေ့ဆုံရခြင်းပဲ ဖြစ်တယ်။

ကျနော် အင်းစိန်ထောင် '၅' တိုက် '၇'အခန်းကို ရောက်တဲ့နေ့ကလည်း ကျနော့်ရဲ့ မိတ်ဆွေဟောင်းတွေဖြစ်တဲ့ စိုးသိန်း၊ ထွန်းကြည်၊ ဦးသိန်းဟန် အစရှိသဖြင့် သူတို့ရဲ့ တိုက်ခန်းငယ်တွေထဲက လှမ်းပြီး နှုတ်ဆက်ကြ၊ အပြင်က အခြေအနေတွေ မေးကြ၊ ဒေါ်အောင်ဆန်းစုကြည်အကြောင်း မေးကြပေါ့။

ဒါပေမယ့် ဝန်ထမ်းတွေ ရောက်လာပြီး တခန်းနဲ့ တခန်း စကားမပြောဖို့၊ ဒါဟာ အကျဉ်းထောင်ဥပဒေကို ချိုးဖောက်တာဖြစ်တယ်။ ပြီးတော့ ခင်ဗျားတို့ ပြောနေတဲ့စကားတွေက နိုင်ငံရေးစကားတွေဖြစ်တယ်။ ထောင်ထဲမှာ နိုင်ငံရေးစကား မပြောရဘူးလို့ လာတားမြစ်ပါတယ်။

ရက်အနည်းငယ်ကြာတော့ ကျနော်လည်း အကျဉ်းထောင်ရဲ့ ပုံစံခွက်ထဲမှာ နည်းနည်းတော့ နေသားကျလာပါတယ်။ အကျဉ်းထောင်ထဲ နေထိုင်ရတဲ့ဘဝဟာ ယန္တရား သိပ်ဆန်ပါတယ်၊ မနေ့ကရယ် ဒီနေ့ရယ် မနက်ဖန်ရယ်ဟာ အတူတူပါပဲ။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် ဆိုတာလည်း မရှိပါဘူး။ ၁၉၉၉၊ ၂၀၀၀ ဆိုတာလည်း မရှိပါဘူး။ အားလုံး အတူတူပဲလို့ ခံစားရပါတယ်။

ကျနော်တို့ နေ့စဉ်မြင်နေရတဲ့ မြင်ကွင်းဟာ အကန့်အသတ်နဲ့ဖြစ်ပြီး နေ့တဓူဝ အဲ့ဒီမြင်ကွင်းဟောင်းကိုသာ ကြည့်နေရတာ၊ စကားလုံးဟောင်းတွေကိုသာ ကြားနေရတာ ဖြစ်တယ်။ ရှေ့မှာ ရှိနေတဲ့ ၈ ပေလောက်ရှိတဲ့ အုတ်တံတိုင်းတခု ရှိပါတယ်။ အဲ့ဒီအုတ်တံတိုင်းကို ထုံးအဖြူရောင် သုတ်ထားလေ့ ရှိပါတယ်။ နေ့ခင်းဘက်ဆိုရင် အဲ့ဒီအုတ်တံတိုင်းက နေရှိန်နဲ့ ရောင်ပြန်ဟပ်မှုဟာ ကျနော်တို့ရဲ့ မျက်လုံးတွေကို တဖြည်းဖြည်းနဲ့ ပျက်စီးအောင် လုပ်နေသလိုပါပဲ။ ဒီလိုနဲ့ပဲ နိုင်ငံရေးအကျဉ်းသားတွေဟာ အာဟာရချို့တဲ့မှု၊ အလင်းပြန်မှုကြောင့် သူတို့ဟာ မျက်စေ့အားနည်းပြီး မှုံတာတို့ ကွယ်တာတို့ စတဲ့ရောဂါတွေ ဖြစ်လာကြရပါတယ်။

အခန်းကျဉ်းထဲမှာ တယောက်ထဲ နေရတဲ့ဘဝဟာ ဘယ်လောက်ပျင်းစရာ ကောင်းမလဲ၊ စိတ်ဆင်းရဲစရာ ကောင်းမလဲဆိုတာ စဉ်းစားကြည့်ကြပါ။ တနေ့မှာ ၂၄ နာရီရှိတဲ့နေရာမှာ ၂၃ နာရီနဲ့ ၄၀ မိနစ်မှာ သော့အကြီးကြီးနဲ့ အခတ်ခံထားရတယ်။

"အချိန်တွေဟာ ကုန်ခဲလိုက်တာ၊ နေ့တွေဟာ ရှည်လျားလွန်းလိုက်တာ၊ ညတွေဟာ မကုန်နိုင်လိုက်တာ"

ဗမာပြည် အကျဉ်းထောင်ထဲမှာတော့ အကျဉ်းသားတိုင်းအတွက် စိန်ခေါ်မှုတွေ ရှိတယ်။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေအတွက် စိန်ခေါ်မှု။ သာမန်ရာဇဝတ်အကျဉ်းသားတွေဟာ သာမန်အားဖြင့် ကျွန်တော်တို့လို တိုက်ထဲမှာ နေလေ့ မရှိပါဘူး။ ဒါပေမယ့် သူတို့မှာလည်း တချို့နေရာတွေမှာတော့ ကျနော်တို့ နိုင်ငံရေးသမားထက်ကို ပိုမိုဆိုးရွားရွား ခံစားခဲ့ရတာတွေ ရှိပါတယ်၊ ဥပမာ တချို့ ထောင်ခြောက်လ၊ တနှစ်လောက်သာကျပြီး ရဲဘက်စခန်းထွက်ပြီး သေသွားတာမျိုး၊ ခြေကျိုး၊ လက်ပြတ်၊ မျက်လုံးကန်း စသဖြင့် ခံစားရတာမျိုးတွေ ရှိပါတယ်။

အဓိကကတော့ တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ တယောက်ထဲ ရပ်တည်နိုင်ဖို့အတွက် အရေးအကြီးဆုံးကတော့ 'စိတ်'ပါပဲ။ အဲ့ဒီ'စိတ်'ကို ဘာနဲ့ တည်ဆောက်မလဲဆိုတာကိုတော့ မိမိရန်သူရဲ့ နည်းဗျူဟာတွေကို ဆန်းစစ်ရပါမယ်။ အဲ့ဒီလို ဆန်းစစ်ပြီးတဲ့ အခါကျတော့မှ ရန်သူက မိမိကို ဘာဖြစ်စေချင်တာလဲ။ ကိုယ်က ရန်သူကို နိုင်အောင် တိုက်နေတာ။ ရန်သူဖြစ်စေချင်တဲ့အတိုင်း မိမိကဖြစ်သွားရင် မိမိရှုံးပြီပေါ့။ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့ဖူးတဲ့စကားလေး တခွန်းလိုပေါ့၊ "လူတယောက်ဟာ ကိုယ်ကိုယ်တိုင်က မစော်ကားရင် ဘယ်သူမှ လာစော်ကားလို့ မရပါဘူး"

အဲ့ဒီလိုပဲ နဝတ အစိုးရရဲ့ အကျဉ်းထောင် ထားရှိရတဲ့ ရည်ရွယ်ချက်က "တဦးတယောက်ရဲ့ ခိုင်ကျဉ်တဲ့ စိတ်ဓာတ်တွေ၊ ယုံကြည်ချက်တွေကို တစစီ ချိုးဖျက်ပစ်ဖို့ ဖြစ်တယ်"

ဒီအပါတ်တော့ ဒီလောက်ပါပဲ။

❖



# နှစ်ဆယ့်တစ်ရာစုအကြို

○ တားမြစ်ခံထားရတဲ့
သမိုင်းရဲ့ ပုံရိပ်များ
တို့မှတ်ဉာဏ် သက်တမ်းကာလ
နယ်နိမိတ်မဲ့စွာ ဖြတ်သန်းသွားခဲ့
ခွန်အားရဲ့ ယုတ္တိဗေဒတရားနဲ့
မွေးဖွားလာကြသူတို့ကား
ဒိုင်နိုဆောများလို မျိုးပြုန်းစ ပြုခဲ့ပြီ။

○ သွေးကွက်များ စွန်းကွက်နေတဲ့
စာမျက်နှာပေါ်က နှလုံးခုန်သံတွေဟာ
ကဗျာတပုဒ်လည်းဟုတ်ရဲ့
သီချင်းတပုဒ်လို ညည်းချင်ညည်း
နာကြည်း ဟစ်ကြွေးနေတဲ့ ပန်းချီကား
ခံစားနိုင်သူတို့က ပုံဖော်ကြလိမ့်။

○ လမ်းမပေါ်မှာ
အေးဆေးစွာ လျှောက်လှမ်းနေသူတို့ရဲ့ ခြေရာ
တာရှည်ခံနိုင်ပေစွ
အမှန်တရားအတွက် သတ္တိ
အဓိပ္ပါယ်ရှိတယ်
ကြောက်ရွံ့ခြင်းအသိ လွန်ကဲ
အိပ်မက်ထဲမှာပဲ နေပါစေတော့။

○ အခုတော့ နယ်ပျိုပွင့်သစ် ရောင်စုံဖွဲ့စည်းမှုများဟု
တာရာသစ်များလို ရှန်းလက်တောက်ပ
အလင်းတန်းပြလို့နေပေါ့
ကဆုန်စိုင်းပြေးတဲ့
မြင်းရိုင်းကြီးပေါ် စီးမိခဲ့ကြ
ပြုတ်မကျပဲ ခရီးဆက်ဖို့သာ
ငါတို့ သန္နိဋ္ဌာန် ချကြတယ်။

○ ကြိုတင်ပြင်ဆင်ပြီးသား
ဘဝရဲ့ နေ့ရက်များအားလုံးထဲက
အတောက်ပဆုံး မျှော်လင့်ချက်များနဲ့
အမှောင်ဆုံး သင်ခန်းစာတို့
ဆုံစည်းရာ
မေ့ပျောက်ခြင်းနဲ့ ခွင့်လွှတ်ခြင်း
မျဉ်းပြိုင်တို့ တည်ရှိရာ
ဒီမိုကရေစီ သဏ္ဌာရာဇ်
နှစ်ဆယ့်တစ် ရာစုထဲ
သူတို့ကို လက်တွဲမခေါ်ချင်တော့ဘူး။

**မုံရွာ အောင်ရှင်**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ဝေသော 'ဖတ်စရာ မှတ်စရာ' စာစောင်မှ ကူးယူဖော်ပြပါသည်**

အယ်ဒီတာ
ကိုပုည

မြန်မာနိုင်ငံ
လွတ်လပ်သည့် သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

မိုးကြိုး သတင်းစဉ်သို့
ဆောင်းပါးများ၊ သတင်းများနှင့်
ဝေဖန်အကြံပြုစာများ
ပေးပို့ဆက်သွယ်နိုင်ပါသည်။

THE LIGHTNING NEWSLETTER
P.O. BOX (1232)
NA NA POST OFFICE
BANGKOK 10112
THAILAND.
E-mail : bina@loxinfo.co.th

# နအဖ စစ်အုပ်စုက တိုင်းပြည်အား အကြမ်းဖက်နည်းဖြင့်ခြိမ်းခြောက်အုပ်ချုပ် စစ်အုပ်စုခေါင်းဆောင်များ၏သားမြေးတို့က အကြမ်း ဖက်ဂိုဏ်းများဖွဲ့ သောင်းကျန်း

ရန်ကုန်မြို့ထဲတွင် နအဖ စစ်အုပ်စုခေါင်းဆောင်များ၏ သားမြေးတို့က အကြမ်းဖက်လမ်းသရဲဂိုဏ်းများ ဖွဲ့ကာ မြို့နေလူထုအား နှောင့်ယှက်ဗိုလ်ကျနေကြောင်း သတင်းရရှိပါသည်။

အဆိုပါ ဂိုဏ်းများမှာ စစ်အာဏာရှင်ချုပ်မှူးကြီး ဗိုလ်နေဝင်း၏သမီး စန္ဒာဝင်း၏သား ဦးဆောင်သော ယူရိုပီယမ်ဂိုဏ်း၊ မြို့တော်ဝန် ဦးကိုလေးနှင့် ဝန်ကြီး ဦးဝင်းစိန်တို့၏ သားများ ဦးဆောင်သော စကြာဂိုဏ်းနှင့် စစ်အုပ်စုသားသမီးတို့ခေါင်းဆောင်သော အခြား အကြမ်းဖက်ဂိုဏ်းများ ဖြစ်ကြောင်း သိရသည်။

ထို အကြမ်းဖက်ဂိုဏ်းများထဲသို့ ဝင်ရောက်လိုပါက စစ်အစိုးရ ခေါင်းဆောင်ပိုင်းတဦးနှင့် သိကျွမ်းပတ်သက်ရမည်ဖြစ်ပြီး၊ ငွေ(၁၀)သိန်း၊ Mark-2 ကားတစီးနှင့် အဆင့်မြင့်တိုက်ခန်း (၁) ခန်း ပိုင်ဆိုင်ရမည်ဟု ဆိုသည်။ ဂိုဏ်းဝင်ဖြစ်သူသည် ယာဉ်မျိုးစုံ မောင်းနှင်နိုင်ခြင်း၊ သေနတ်အပါအဝင် လက်နက်မျိုးစုံ သုံးစွဲတတ်ခြင်း၊ ကိုယ်လုံပညာ တတ်မြောက်ခြင်းတို့ပြည့်စုံရန် အဆင့်မြင့်သင်တန်းများ တက်ရသေးကြောင်း သိရသည်။

ယခုအခါ ထိုအကြမ်းဖက်ဂိုဏ်းဝင်များသည် လျှပ်စစ်ဒုတ်လက်နက် (နအဖ–ကပစ မှ ထုတ်သည်) အသံတိတ်မြှားသေနတ် အသေးစားများ ကိုင်ဆောင်ပြီး နိုက်ကလပ်များ၊ ဘီယာဆိုင်များတွင် မင်းမူရမ်းကားနေကြသည်ဟု ဆိုသည်။ ၁၉၉၉ ခုနှစ် အောက်တိုဘာလအတွင်းက တိုးအောင်သန်း (ဒေါ်အောင်ဆန်းစုကြည်၏တူ)အား လက်ဖက်ရည်ဆိုင်တဆိုင်အတွင်း လင်းယုန်နက်ဂိုဏ်းသားတို့က သူတို့အား စိုက်ကြည့်သည်ဟု အကြောင်းပြပြီး လျှပ်စစ်ဒုတ်များဖြင့် ဝိုင်းဝန်းရိုက်ကြသဖြင့် ဆေးရုံတက်ရောက် ကုသရကြောင်း၊ ပန်းပဲတန်း ရဲစခန်းတွင် အမှုဖွင့်သော်လည်း ရဲအဖွဲ့မှ တောင်းပန်ကာ အမှုပိတ်လိုက်ရသည်ဟု ဆိုသည်။

ဇန်နဝါရီလဆန်းပိုင်းက မြေနီကုန်း(၃)လမ်းထိပ်တွင် (ကက)နံပါတ်တပ် အငှားယဉ်မောင်းသူ ကိုထိုက်အား သူတို့၏ ကားကို အရှေ့မှ ကျော်တက်သည်ဟု အကြောင်းပြပြီး စကြာအဖွဲ့ဝင်တို့က ဝိုင်းရိုက်ကြသည်ဟု သိရသည်။

ထိုအတောအတွင်းမှာပင် သိမ်ကြီးဈေး 'မေဝါး'စားသောက်ဆိုင်တွင် အလုပ်လုပ်နေသော မိန်းခလေးတဦးအား စကြာအဖွဲ့ဝင် (၅)ဦးတို့က ညအလုပ်ဆင်းချိန် ကားပေါ်သို့ ခြိမ်းခြောက်ကာ ခေါ်တင်ပြီး ဝိုင်းဝန်းမုဒိမ်းကျင့်ခဲ့ကြောင်း၊ ရဲစခန်းသို့ သွားရောက်အမှုဖွင့်ရာတွင် ပြစ်မှုကျူးလွန်သူ စကြာအဖွဲ့ဝင်(၅)ဦးအား မဖမ်းဆီးဘဲ မိန်းကလေးကို ပြည့်တန်ဆာပုဒ်မဖြင့် ထောင်(၆)လ ချမှတ်လိုက်သည်ဟု သိရသည်။

ထို့ပြင် သက္ကရာဇ်(၂၀၀၀)ပြည့်နှစ်ကူးညက အင်းလျားကန်ဘောင်ပေါ်တွင် ယူရိုပီယမ်ဂိုဏ်းနှင့် စကြာဂိုဏ်းတို့ အချင်းချင်းရိုက်ပွဲဖြစ်ပွားကြသဖြင့် ယူရိုပီယမ်ဂိုဏ်းမှ ဂျူးဂျူး (ရန်ကုန်တိုင်းမှူး၏ သား)အပါအဝင် နှစ်ဦး ဓားဖြင့်အထိုးခံရပြီး စကြာဂိုဏ်းမှ လေးလေး၊ သန်းကျော်ဌေးအပါအဝင် (၅)ဦး ဓားထိုးခံကြရကြောင်း သိရသည်။ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး စစ်အုပ်စုခေါင်းဆောင်ပိုင်းအတွင်း၌လည်း အငြင်းပွားပြဿနာတက်နေကြောင်း သတင်းရရှိပါသည်။ ❖

# နေဝင်း၊ သန်းရွှေ၊ ခင်ညွန့်၊ ကိုလေး၊ တင်ဦးတို့ ပန်းခွေချခြင်း ခံရ၊ ရန်ကုန်မြို့ မြို့တော်ခမ်းမ ဇာတ်စင်အောက်တွင် လက်ပစ်ဗုံး တွေ့

ဇန်နဝါရီလ (၄)ရက်နေ့တွင် ကျရောက်သော လွတ်လပ်ရေးနေ့အခမ်းအနားအဖြစ် နအဖ စစ်အုပ်စုဝင် မြို့တော်ဝန်မှ ဦးဆောင်ပြီး ရန်ကုန်မြို့ရှိ မြို့တော်ခမ်းမရှေ့တွင် ဖျော်ဖြေရေးအစီအစဉ်တရပ် ကျင်းပခဲ့ကြောင်း သိရသည်။

သို့သော်လည်း အဆိုပါ ဖျော်ဖြေရေးအစီအစဉ်မှာ ပြီးဆုံးအောင်မြင်မှု မရှိဘဲ ပျက်ပြားသွားသည်ဟုဆိုသည်။ အကြောင်းမှာ ဖျော်ဖြေရေးအစီအစဉ် ပြုလုပ်နေချိန် ဇာတ်စင်အောက်တွင် လက်ပစ်ဗုံး(၁)လုံး တွေ့ရှိရာမှစတင်၍ လာရောက်ကြည့်ရှုများ အုတ်အော်သောင်းနင်းဖြစ်ကာ နောက်ဆုံး ဖျော်ဖြေရေးအစီအစဉ်အား ရပ်နားလိုက်ရသည်ဟု သိရသည်။ နအဖစစ် အုပ်စုမှ လက်ပစ်ဗုံး တွေ့ရှိသော သတင်းအား ထိန်ချန်ပြီး မထုတ်ပြန်သော်လည်း လူထုအတွင်း၌ အဆိုပါ လက်ပစ်ဗုံးသတင်းမှာ ညတွင်းချင်း ချက်ချင်းပြန့်နှံ့သွားကြောင်း သတင်းရရှိပါသည်။

ထို့အပြင် သက္ကရာဇ် (၂၀၀၀)ပြည့်နှစ် နှစ်သစ်ကူးညက ရန်ကုန်မြို့ရှိ မအူကုန်းလမ်းဆုံ၊ တာမွေလမ်းဆုံ၊ မရမ်းကုန်းလမ်းဆုံ၊ မြိုင်ဟေဝန်ပန်းခြံအနီး၊ လှည်းတန်းဓမ္မာရုံရှေ့၊ ပြည်သူ့လွှတ်တော် တံခါးပေါက်အနီး၊ အေဒီလမ်းထိပ်၊ သာကေတလမ်းဆုံ၊ ရွှေတောင်ကြား ဗိုလ်ချုပ်ရွာအတွင်း စသည့်နေရာအနှံ့အပြားတွင် နေဝင်း၊ သန်းရွှေ၊ ခင်ညွန့်၊ မောင်အေး၊ တင်ဦး၊ ကိုလေး၊ စသည့် နအဖ စစ်ခေါင်းဆောင်တို့၏ နာမည်များ ရေးထိုးထားသော ပန်းခွေများ ချထားသည်ကို တွေ့ရှိရကြောင်း သတင်းရရှိပါသည်။ ❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်များ ခစ်ကိုင်းတိုင်း မုံရွာမြို့နယ်နှင့် မုံရွာခရိုင်အတွင်း အဖြစ်အပျက်ချင်း တူစွာ ဆက်တိုက်ဖျက်ဆီးခံကြရ

စစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် မုံရွာမြို့နယ်အတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုင်းဘုတ်များ ဖျက်ဆီးခံခဲ့ကြရသည်ဟု သတင်းရရှိပါသည်။

ထိုသို့ဖျက်ဆီးခံခဲ့ကြရာတွင် မုံရွာခရိုင် ယင်းမာပင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်အား (၂၀–၁၂–၉၉)နေ့ကလည်းကောင်း၊ မုံရွာမြို့နယ် မြို့မရပ်ကွက်တခုဖြစ်သည့် လယ်တီရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်အား (၂၆–၁၂–၉၉)နေ့ကလည်းကောင်း၊ မုံရွာမြို့နယ် မြို့မရပ်ကွက်တခုဖြစ်သည့် လှည်းတန်းရပ်ကွက် အမျိုးသားဒီမိုကရေစီဆိုင်းဘုတ်အား (၂၇–၁၂–၉၉)ရက်နေ့ကလည်းကောင်း၊ မုံရွာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုင်းဘုတ်အား (၃–၁–၂၀၀၀)နေ့ကလည်းကောင်း၊ မသမာသူလူတစုက ည(၁၂း၃၀)ခန့်တွင် မော်တော်ဆိုင်ကယ်များဖြင့် ရောက်လာကာ ငရဲမီး(အက်ဆစ်)ဖြင့် ပက်၍ဖျက်ဆီးသွားသည်ဟုရပ်ကွက်လူထုတချို့နှင့် ဆိုင်းဘုတ်တင်ထားသောအိမ်ရှင်က ဆိုပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တရားဝင် ရပ်တည်ခွင့်၊ နိုင်ငံရေးနှင့် စည်းရုံးရေးများ တရားဝင် ဆောင်ရွက်ပိုင်ခွင့်တို့ကို နအဖ စစ်အုပ်စုမှ နည်းမျိုးစုံဖြင့် ကန့်သတ်နေခြင်း၊ ဖျက်ဆီးချေမှုန်းခြင်း၊ အဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှအစ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကျေး အဖွဲ့ဝင်များအထိ ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ဖိအားပေး နှုတ်ထွက်ခိုင်းခြင်း စသည့် တရားမဲ့ဥပဒေ၊ အမြော်အမြင်သိက္ခာမဲ့ ဆိုးရွားသော စိတ်ဓာတ်ဆိုးများအပြင် စီမံကိန်းရှိရှိ အဓမ္မလုပ်ကိုင် ဆောင်ရွက်ခြင်းများကို လုပ်ကိုင်ဆောင်ရွက်နေသည်မှာ ကြာပြီ ဖြစ်ကြောင်း သိခဲ့ရသည်။

ယခုဖြစ်ရပ်ကမူ ထိုသို့ ကြံစည်လုပ်ကိုင်ဆောင်ရွက်မှုများ ဟန်ဆောင်ဖုံးကွယ်မရတော့ပဲ ဗူးပေါ်သလို ထင်ရှားစွာပေါ်လာခဲ့ပြီဟု ဆက်တိုက်ဆိုသလို အဖြစ်အပျက်ခြင်းတူစွာအဖျက်ဆီးခံခဲ့ကြရသော ဒေသရှိလူထုတို့က မှတ်ချက်ချကြကြောင်း သိရသည်။

ထို့ပြင် ယခုကဲ့သို့ သူရဲဘောကြောင်စွာ ခိုးကြောင်ခိုးဝှက် လုပ်ကြံဖျက်ဆီးမှုမှသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၏ အသက်အန္တရာယ်ကိုပင် ရန်သတ္တုရပြုလာနိုင်သည်အထိ လက်ရဲ ဇက်ရဲ ကြံစည်လာနိုင်သဖြင့် ပြင်းထန်စွာ ရှုတ်ချကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်အမှတ်–၄(၁/၀၀)ကို ထုတ်ပြန်ကြေညာသည်ဟု သိရသည်။ ❖

# နအဖစစ်အုပ်စုနှင့်ငြိမ်းချမ်းရေးယူထားသော 'ဝ' တပ်မတော်ဗိုလ်ချုပ်၏သား ရန်ကုန်မြို့တွင်ဘိန်းဖြူကိစ္စနှင့်ပတ်သက်ပြီးပြန်ပေးဆွဲမှုကျူးလွန် နအဖ စစ်အုပ်စုမှ သတင်းမှန်ထိမ်ချန်ပြီးလုပ်ကြံလိမ်လည်ဖော်ပြခဲ့

ရန်ကုန်မြို့တွင် ပြီးခဲ့သည့် ဇန်နဝါရီလ(၇)ရက်နေ့ နေ့လည်(၂)နာရီခွဲခန့်က (၁၀)နှစ်အရွယ် မိန်းကလေးတဦးအား ပြန်ပေးဆွဲမှုဖြစ်ပွားသဖြင့် နအဖ စစ်တပ်နှင့် ရဲတို့ ဝိုင်းဝန်းပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သတင်းရရှိပါသည်။

ဖြစ်ပွားပုံမှာနအဖ စစ်အုပ်စုနှင့်ငြိမ်းချမ်းရေး ရယူထားသော'ဝ'တပ်မတော်မှ ဗိုလ်ချုပ်၏ သားဆိုသူသည် ဘိန်းဖြူရောင်းရငွေ ဒေါ်လာ ၂၀၀၀ အား မင်္ဂလာတောင်ညွန့်မြို့နယ် (၁၂၆)လမ်း၊ အိမ်အမှတ်(၁၃)တွင် နေထိုင်သည့် ကျော်မြင့်ဆိုသူက ပြန်လည်မပေးသည့်အပြင် မချေမငံ ဆက်ဆံသောကြောင့် ကျော်မြင့်၏ (၁၀)နှစ်အရွယ် သမီးကလေး ဖြစ်သူ မသီရိကေခိုင်အား ပြန်ပေးဆွဲရာမှ စတင်သည်ဟု သိရသည်။

ထိုသို့ ကလေးငယ်အား ပြန်ပေးဆွဲ ခေါ်ဆောင်သွားစဉ် ကျော်မြင့်၏ မိန်းမ မစန်းစန်းဝင်းက ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းရာ 'ဝ'ဗိုလ်ချုပ်သားက အသင့်ပါလာသော ဒဿမ(၃၈)စပါယ်ရှယ် ငါးလုံးပြူးသေနတ်ဖြင့် ပစ်ခတ်သဖြင့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားကြောင်း၊ ထို့နောက်ပြန်ပေးဆွဲသူ 'ဝ'ဗိုလ်ချုပ်သားနှင့် အဖွဲ့သည် ကလေးငယ်အား ၎င်းတို့၏ ဌာနချုပ်ဖြစ်သော လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၁၁၁)ရှိ ကိုင်ရိုကုမ္ပဏီသို့ ခေါ်ဆောင်သွားကြောင်း၊ အဆိုပါအဆောက်အဦး၏(၄)ထပ်မြောက် အခန်းတခုတွင် ကလေးငယ်အား ကြိုးဖြင့် တုတ်ထားပြီး ဖခင်ဖြစ်သူထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ ငွေတောင်းခံကြောင်း သိရသည်။

ညနေ(၃)နာရီခွဲခန့်တွင် နအဖ စစ်တပ်နှင့် ရဲတို့က အဆိုပါကိုင်ရိုကုမ္ပဏီအား ဝိုင်းထားပြီး ပြန်ပေးအဖွဲ့ကို ဖမ်းဆီးရန် ကြိုးစားရာ 'ဝ'လက်နက်ကိုင်(၃)ဦးမှ ပြန်လည်ခုခံပစ်ခတ်သဖြင့် ရဲ(၁)ဦး သေဆုံးပြီး စစ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ စစ်တပ်မှ မျက်ရည်ယိုဗုံး ဆယ့်သုံးလုံးတိတိ အဆိုပါ လေးထပ်မြောက် အဆောက်အဦးအတွင်း ပစ်ထည့်ရာ မဝင်ပဲ အောက်သို့ ပြန်ကျသဖြင့် လမ်းမပေါ်ရှိ စစ်သား၊ ရဲနှင့် လာရောက်ကြည့်ရှုသူများသာ ခံကြရသည်ဟု ဆိုသည်၊ အပေါ်ထပ်ရှိ 'ဝ'လက်နက်ကိုင်(၃)ဦးက တရပ်စပ်ပစ်ခတ်နေသော်လည်း ကွန်မန်ဒိုစစ်ဝတ်စုံ ဝတ်ထားသော နအဖ စစ်သား(၃)ဦးက သေနတ်(၁၀)ချက်ခန့်သာ ပြန်လည်ပစ်ခတ်နိုင်သည်ဟု သိရသည်။

ထို့နောက် ညဘက်ရောက်သောအခါ အဆိုပါ လမ်းမတော်တရပ်ကွက်လုံးအား လျှပ်စစ်မီး ဖြတ်တောက်ပြီး ပြန်ပေးဆွဲသူများ ရှိနေသော (၄)ထပ်မြောက် အခန်းကို ရှော့ပ်ရိုက်ပြီး ဝင်ရောက်တိုက်ခိုက် ဖမ်းဆီးရကြောင်း၊ ည(၁၂)နာရီခွဲခန့်တွင် တိုက်ပွဲပြီးဆုံးသွားကာက လေးငယ်အား ကယ်ထုတ်နိုင်သည်ဟု သိရသည်။

သို့သော်လည်း အဆိုပါဖြစ်ပွားမှုအား ဇန်နဝါရီလ(၈)ရက်နေ့ထုတ် နအဖ အသံလွှင့်ဌာနများနှင့် သတင်းစာများက သစ်အရောင်းအဝယ်ကိစ္စအတွက် ရရန်ရှိသော အကြွေးငွေများ တောင်းရာမှ ပြန်ပေးဆွဲမှုဖြစ်သည်ဟု သတင်းမှန်အား ထိန်ချန်ပြီး လွဲမှားစွာထုတ်လွှင့်ရေးသားထားကြောင်း ဖတ်ရှုရသည်။

ထို့အပြင် ပြန်ပေးဆွဲသည့်အဖွဲ့မှ တရားခံတဦးဟု ဆိုပြီး ရုပ်ပုံ ဖော်ပြထားသော်လည်း သတင်းစာထဲတွင် ဖော်ပြထားသူများမှာ တရားခံအစစ်မဟုတ်ဘဲ၊ ပြန်ပေးဆွဲသည့် အဖွဲ့များထဲတွင်လည်းမပါဝင်သည့် အပြင်လူတဦးအား လိမ်လည်ထည့်သွင်း ဖော်ပြထားခြင်းသာဖြစ်ကြောင်း သတင်းအတိအကျ ရရှိပါသည်။ ❖

မြို့လယ်ကောင်လက်နက်ကိုင်ရမ်းကားပြန်ပေးဆွဲသူများအားနာရီပိုင်းအတွင်း
တပ်မတော်ထောက်လှမ်းရေးနှင့်နယ်မြေခံရဲတပ်ဖွဲ့ဝင်များကဖမ်းဆီးထိန်း ... မီး



တရားခံအစစ် မဟုတ်ဘဲ နအဖ စစ်အုပ်စုပိုင် သတင်းစာမှ လူစားထိုး ဖော်ပြထားသည့် ပုံနှင့် အဖြစ်မှန်ကို ထိန်ချန်ပြီး ရေးသားထားသော သတင်းခေါင်းစဉ်

# လားရှိုးမြို့ရှိ ရောဝင်း တည်းခိုခန်းတွင် ကျောက်မဲ ရဲမှူး ယဉ်မောင် သောင်းကျန်းရမ်းကားခြင်း

ဇန်နဝါရီလ(၈)ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူး ယဉ်မောင်နှင့်အဖွဲ့ လားရှိုးမြို့ အမှတ်(၂)ရပ်ကွက်ရှိ ရောဝင်းတည်းခိုခန်းသို့ ရောက်ရှိကာ အာဏာအလွဲသုံးစားပြုပြီး အနိုင်ကျင့် ရမ်းကားသွားကြောင်း သတင်းရရှိပါသည်။

ဖြစ်ပွားပုံမှာ အဆိုပါ ရောဝင်းတည်းခိုခန်းသို့ ရဲမှူးယဉ်မောင်နှင့်(၈)ဦးပါအဖွဲ့ ည(၉)နာရီခန့်တွင် အရပ်ဝတ်များနှင့် ရောက်ရှိလာကြောင်း၊ တည်းခိုခန်းမန်နေဂျာက ဧည့်စာရင်းတိုင်ရန် မှတ်ပုံတင်တောင်းရာ ရဲတပ်ဖွဲ့ဝင်များဖြစ်သည့်အတွက် မှတ်ပုံတင်မလိုအပ်ကြောင်း တည်းခိုခန်းခအားလည်း နောက်နေ့မှ ပေးမည်ဖြစ်ကြောင်း မချေမငံ ရိုင်းစိုင်းစွာ ပြန်လည်ပြောဆိုသည်ဟု သိရသည်။

ထို့နောက် ရဲမှူးယဉ်မောင်က တည်းခိုခန်းမန်နေဂျာအား ၎င်းတို့နှင့် အတူအိပ်ရန် မိန်းမရှာပေးရမည်ဟု အမိန့်ပေးကြောင်း၊ တည်းခိုခန်းမန်နေဂျာက မိမိတို့ တည်းခိုခန်းတွင် မရှိ၊ အခြားတွင်လည်း ရှာမပေးနိုင်ကြောင်း ပြောဆိုသည့်အခါ ရိုင်းစိုင်းစွာ ဆဲဆိုကြိမ်းမောင်းပြီး ည(၁၂)နာရီခန့်တွင် တည်းခိုခန်းမှ ထွက်ခွာသွားကြောင်း တည်းခိုခန်းခနှင့် ရေသန့်ဗူးဖိုးမှာလည်း လုံးဝမပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်ရပ်အား မကျေနပ်သော တည်းခိုခန်းပိုင်ရှင်က လားရှိုးရဲစခန်းသို့ သွားရောက်တိုင်ကြားရာ ယနေ့အချိန်အထိ အရေးယူခြင်း မရှိဘဲ လျစ်လျူရှုထားကြောင်း သိရှိရပါသည်။ ❖

# နအဖ စစ်အုပ်စု အစမ္မစာချုပ်ချုပ် ကြိုတင်ငွေထုတ်ပေး ကြံဝယ် တောင်တွင်းကြီးနယ် ကြံစိုက်တောင်သူများ ကျပ်သိန်းကိုးထောင်ကျော်နစ်နာကြရ

၁၉၉၉ ခုနှစ် စက်တင်ဘာလတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ကြံဝယ်ယူရေးအဖွဲ့မှ ကြံစိုက်တောင်သူများအား ဆင့်ခေါ်ပြီး ယခုနှစ် ကြံစိုက်ရာသီတွင် ကိုယ်ပိုင်ကြိတ်ခွဲခွင့်၊ ကြံဖိုနှင့် ကြံသကာချက်လုပ်ခွင့်၊ ပြင်ပဈေးကွက်တွင် ကြံများ ရောင်းချခွင့်တို့ ပြုမည် မဟုတ်ဘဲ အောင်လံမြို့ရှိ မြန်မာစူးတက် ကုမ္ပဏီ အမှတ်(၉)သကြားစက်သို့သာ မဖြစ်မနေ ရောင်းချကြရမည်ဟု ပြောဆိုကာ ပါရှိလာသော စာချုပ်ကိုလည်း ပြည့်စုံအောင် ရှင်းလင်းပြခြင်းမရှိပဲ အတင်းအဓမ္မ လက်မှတ်ထိုးစေသည်ဟု သိရသည်။ ထို့ပြင် စစ်ကြောင်းက ဝယ်ယူသည်ဟုဆိုပြီး ကြိုတင်ငွေများ အတင်းထုတ်ပေးသဖြင့် ကြံစိုက်တောင်သူများ ကြောက်ရွံ့စွာ လက်မှတ်ထိုးပေးကြရကြောင်း သိရသည်။

ထိုသို့ တဧကလျှင် ကြိုတင်ငွေ (၂၂၀၀၀)ကျပ် ထုတ်ပေးရာတွင် ဖြတ်တောက်ငွေအဖြစ် တဧကလျှင် (၃၀၀) ကျပ်နှုန်း၊ အချို့နယ်မြေများ၌ (၄၆၅) ကျပ်နှုန်း၊ အချို့နေရာများတွင် (၅၀၀) ကျပ်နှုန်း ဖြတ်တောက်ယူပြန်သည်။ ထိုသို့ ဖြတ်တောက်ယူသည့် ငွေများကို အနိမ့်ဆုံး တဧကလျှင် (၃၀၀)နှုန်းဖြင့် တွက်ချက်ကြည့်ပါက ကြံစိုက်ဧက (၁၉၄၀၀၀)အတွက် ဖြတ်တောက်ငွေ စုစုပေါင်းခန့်မှာ(၅၇)သိန်းခန့်ရှိသည်ဟု ဆိုသည်။

ထိုငွေများထဲမှ ကျေးရွာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့များသို့ တဧကလျှင် (၅၀) ကျပ်နှုန်း စရိတ်အဖြစ် ကြံဝယ်ယူရေး စစ်ကြောင်းက ပေးရသည်ဟု ကြားသိရသည်။ ယခုကဲ့သို့ ကြိုတင်ငွေများထဲမှ ဖြတ်တောက်ခံရသဖြင့် ကြံစိုက်တောင်သူများမှာ တဧကလျှင်(၆၇၀၀)ကျပ်သာ အကျိုးခံစားရပြီး ပြင်ပဈေးကွက်တွင် ရောင်းချပါက တဧက(၁၁၀၇၀၀၀) ကျပ် ရရှိသည်ဟု သိရသည်။

ကြံစိုက်ဧက(၁၉၀၀၀)မှ တဧကလျှင် တန်(၂၀)ခန့်ထွက်မည်ဖြစ်သဖြင့် ကြံထွက်ရှိမှု (၃၈၀၀၀၀)တန်ဖြစ်ပြီး ကြံတဧကလျှင် (၁၀)တန်နှုန်း ဝယ်ယူရမည်ဟုသိရသည်။ ထိုအတွက်ကြောင့် ကြံစိုက်တောင်သူများအနေဖြင့် ကျပ်ငွေ သိန်းပေါင်း ကိုးထောင်ရှစ်ရာ နှစ်ဆယ်တိတိ နစ်နာနေသည်ဟု ခန့်မှန်းကြကြောင်း သတင်းရရှိပါသည်။ ❖

# တရုတ်နိုင်ငံလုပ် ဆိုင်ကယ်များ တင်သွင်းမှု နအဖ စစ်အုပ်စု ပိတ်ပင်ထား နယ်မြေခံ စစ်တပ်၊ ရဲအဖွဲ့ အကူအညီဖြင့် တောလမ်းခရီးမှ ဝင်ခွင့်ပြုနေပြန်

ရှမ်းပြည်မြောက်ပိုင်း တရုတ် မြန်မာနယ်စပ်မြို့ဖြစ်သော မူဆယ်မြို့မှ တဆင့် တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်များအား မြန်မာပြည်တွင်းသို့ ခိုးသွင်းသည့်လုပ်ငန်းများကို နယ်မြေခံ နအဖ စစ်တပ်၊ စစ်ထောက်လှမ်းရေး၊ ရဲတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခကြေးငွေယူ ဆောင်ရွက်နေသည်ဟု သိရသည်။

မူဆယ်မြို့အထွက် မိုင်းယု (ခေါ်) ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းကို ရှောင်ကွင်းပြီး တောလမ်းများမှ တဆင့် အဆိုပါဆိုင်ကယ်ပစ္စည်းများ ခိုးသွင်းရာတွင် မူဆယ်၊ ကွတ်ခိုင်၊ သိန္နီမြို့နယ်အတွင်းရှိ နယ်မြေခံနအဖ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်တို့က တပ်ထိန်း၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တို့နှင့် ပူးပေါင်းညှိနှိုင်း အခကြေးငွေယူ လွှတ်ပေးနေကြောင်း သိရသည်။ မူဆယ်နှင့် လားရှိုးမြို့အကြား မှောင်ခိုလမ်းကြောင်း အများအပြားရှိနေပြီး ကျောက်စိမ်း၊ သစ်တောထွက်ပစ္စည်း၊ မူးယစ်ဆေးဝါး၊ တရုတ်ပြည်လုပ် ရုပ်မြင်သံကြား၊ စီဒီပြစက်နှင့် အခြားအသုံးအဆောင်ပစ္စည်းတို့ ခိုးသွင်းနေကြသည်ဟု ဆိုသည်။

နအဖ စစ်အုပ်စုမှ တရုတ်ပြည်လုပ် ဆိုင်ကယ်များ တင်သွင်းခြင်းကို ပိတ်ပစ်လိုက်ရာ ဆိုင်ကယ်ပစ္စည်းများ တစစီဖြုတ်ပြီး မှောင်တင်သွင်းမှုရှိလာပြန်သည်။ နအဖ က ထိုသို့ တင်သွင်းမှုကို ထပ်မံပိတ်ပစ်ပြန်သဖြင့် ယခုကဲ့သို့ တောလမ်းများမှတဆင့် တင်သွင်းကြခြင်း ဖြစ်သည်ဟု သိရသည်။ ထို့ပြင် ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း လွယ်ဂျယ်မှတဆင့် ဗန်းမော်– မြစ်ကြီးနားမြို့သို့လည်း မှောင်ခိုဈေးကွက် ချဲ့ထွင်ဝင်ရောက်နေသည်ဟု သိရသည်။

အဆိုပါ မှောင်ခိုတောလမ်းများကို သိနေသည့် ဒေသခံ နအဖ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်တို့က ကင်းပုန်းဝပ်ပြီး ဆက်ကြေးတောင်းနေသည်ဟု ကုန်သည်တဦးက ပြောပြပါသည်။ ထိုင်းနိုင်ငံဘက်မှ ဆိုင်ကယ်များ တင်သွင်းနိုင်မှု အရေအတွက် နည်းပါးသလို ဈေးနှုန်းကြီးမြင့်မှုလည်း ရှိသဖြင့် ယခုကဲ့သို့ ဈေးပေါသော တရုတ်နိုင်ငံလုပ် ဆိုင်ကယ်များ ဈေးကွက်ကောင်းပြီး မှောင်ခိုတင်သွင်းမှု မြင့်တက်ကြီးထွားလာသည်ဟု ဆိုသည်။

သို့သော်လည်း နအဖ စစ်အုပ်စု၏ တရုတ်နိုင်ငံလုပ် ဆိုင်ကယ် တင်သွင်းမှု ပိတ်ပစ်ခြင်းသည် နယ်မြေခံ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်တို့အတွက် စားပေါက်ထွင်ပေးခြင်း ဖြစ်နိုင်သည်ဟု ကုန်သည်အချို့က ထင်မြင်ချက် ပေးနေကြောင်း သိရသည်။ ❖

# မြဝတီမြို့တွင် လောင်းကစားဝိုင်းများ သောင်းကျန်း ဝန်ထမ်းများနှင့် သက်နှီးဝတ်များ ပါဝင်ဟု သိရ

မိုးရာသီကုန်ဆုံးချိန်မှစ၍ မြဝတီမြို့တွင် လောင်းကစားဝိုင်းများ အကြီးအကျယ် ပေါ်ပေါက်လာကြောင်းနှင့် ဒေသခံအချို့သာမက ဝန်ထမ်းများပင် ထိုလောင်းကစားဝိုင်းများ၌ အချိန်ကုန်နစ်မွန်းနေကြကြောင်း သတင်းရရှိပါသည်။

အဆိုပါ လောင်းကစားဝိုင်းများအား မြဝတီမြို့နယ် အေးချမ်းသာယာရေးကောင်စီနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဆိုသူ ဗိုလ်ကြီးနေအောင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ဥက္ကဋ္ဌဆိုသူ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းတို့မှ ခွင့်ပြုထားကြောင်း၊ ခွင့်ပြုချက်ရယူရန် ၎င်းတို့နှစ်ဦးအား မြန်မာကျပ်ငွေ သိန်းနှင့်ချီ ပေးကြရကြောင်း အကြားအမြင်ရပ်ကွက်တခုက ဆိုပါသည်။

တည်ငြိမ်အေးချမ်းစွာ စီးပွားရေးလုပ်ကိုင်စားသောက်လိုသော ဒေသခံတို့မှာ ထို လောင်းကစားဝိုင်းများ၏ အန္တရာယ်ကို စိုးရိမ်နေကြပြီး ထိုလောင်းကစားဝိုင်းများက ဗုဒ္ဓဘာသာဘုရားပွဲများတွင်လည်းကောင်း၊ ကျခတ်တောဘုန်းကြီးကျောင်းဝင်း၊ တောရကျောင်းတို့ကို အမှီပြုပြီး ကစားနေကြခြင်းအားလည်းကောင်း ဒေါသထွက်နေကြသည်ဟု သိရသည်။

ထို့ပြင် လောင်းကစားဝါသနာကြီးသူများသာမက ဝန်ထမ်းများနှင့် သင်္ကန်းဝတ်များကိုလည်း ထိုလောင်းကစားဝိုင်းများတွင် တွေ့ကြရပြီး ငွေ အမြောက်အများ ပုံအောကစားနေသည်ဟု ဆိုသည်။ လောင်းကစားဝိုင်းများတွင် တွေ့ရသော သင်္ကန်းဝတ်များမှာ (ဒီကေဘီအေ)မှ ဖြစ်ကြောင်းလည်း ထပ်မံသိရှိရပါသည်။ ❖

# စစ်အုပ်စုတို့၏ တမိန့်တသံ တခွန်းစနစ် လူထုဘဝ ပိုမို နစ်မွန်းကြရ

နအဖ စစ်အုပ်စုသည် တက္ကသိုလ် ကောလိပ်ကျောင်းများ ပိတ်ထားခြင်းနှင့် ပညာရေးစရိတ် လျှော့ချသုံးစွဲခြင်းတို့ကို ယခုထိ ခေါင်းမာစွာ ဆက်လက်လုပ်ဆောင်နေသော်လည်း ပညာရေးဆောင်ရွက်ချက်များအား အကြောင်းပြပြီး၊ ထင်ရာစိုင်းလုပ်ဆောင် နာမည်ယူနေမှုတို့ ဆက်လက်ရှိနေကြောင်း သတင်းရရှိပါသည်။

ယခုလည်း မန္တလေး အရှေ့တောင်တဝိုက်ရှိ လယ်မြေများကို ရတနာဘုမ္မိ ကောလိပ်ကျောင်း ဆောက်လုပ်ရန်ဟု ဆိုကာ သိမ်းယူသည်ဟု ဆိုသည်။ ထိုသို့ သိမ်းယူလိုက်သော လယ်မြေများတွင် ဒေသခံလယ်သမားတို့ ထွန်ယက်စိုက်ပျိုးထားသော စပါးပင်များမှာ ကြီးထွားနေပြီဖြစ်ကြောင်းလည်း သိရပါသည်။

ထို့ပြင် မန္တလေး အရှေ့တောင်မြို့နယ်အတွင်းရှိ သစ်စက်စာရင်းများကို အသေးစိတ် ကောက်ယူထားပြီး ပိုင်ရှင်များအား ဗိုလ်မှူး ကျော်ဦးဆိုသူက (လပခ)အစည်းအဝေး ခေါ်ယူကာ ပုသိမ်ကြီးမြို့တွင် တည်ဆောက်မည့် ထင်းအစားထိုး မီးသွေးစက်ရုံအတွက် သစ်စက် တစက်လျှင် သစ်(အသား) တတန်ပေးရမည်ဟု ပြောဆိုကြောင်း၊ အဆိုပါ စက်ရုံဆောက်ရန်အတွက် သတ်မှတ်ထားသောသစ်တတန် မပေးပါက သစ်စက်အထိ ဆင်းလာပြီး ရှာဖွေယူမည်ဟု ပြောကြားသည်။

ကျေးလက်ဒေသများရှိ တောင်သူလယ်သမားတို့မှာလည်း နအဖ ၏ အမျိုးမျိုး ကန့်သတ်ချုပ်ချယ်မှုများကြောင့် စိုက်ပျိုးရေးထုတ်လုပ်မှုတို့ ကမောက်ကမဖြစ် ကျဆင်းနေကြောင်း၊ မိမိတို့၏ (၉)နှစ်(၁၀)နှစ်ရွယ် ကလေးများကိုပင် မူလတန်းပညာ သင်ကြားပေးနိုင်ခြင်း မရှိတော့ဘဲ မန္တလေးမြို့ရှိ လူပွဲစားများ လက်ထဲထိုးပစ်ကာ အလုပ်လုပ်ခိုင်းနေကြရကြောင်း သတင်းရရှိပါသည်။ ❖

# ပြည်ပအသံလွှင့်ချက်များ နားထောင်မှုဖြင့် နအဖ စစ်ထောက်လှမ်းရေးတို့ ဖမ်းဆီးခြင်း ခံရ

ပြီးခဲ့သည့် ဒီဇင်ဘာလ(၁၉)ရက်နေ့က ကချင်ပြည်နယ် ရွှေကူမြို့ပေါ်ရှိ နယူးလိုက် လဘက်ရည်ဆိုင်ပိုင်ရှင် ဦးသံချောင်း (ခ) ဦးစိန်ဝင်းအား ပြည်ပအသံလွှင့်ဌာနများ ဖမ်းယူနားထောင်မှုနှင့် ပတ်သက်ပြီး နအဖ စစ်ထောက်လှမ်းရေးမှ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိပါသည်။

ဦးသံချောင်း(ခ)ဦးစိန်ဝင်းသည် မူဆလင်ဘာသာဝင်ဖြစ်ပြီး နယူးလိုက်အမည်နှင့် လဘက်ရည်ဆိုင် ဖွင့်ထားသော ပါတီနိုင်ငံရေး ကင်းရှင်းသူ ဖြစ်ကြောင်း ဒေသခံလူထုတို့က ပြောဆိုသည်။ အသက် (၇၆)နှစ်ရှိပြီး နေ့စဉ်မနက်ပိုင်းနှင့် ညနေပိုင်းများတွင် ပြည်ပအသံလွှင့်ချက်(မြန်မာပိုင်းအစီအစဉ်)များအား ဖမ်းယူနားထောင်တတ်သည့်အပြင် လဘက်ရည်ဆိုင်တွင် အသုံးပြုနေသော ဆောင်းဘောက်နှင့်လည်း ဆက်သွယ်ဖွင့်လှစ်တတ်ကြောင်း သိရသည်။ အခင်းဖြစ်ပွားသည့် ဒီဇင်ဘာလ(၁၉)ရက်နေ့ မနက်ပိုင်းက ဦးစိန်ဝင်းသည် လဘက်ရည်ဆိုင်အတွင်း ပြုလုပ်နေကြအတိုင်း ဗွီအိုအေမြန်မာပိုင်း အစီအစဉ်အား ဖမ်းယူနားထောင်နေစဉ် နအဖ ၏ အမှတ်(၂၁) စစ်ထောက်လှမ်းရေးအဖွဲ့ဝင်များနှင့် ဒေသခံရဲအဖွဲ့ဝင်များ၊ ရက်ကွက်အာဏာပိုင်များ၏ ဝင်ရောက်ဖမ်းဆီးခြင်း ခံလိုက်ရသည်ဟု သိရသည်။ ထို့ပြင် ဦးစိန်ဝင်းပိုင် အသံဖမ်းပစ္စည်းများအားလုံး သိမ်းယူသွားပြီး၊ ထိုနေ့မှာပင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးအား ထိခိုက်စေသော ပြစ်မှုဖြင့် စွဲချက်တင်အမှုဖွင့် အရေးယူခဲ့သည်ဟု ဒေသခံလူထုတို့ထံမှ ကြားသိရပါသည်။ ❖

# ကြက်ခြေနီ အကြောင်းပြပြီး စစ်သင်တန်းပေး သင်တန်းကာလ စားရိတ် ကျေးရွာလူထုဆီမှ ကောက်ခံ

မကွေးတိုင်း ဆင်ပေါင်ဝဲ မြို့နယ်အတွင်းရှိ ကျေးရွာများမှ တရွာလျှင် အရွယ်ရောက်သူ လူငယ် အနည်းဆုံး (၂)ဦး၊ (၃)ဦးအား မဖြစ်မနေ ကြက်ခြေနီသင်တန်း တက်ကြရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ(၁၁–၁၁–၉၉)နေ့အရောက် အမိန့်ထုတ်ပြန်သည်ဟု ကြားသိရသည်။

သို့သော်လည်း ကြက်ခြေနီကို အကြောင်းပြပြီး စစ်သင်တန်းများ ပို့ချနေခြင်းဖြစ်ပြီး ဆင်ပေါင်ဝဲမြို့ အရှေ့ဘက်ခြမ်း စုရပ်အနေဖြင့် ကိုပင် ရဲစခန်းနှင့် ဧကရာဇ်ရဲစခန်းတို့တွင်လည်းကောင်း၊ မြို့၏ အနောက်ဘက်ခြမ်း စုရပ်အဖြစ် ဇော်ချမ်းတောင် ရဲစခန်းတွင်လည်းကောင်း သင်တန်းပို့ချနေကြောင်း သတင်းရရှိပါသည်။

အဆိုပါစစ်သင်တန်းကျောင်းများအတွက် ပေလယ်ကျေးရွာမှ သုံးထောင်ကျပ်၊ ကန်ချောင်းကျေးရွာမှ နှစ်သောင်းငါးထောင်နှင့် အခြားကျေးရွာများများမှလည်း အလားတူ ငွေထည့်ဝင်ကြရသည့်အပြင် ဆင်ပေါင်ဝဲမြို့အရှေ့ဘက် အနောက်ဘက်ခြမ်း ကျေးရွာများမှ တအိမ်လျှင် သုံးရာမှ လေးရာအထိ ထည့်ဝင်ကြရကြောင်း၊ ထိုသို့ ကောက်ခံရရှိသောငွေများဖြင့် သင်တန်းသားတဦး တလအတွက် စားစရိတ် (၆၀၀)ကျပ်နှင့် ယူနီဖောင်း ကုန်ကျစရိတ်များ အသုံးပြုနေသည်ဟု သိရသည်။

ထို့ပြင် (၃၁–၁၀–၉၉)ရက်နေ့က ဇောင်းတန်းကျေးရွာအုပ်စု တောင်သူလယ်သမားများအား ကြိုတင်ငွေထုတ်ပေးသည့်အဖွဲ့က ထိုသင်တန်းအတွက်ဟုဆိုကာ တရွာလုံးသို့ ထုတ်ပေးရမည့် ကြိုတင်ငွေများထဲမှ ကျပ်(၈၀၀၀) ဖြတ်တောက်သွားသည်ဟု သတင်းရရှိပါသည်။ ❖

# လူ ၊ ကား၊ ထော်လာဂျီ၊ မြင်းလှည်းပါမကျန် အဓမ္မ လုပ်အားပေး စေခိုင်းခြင်း ခံကြရ

စစ်ကိုင်းတိုင်း ကသာမြို့တွင် မင်းလမ်းမကြီးအား ပြုပြင်ရန်ဟုဆိုကာ ကသာမြို့နယ်အတွင်းရှိ ဒေသခံလူထုတို့အား အဓမ္မလုပ်အားပေး စေခိုင်းနေကြောင်း သတင်းရရှိပါသည်။

ထိုသို့ အဓမ္မလုပ်အားပေး ခိုင်းစေရာတွင် ကသာမြို့မှ (၂)မိုင်ခန့်ဝေးသောနေရာတွင် ကျောက်ကြီးကျောက်လေး(၂)မျိုးခန့် ကျောက်စုရပြီး ကသာမြို့တွင်းရှိ မင်းလမ်းမဝဲယာဘေးသို့ ကျောက်သယ် ကျောက်ချလုပ်အားပေးရခြင်းတို့လည်း ပါဝင်သည်ဟု သိရသည်။

လုပ်အားပေး မလိုက်နိုင်ပါက တအိမ်ထောင်လျှင် ငွေကျပ်(၂၅၀)မှ ကျပ်(၄၀၀)အထိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ပေးကြရကြောင်း၊ ကားတစီးလျှင် ငွေ(၅၀၀၀)ကျပ်ပေးရပြီး ထော်လာဂျီတစီးလျှင် ကျောက်ကျင်း(၂)ကျင်း၊ မြင်းလှည်းများမှာ သုံးစီးပေါင်းပြီး ကျောက်(၁)ကျင်း သယ်ပေးကြရကြောင်း၊ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု (၁)အုပ်စုလျှင် ကျောက်ကြီးကျောက်သေး (၄၂)ကျင်းစီ သယ်ယူပေးရန် အဓမ္မခိုင်းစေခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးချို့တဲ့သူများနှင့် သက်ကြီးရွယ်အိုများပင် ငွေမထည့်နိုင်သည့်အတွက် ကိုယ်တိုင် လုပ်အားပေးလိုက်ခဲ့ကြရကြောင်း သိရသည်။ ❖

**နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးပြန်လွှတ်ပေး**

# ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများသည် အမြော်အမြင်ကြီးမားစွာဖြင့် ပြည်သူလူထု ကျန်းမာရေး ပညာရေးများ တိုးတက်ရန် လက်တွေ့စီးပွားရေးအကျပ်အတည်းများမှ လွတ်မြောက်ရန် ရည်သန်ဆောင်ရွက်ခဲ့



(၅၂)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်

❑ ရှေ့ဖုံးမှအဆက်

တမ်းတပ်မတော်ဖြစ်သောဗမာ့တပ်မတော်အဖွဲ့အစည်းပေါ်ပေါက်လာခြင်းအစရှိသည့်တိုက်ပွဲ အဆင့်ဆင့်ဖြင့်အပြင်းအထန်ရုန်းကန်ခဲ့ကြရကြောင်း။

ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲလိုက်နိုင်ခြင်းကြောင့် မြန်မာအမျိုးသားတို့၏ စွမ်းရည်သတ္တိကိုကမ္ဘာကမလွှဲသာ မရှောင်သာဘဲလေးစားခန့်ငြားလာကြသည့်အပြင် ဗိုလ်ချုပ်အောင်ဆန်းသည်မြန်မာနိုင်ငံ၏ခေါင်းဆောင်စစ်စစ်ဖြစ်ကြောင်းအထင်အရှားသက်သေပြခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း၏ခေါင်းဆောင်မှုအောက်တွင် မြန်မာတမျိုးသားလုံး သွေးစည်းညီညွတ်စွာဖြင့် လွတ်လပ်ရေးအောင်ပန်းကိုဆွတ်လှမ်းရန်စိတ်ထက်သန်လျက်ရှိနေကြကြောင်း။

ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကြောင့် ချိနဲ့နေသော ဗြိတိသျှနယ်ချဲ့သည်လက်အောက်ခံနိုင်ငံတို့အားနိုင်နင်းစွာ မအုပ်ချုပ်နိုင်တော့ရာ မြန်မာ့လွတ်လပ်ရေးအတွက်လက်နက်ကိုင်တိုက်ပွဲဝင်ရန်မလိုအပ်တော့ဘဲစေ့စပ်ဆွေးနွေးညှိနှိုင်းရေးလမ်းစဉ်ကို ရှေ့တန်းတင်ဆောင်ရွက်ရမည်ဟု ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွခေါင်းဆောင်များသဘောပေါက်ကြပြီးလိုအပ်ပါက လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရန်လည်း အဆင်သင့်ရှိခဲ့ကြောင်း၊ ၊

၁၉၄၅ ခုနှစ်တွင် “နေသူရိန်”လူထုအစည်းအဝေးကြီးခေါ်ယူ၍ဗြိတိသျှတို့၏စက္ကူဖြူစီမံကိန်းကိုကန့်ကွက်ဟန့်တားပြီးရွှေတိဂုံအလယ်ပစ္စယံ၊ ကန်တော်မင်ပန်းခြံ လူထုအစည်းအဝေးပွဲကြီးများဖြင့်လူထုထောက်ခံမှုကိုရယူခဲ့ကြကြောင်း။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ(၂၇) ရက်နေ့တွင် နိုင်ငံရေးအရစေ့စပ်ဆွေးနွေးညှိနှိုင်းသောနည်းလမ်းဖြင့်အောင်ဆန်း– အက်တလီစာချုပ်ကြီးကိုအောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည့်အပြင် ၁၉၄၇ ခုနှစ်၊ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ပင်လုံစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့ပြီး တနှစ်အတွင်းလွတ်လပ်စေရမည်ဟု တိတိလင်းလင်းကြေညာနိုင်ခဲ့ကြောင်း။

၁၉၄၇ ခုနှစ်၌ပင် လွတ်လပ်သောမြန်မာနိုင်ငံတော်ကို ရည်မှန်းကာဒီမိုကရေစီလမ်းစဉ်အား အခြေခံသည့်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတရပ်ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးဆောင်ကာရေးဆွဲခဲ့ကြောင်း။ နောက်ဆုံးစေ့စပ်ဆွေးနွေးညှိနှိုင်းရရှိနိုင်သော နည်းလမ်းဖြင့်၁၉၄၈ခုနှစ်၊ဇန်နဝါရီလ(၄)ရက်နေ့တွင် မြန်မာနိုင်ငံတော်ကြီးအချုပ်အချာအာဏာပိုင်ဆိုင်သည့်လွတ်လပ်ရေးရရှိခဲ့ကြောင်း။

လွတ်လပ်ရေး၏ အနှစ်သာရသည် တိုင်းပြည်လွတ်လပ်ရုံနှင့်မပြီး၊ ပြည်သူလူထုကြီးတရပ်လုံးပါ လွတ်လပ်ပါမှ ပြည့်စုံမှုရှိပြီး၊ပြည်ထောင်စုမြန်မာနိုင်ငံ၏အချုပ်အချာအာဏာသည်နိုင်ငံသားတို့၌တည်မှသာလျှင်လွတ်လပ်ရေး၏ အနှစ်သာရကိုခံစားနိုင်ကြမည်ဖြစ်ကြောင်း၊၁၉၄၆ခုနှစ်၊ဇန်နဝါရီလ(၂၃) ရက်နေ့ဖဆပလညီလာခံကြီးတွင်အမျိုးသားညီညွတ်ရေးနှင့်ပတ်သက်ပြီးဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သောမိန့်ခွန်းကလည်းထိုသို့ပင် ရည်သန်ကြောင်း၊

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းတွင်လည်းတိုင်းပြည်လွတ်လပ်ရုံမျှမကလူထု၏လွတ်လပ်မှု တရားမျှတမှုအဆင့်အတန်းအခွင့်အလမ်းတန်းတူညီမျှမှုရရှိရေးတို့ကို ပြဋ္ဌာန်းအတည်ပြုခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများသည်အမြော်အမြင်ကြီးမားစွာဖြင့်ပြည်သူလူထုကျန်းမာရေး၊ပညာရေးများတိုးတက်ရန်၊လက်တွေ့စီးပွားရေးအကျပ်အတည်းများမှလွတ်မြောက်ရန် ရည်သန်ဆောင်ရွက်ခဲ့ကြောင်း၊၁၉၄၇ခုနှစ်၊ဇွန်လ(၆)ရက်နေ့တွင်၊ စီးပွားရေးပညာရှင်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့်တိုင်ပင်ပြီးရေးဆွဲခဲ့သော“ဆိုရှယ်လစ်ဗိုလ်ာ – (၂)စီမံကိန်း”သည်တိုင်းပြည်၏လက်ရှိအကျပ်အတည်းကိုလက်ငင်း ဖြေရှင်းပေးရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ယခုအခါတိုင်းပြည်သည်ထိုသို့သော စီမံကိန်းမျိုးနှင့်ဝေးလံနေရကြောင်း။

နိုင်ငံရေးဆိုသည်မှာ တိုင်းပြည်နှင့်လူမျိုးတို့၏ ကိစ္စရပ်အားလုံးကိုဆိုလိုခြင်းဖြစ်သည်။ ယင်းနိုင်ငံရေးသည် လူသားတို့၏ အခြေခံလိုအပ်ချက်ဖြစ်သောစား၊ဝတ်၊နေရေး(သို့မဟုတ်)စီးပွားရေးနှင့်အချင်းချင်းအညမညဆက်သွယ်နေသည့်အတွက်တခုနှင့်တခုသီးခြားစီထား၍မရနိုင်ကြောင်း။

ထို့ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းနှင့်မျိုးချစ်ခေါင်းဆောင်စစ်စစ်တို့ကစစ်ဘေး စစ်ဒဏ်သင့်၍နေသောအချိန်အခါ၌ပင် အမျိုးသားစီးပွားရေးချက်ချင်းလက်ငင်းထူထောင်ရန်အလေးထားဆောင်ရွက်ခဲ့ကြကြောင်း။

သို့သော် ယနေ့စစ်အာဏာရှင်တို့၏လက်အောက်တွင် နဂိုရှိရင်းစွဲလုပ်ငန်းဆောင်တာများပါပျက်သုဉ်း ကုန်ရပြီး“ငါ့မြင်းငါစိုင်း”သဘောဆောင်သည့်အလွဲလွဲအမှားမှားစီမံခန့်ခွဲမှု၊အာဏာအလွန်အကျွံအသုံးပြုစေခိုင်းမှု၊အရည်အချင်းမပြည့်ဝမှု၊ ပြည်သူ့ဆန္ဒကိုပစ်ပယ်မှုနှင့်ညှိနှိုင်းတိုင်ပင်ဆွေးနွေးလုပ်ကိုင်လိုစိတ် အလျှဉ်းမရှိမှုတို့ကြောင့် အမျိုးသားစီးပွားရေးတခုလုံးယိုင်နဲ့ကျဆင်းလာရကြောင်း၊ ထိုဘဝမှလွတ်မြောက်ရန်ကမ္ဘာ့ဘဏ်နှင့်နိုင်ငံတကာငွေကြေးအဖွဲ့များမှ အခြားနိုင်ငံများနည်းတူငွေချေးယူရမည်။ ထိုအတွက်ထိုအဖွဲ့နှစ်ဖွဲ့နှင့်ဆွေးနွေးတိုင်ပင်ရမည်။ ကမ္ဘာ့ဘဏ်မှမြန်မာနိုင်ငံနှင့်ပတ်သက်၍ပြုပြင်ညွှန်ပြထားသည်မှာ နိုင်ငံခြားငွေဖလှယ်နှုန်းကိုပြုပြင်ရန်၊ ဆန်စပါးလုပ်ငန်းကိုလွတ်လပ်စွာ ပြည်တွင်းပြည်ပရောင်းဝယ်ခွင့်ပြုရန်၊ဘဏ္ဍာငွေခွဲဝေသုံးစွဲပုံပြုပြင်ရန်၊ပုဂ္ဂလိက လုပ်ငန်းများကိုလွတ်လပ်စွာကူးသန်းရောင်းဝယ်ခွင့်ပြုရန်၊နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကလက်သို့လွှဲပြောင်းရန်၊ အစိုးရကဆက်လက်လက်ဝယ်ထားလိုသောလုပ်ငန်းများကိုပြုပြင်သွားရန်တို့ ဖြစ်ကြောင်း၊

၊ ကမ္ဘာ့ဘဏ်စစ်တမ်းတွင်အရှေ့အာရှနိုင်ငံများ၏သက်တမ်းကိုတွက်ချက်ကြည့်ရာမှာ မြန်မာနိုင်ငံပြည်သူတို့၏သက်တမ်းသည်တိုးတက်မှုမရှိဘဲဆုတ်ယုတ်လာခြင်း၊ကလေးသူငယ်များ၏သက်တမ်းလျော့နည်းလာပြီး၊သေပျောက်မှုနှုန်းတိုးလာခြင်းကိုတွေ့ရသဖြင့်အရေးကြီးနေသောအခြေအနေဖြစ်ကြောင်း။

ယနေ့မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် ပြည်သူလူထုအတွင်းလူမှုဆက်ဆံရေးများပျက်ယွင်းကာ ယုံကြည်မှုကင်းမဲ့နေခြင်း၊နိုင်ငံရေးမျှတမှု လုံးဝမရှိခြင်း၊ကျောင်းသားလူငယ်များအနာဂတ်ပျောက်နေခြင်း၊ ပြည်သူတို့၏ဘဝလုံခြုံမှုကင်းမဲ့ကာတာဝန်ခံအုပ်ချုပ်သူများအဆင့်တိုင်းတွင်ပျက်ပြားနေခြင်း၊တို့ရှိနေကြောင်း၊တောင်သူလယ်သမားများလုပ်အားခမရရှိဘဲ အခမဲ့လုပ်အားပေးစေခိုင်းခံနေရပြီး စစ်အာဏာရှင်နှင့်ယင်းတို့၏အသိုက်အဝန်း၏မြေကျွန်ယာကျွန်ခြေရာသင်းပင်းဘဝရောက်နေရကြောင်း၊အလုပ်သမားဝန်ထမ်းများလာဘ်ပေးလာဘ်ယူဖြင့်ဝမ်းရေးဖြေရှင်းနေရကြောင်း၊တိုင်းရင်းသားများကိုသွေးခွဲအုပ်ချုပ်နေကြကြောင်း၊ဒီမိုကရေစီအခွင့်အရေးများကိုဖိနှိပ်ပြီးလူ့အခွင့်အရေး များကို စနစ်တကျချိုးဖောက်ကာနိုင်ငံတကာဆက် ဆံရေးပျက်ယွင်းနေကြောင်း။

ဤသို့ဖြစ်နေရသည်မှာ ပြည်သူလူထုရွေးကောက်တင်မြှောက်ထားသောပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များကအုပ်ချုပ်စီမံသော ဒီမိုကရေစီအစိုးရမရှိသောကြောင့်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင်အချုပ်အချာအာဏာသည်ပြည်သူလူထု၌တည်သည့်အတွက်ပြည်သူ့ထံမှအာဏာကိုရွေးကောက်ပွဲနည်းဖြင့်တောင်းခံယူကြရကြောင်း၊ပြည်သူတို့ကရွေး ကောက်တင်မြှောက်သောကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စား ဥပဒေများကိုပြုပြီးအုပ်ချုပ်ရေးတာဝန်များထမ်းရွက်ရကြောင်း။

ယနေ့ အာဏာရှင်တို့သည်၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလာဒ်ကို လျစ်လျူရှုကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုဖမ်းဆီးချုပ်နှောင်ထိမ်းသိမ်းခြင်း၊အပြစ်ရှာ အကျဉ်းချထားခြင်း၊မတရားအကျပ်ကိုင်ဖိအားပေး၊တရားဥပဒေမဲ့ကိုယ်စားလှယ်အဖြစ်မှနှုတ်ထွက်ခိုင်းခြင်းတို့အပြင် ပြည်သူလူထုကြားတွင်လျို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင်အမျိုးမျိုး၊သတင်းပေး အမျိုးမျိုးစေလွှတ်ပြီးဟန့်တားဖိနှိပ်၊ ဖမ်းဆီးချုပ်နှောင်၊ထောင်သွင်းအကျဉ်းချထားခြင်းတို့ပြုလုပ်နေကြောင်း၊ တိုင်းပြည်အားပိပြားနေအောင် နှိပ်ကွပ်ပြီးနိုင်ငံတကာနှင့်အဆက်ဖြတ်အမှောင်ချကာ လှည့်ဖျားလိမ်ညာမှုများနှင့်အုပ်ချုပ်ခြင်းသည်အာဏာရှင်တို့၏စရိုက်လက္ခဏာပင်ဖြစ်ကြောင်း။

အာဏာရှင်တို့သည် တိုင်းပြည်၏ အနာဂတ်ရေးကို ရေရှည်မတွေးပဲမျိုးဆက်သစ်တို့၏နောင်ရေးကိုလျစ်လျူရှုကာ ဆွေမျိုးအသိုင်းအဝိုင်းကောင်းစားရေးကိုသာ လုပ်ကိုင်လျက်ရှိသဖြင့်ပြည်သူလူထုဘဝမှာ “ရွှေကျောင်းပြောင်ပြောင်ဝမ်းခေါင်ခေါင်”ဆိုသကဲ့သို့ဖြစ်နေကြောင်း၊ နိုင်ငံရေးပါတီများသည်ပြည်သူလူထုနှင့် အစိုးရကြားပေါင်းကူးတံတားအဖြစ် အသိအမှတ်ပြုနေကြရသော်လည်း ဤနိုင်ငံတွင်တရားဝင်ရပ်တည်နေသည့်ပါတီများသည်ပင်ကောက်ကျစ်စဉ်းလဲသည့်နည်းများဖြင့်ဖျက်သိမ်းပစ်ရန်ကြံရွယ်ခြင်းကို အမြဲခံနေရကြောင်း။

တိုင်းပြည်နှင့် ပြည်သူပြည်သားတို့၏အကျိုးစီးပွားအတွက်လည်းကောင်း၊အမျိုးသားဂုဏ်သိက္ခာအတွက်

စာမျက်နှာ(၈)ကော်လံ(၁)သို့ ❑






မြန်မာပြည် မြေပုံနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလံတော်အား မိုးပျံပူပေါင်းများနှင့်အတူ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် လွတ်လပ်ရေးနေ့က လွှတ်တင်နေစဉ်

**ပြည်သူ့လွှတ်တော် ပေါ်ပေါက်ရေးသည် အမျိုးသားနိုင်ငံရေးတာဝန် ဖြစ်သည်**

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ

## သ မိုင်း ဝင် ပုံ ရိပ် များ အ မှတ် (၁)



# လွတ်လပ်ရေး သစ္စာအဓိဋ္ဌာန်ကိုးချက်

အောင်ခဲ့သတည်း ... မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော်(၉)ရက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့ တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအချိန်အခါ၌ ဤ ငါတို့မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အချာအာဏာပိုင် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ခဲ့သတည်း။

၁။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အား လွတ်လပ်သော လမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တသွေမတိမ်း ချီတက်မည်။

၂။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည် စောင့်ထိန်းမည်။

၃။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံသားတို့၏ မွန်မြတ်သော အခွင့်အရေးကို ခံယူသည့်နည်းတူ လွတ်လပ်သော နိုင်ငံသားတို့၏ တာဝန်နှင့် ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။

၄။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်။

၅။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့၏ နိုင်ငံသားဟူသမျှကို ကြီးငယ် နီးဝေး မခြား တစ်သွေးတစ်သားတည်းပြု၍ နည်းများနိမ့်မြင့် မရှိစေရ၊ ညီတူညီမျှပြုမည်။

၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရား ပြုသည်ကိုလည်း မခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။

၇။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။

၈။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့၏ လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်။

၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည်တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သားမြေး၊ နောက်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။

ဤငါတို့၏ သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း။

**၁၉၄၈ ခုနှစ် လွတ်လပ်ရေးရဂိုစဉ်က ခံယူ အဓိဋ္ဌာန်ပြုခဲ့သည့် အဓိဋ္ဌာန်စာတမ်းဖြစ်ပါသည်**

## သက္ကရာဇ် (၂၀၀၀)၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏(၅၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း

ပထမဦးဆုံးအနေနဲ့ ကျမတို့ လွတ်လပ်ရေး အခမ်းအနားကို လာရောက်ပြီးတော့ အားပေးတဲ့ ကျမတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ အပြင် အခြားသောသူကြီးမင်းများ၊ ဧည့်သည်တော်များကို ကျမ ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ကျေးဇူးတင်ကြောင်း ပြောချင်တယ်ဆိုတော့ ကျမတို့ အဲဒါလေးနဲ့ စလိုက်ချင်တယ်။ ကျေးဇူးတရားပေါ့နော်။ ဒါ ကျမတို့ ဗုဒ္ဓဘာသာတရားအရဆိုပေမယ့်လည်း တခြားဘာသာတွေကနေလည်း လက်ခံနိုင်တဲ့တရားလို့ ကျမထင်တယ်။ ကျမတို့ ဗုဒ္ဓဘာသာတရားအရဆိုလို့ရှိရင် လူကောင်းနဲ့ လူဆိုး ဘယ်လိုခွဲခြားသလဲဆိုတာဟာ မြတ်စွာဘုရား ဟောသွားတဲ့အထဲမှာ လူကောင်းဆိုတာဟာ သူတပါးရဲ့ကျေးဇူးကို အသိအမှတ်ပြုတယ်။ သူတပါးရဲ့ကျေးဇူးကို ချဲ့ပြီးတော့ ပြောတယ်။ ကိုယ့်ကျေးဇူးကို ကိုယ်ချဲ့ပြီးတော့ မပြောဘူး။ ကိုယ့်အပြစ်ကိုသာ ကိုယ်ဝန်ခံတယ်ဆိုတဲ့ဟာ ရှိပါတယ်။ အဲတော့ ဒီဟာဟာ ကျမတို့ကနေပြီးတော့ လောကီအမြင်အရ ကြည့်လိုက်မယ်ဆိုလို့ရှိရင်တော့ လောကီသားများအနေနဲ့ ကိုယ့်အပြစ် ကိုယ်ကို ကိုယ့်ရဲ့ မိတ်ဆွေများ မဟုတ်တဲ့သူတွေကို ထုတ်ဖော်ပြီး ပြောဖို့ဆိုတာ လက်တွေ့တော့ သိပ်မကျပါဘူး။ ဒီတော့ သူများအပြစ်တွေကိုလည်း မလိုအပ်ဘဲနဲ့တော့ ကျမတို့ဖော်ပြီး မပြောလို့တော့ ရပါတယ်။ ဒီတော့ ကျေးဇူးတရားပဲ ကျမတို့ ကြည့်ကြစို့။ ကျေးဇူးတရားဆိုတာကတော့ ကျေးဇူးတင်အပ်တဲ့သူများကို ကျမတို့ ကျေးဇူးတင်ရမယ်။ ကိုယ့်ကို ကျေးဇူးတင်အပ်ပါတယ်ဆိုတာတော့ မပြောကောင်းဘူးလို့ ကျမ ထင်ပါတယ်။ ဒီတော့ ကျမတို့ ဒီလွတ်လပ်ရေးနေ့မှာ ဆိုလို့ရှိရင် ဘယ်လူတွေကို ပထမဆုံး ကျမတို့ ကျေးဇူးတင်အပ်သလဲဆိုတော့ ကျမတို့ လွတ်လပ်ရေးရအောင်လို့ လုပ်ပေးခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးများကို ကျမတို့ ကျေးဇူးတင်အပ်ပါတယ်။ ဒီနိုင်ငံခေါင်းဆောင်ကြီးများရဲ့ ကျေးဇူးတရားကို ကျမတို့ မမေ့သင့်ပါဘူး။ ဒီလိုကျမတို့နိုင်ငံဟာ အခု လွတ်လပ်နေတာဟာ ဘယ်သူတွေ လုပ်ခဲ့လို့လဲ၊ ဘယ်သူတွေရဲ့ နစ်နာမှုကြောင့်လဲဆိုတာကို ကျမတို့ အသိအမှတ်ပြုဖို့ လိုပါတယ်။ ဒီတော့ ကျမတို့ဟာ ကျေးဇူးတရား သိတဲ့နေရာမှာ ကြီးငယ်ရွေးစရာအကြောင်း မရှိပါဘူး။ ခေါင်းဆောင်ကြီးများကိုသာ ကျေးဇူးတင်မယ်။ ဒီလူကြီးများကိုသာ ကျေးဇူးတင်မယ်ဆိုတဲ့ဟာ မဟုတ်ဘဲနဲ့ ကျေးဇူးတင်အပ်တဲ့လူတိုင်းကို ကျမတို့ ကျေးဇူးတင်ဖို့ လိုပါတယ်။ ဒီတော့ ပထမဦးဆုံး ကျမတို့ လွတ်လပ်ရေး ရအောင်လို့ ဦးဆောင်ခဲ့တဲ့ ကျမတို့ရဲ့ နိုင်ငံ ခေါင်းဆောင်ကြီးများအားလုံးကို ကျေးဇူးတင်ပြီးတဲ့အခါမှာ နောက်ဆက်ပြီးတော့ ကျမတို့နိုင်ငံမှာ ရသင့်ရထိုက်တဲ့


သစ္စာအဓိဋ္ဌာန်ကိုးချက်။

မဟာဗန္ဓုလပန်းခြံအတွင်းရှိလွတ်လပ်ရေး ကျောက်တိုင်မှလွတ်လပ်ရေးသစ္စာအဓိဋ္ဌာန်ကိုးချက်မော်ကွန်းကမ္ပည်း





၁၉၄၈ ခုနှစ် လွတ်လပ်ရေးရဂိုစဉ်က ခံယူ အဓိဋ္ဌာန်ပြုခဲ့သည့် လွတ်လပ်ရေးအဓိဋ္ဌာန်ကိုးချက်အား (၅၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား တက်ရောက်သူများအားလုံး ရွတ်ဆိုနေကြစဉ်


မြန်မာနိုင်ငံ လွတ်လပ်သည့် သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ

## သမိုင်းဝင်ပုံရိပ်များအမှတ် (၈)

လူ့အခွင့်အရေးများ ရရှိဖို့အတွက် ရုန်းကန်ပေးနေတဲ့သူတွေ အားလုံးကိုလည်း ကျမတို့ ကျေးဇူးတင်ဖို့ လိုပါတယ်။ ဒီတော့ ကျမတို့ကနေပြီးတော့ အကြီးဆုံးကနေ အငယ်ဆုံးအထိ ကျေးဇူးတင်တယ်ဆိုတဲ့အနေနဲ့ ကျမ ဒီနေ့ အထူးသဖြင့် ကျမတို့ရဲ့ ဗဟိုလူငယ်က နေပြီးတော့ တာဝန်ခံတဦးဖြစ်တဲ့ ကိုထွန်းဇော်ဇော်ကို ကျေးဇူးတင်ကြောင်း ကျမ ပြောချင်ပါတယ်။ ကိုထွန်းဇော်ဇော်ဟာဆိုလို့ရှိရင် (၃၁)ရက်နေ့ကတင် လွတ်လာတယ်ဆိုတာ အားလုံးသိပြီးသားပဲ။ ဒီတော့ ဒီဟာနဲ့ပတ်သက်လို့ ကျမတို့ ပြောချင်တာဟာ ကျမတို့ဟာ တကယ်ပဲသက်ညှာပြီးတော့ လွှတ်ပေးလိုက်တဲ့လူတွေဆိုရင်လည်း သက်ညှာကြောင်းကို ကျမတို့က ကျေးဇူးတင်ပါတယ်။

ကိုယ်ဟာ မေတ္တာထားတယ် ကိုယ်ဟာ ဂရုဏာထားတယ်။ ကိုယ်ဟာ သက်ညှာတယ်ဆိုတာကိုတော့ ကိုယ်တိုင်ပြောသင့်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါဟာ ကျန်တဲ့သူတွေက ဆုံးဖြတ်မှာပါ။ ဒီတော့ ကျမတို့ဘက်ကတော့ ကျမတို့ ကိုဘယ်သူကနေပြီးတော့ ကျေးဇူးတင်ရမယ်လို့ ကျမတို့ ပြောစရာ မဟုတ်ဘူး။ ကျမတို့ ကျေးဇူးတင်ထိုက်တဲ့သူတွေကိုသာ ကျေးဇူးတင်လိုက်မှာပါ။ ဒါကြောင့်မို့လို့ ကိုထွန်းဇော်ဇော်လို စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ကျမတို့ရဲ့ ဒီမိုကရေစီရေးအတွက် လုပ်ပေးနေတဲ့ လူငယ်တွေအထိ အားလုံးကို ကျေးဇူးတင်ပါတယ်။



ဒီအပြင်လည်း ဒီနေ့ ဘာပဲ ပြောပြော ကျမတို့ရဲ့ ပရိတ်သတ်အနေနဲ့ အပိတ်အဆို့မရှိ လာနိုင်တဲ့အတွက်လည်း ဒီလိုလာနိုင်အောင် ဖြစ်အောင်လုပ်ပေးတဲ့အတွက်လည်း ကျမတို့ကျေးဇူးတင်တယ်။ ကျေးဇူးတရားဆိုတာကတော့ ကျမတို့ ရှိရမှာပဲ။ ကျမတို့အနေနဲ့ နိုင်ငံရေးအဖွဲ့အစည်းတခုမို့လို့ နိုင်ငံရေးအရ ဝေဖန်ရမယ့်ကိစ္စတွေကိုတော့ ကျမတို့ ဝေဖန်မှာပဲ။ ဒီတော့ ပထမ စပြီးတော့ ကျေးဇူးတင်တဲ့အကြောင်း ကျမ ပြောပြီးပြီ။ ဝေဖန်ရမယ့်ကိစ္စလေးတွေတော့ ကျမဝေဖန်ရမယ်။ အဲဒီတော့ ဝေဖန်ရမယ့် ကိစ္စလေးတွေဆိုတာကလည်း ထူးထူးထွေထွေတော့ မဟုတ်ပါဘူး။ ကျမတို့ရဲ့ အခု လွတ်လပ်ရေးအဓိဌာန် စာတမ်းကို ကျမတို့ အားလုံးအတူတူ ရွတ်ဆိုသွားတယ်။ ဒီတော့ လွတ်လပ်ရေး အဓိဌာန်စာတမ်းထဲမှာ ဘာပါသလဲဆိုတော့ ကျမတို့ ဒီအဓိဌာန်စာတမ်းထဲကအတိုင်း ကျမတို့ သစ္စာတည်တယ်ဆိုလို့ရှိရင် ကျမတို့နိုင်ငံရဲ့ လွတ်လပ်ရေးဟာ ကမ္ဘာတည်သရွေ့ တည်စေသော်ဝ်ဆိုပြီးတော့ ကျမတို့ ဒီလိုသစ္စာဆိုသွားပါတယ်။ အဓိဌာန်ကို ဆိုသွားပါတယ်။

ဒီတော့ ကျမတို့နိုင်ငံ လွတ်လပ်ဖို့ဆိုတာဟာ ဒီအချက်တွေ ဒီအဓိဌာန်တွေအတိုင်း ကျမတို့ လုပ်သွားရင် လွတ်လပ်မှာပဲ။ ဒီတော့ နယ်ချဲ့လက်သစ်ကိုလိုနီဝါဒတို့ ဘာတို့ ဒါတွေဘာတွေ ကျမတို့ ဘာမှ စိုးရိမ်စရာ အကြောင်းမရှိဘူး။ ဒီအချက်အလက်တွေကိုသာ ကျမတို့ မှန်မှန်ကန်ကန် သစ္စာရှိရှိနဲ့ ထိန်းသိမ်းသွားမယ်ဆိုလို့ရှိရင် ဘယ်လက်သစ်ကိုလိုနီဝါဒသမားတွေမှ ကျမတို့နိုင်ငံရဲ့ လွတ်လပ်ရေးကို ပျက်စီးစေမှာ မဟုတ်ဘူး။ ဘာက ပျက်စီးစေမှာလည်းဆိုတော့ ဒီအဓိဌာန်ထဲမှာ ပါတဲ့ အချက်တွေပေါ်မှာ ကျမတို့ သစ္စာမတည်မှသာလျှင် ကျမတို့ လွတ်လပ်ရေးဆုံးရှုံးမှာပါဆိုတာကို ကျမ သတိပေးချင်ပါတယ်။ ဒီအဓိဌာန်ထဲမှာဆိုလို့ရှိရင် အရေးကြီးတာတွေက ဘာတွေလဲ၊ အရေးကြီးတာတွေက ကျမတို့ လွတ်လပ်ရေးခေါင်းဆောင်ကြီးများ ချမှတ်သွားတဲ့လမ်းစဉ်အတိုင်း ကျမတို့ ဆက်ပြီးတော့ လျှောက်ရမယ်။ အဲဒီတော့ အခုအချိန်မှာဆိုရင် ကျမတို့ မြန်မာနိုင်ငံမှာ ကျမတို့ရဲ့လွတ်လပ်ရေးခေါင်းဆောင်ကြီးများ ချမှတ်သွားတဲ့ လမ်းစဉ်ကို လျှောက်သလား မလျှောက်သလား မမေးခင်မှာ ကျမတို့ လွတ်လပ်ရေးရအောင် လုပ်သွားပေးတဲ့ခေါင်းဆောင်ကြီးများရဲ့ ကျေးဇူးကိုရော ဘယ်လောက်အသိအမှတ်ပြုကြသလဲဆိုတာ ကျမတို့ မေးခွန်းထုတ်ရပါမယ်။ အဲဒီတော့ ဒီလိုကျေးဇူးတရား မရှိလို့ရှိရင်တော့ ကျမတို့ရဲ့ လွတ်လပ်ရေးဟာ ယိမ်းယိုင်လာမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ သစ္စာပျက်ပြီလေ။ ဒီအဓိဌာန်ထဲမှာ ကျမတို့ရဲ့ခေါင်းဆောင်ကြီးများရဲ့ လမ်းစဉ်အတိုင်း ကျမတို့ တသွေမတိမ်း လိုက်သွားပါမယ်ဆိုတဲ့ အဓိဌာန် ကျမတို့ ပြုခဲ့တယ်။ ဒီအဓိဌာန်ကို ကျမတို့ မတည်ဘူး ဆိုလို့ရှိရင် ကျမတို့ရဲ့ လွတ်လပ်ရေးအတွက် ထိခိုက်စရာအကြောင်းတွေ ဖြစ်နိုင်တယ်လို့ ကျမတို့ ဒီအတိုင်းပဲ ယုံကြည်တယ်။ ဒါသစ္စာတရားဆိုတာ ဒီအတိုင်းပဲ ဖြစ်ရမှာပဲ နောက်တခုက အဲ.... ဒီအထဲမှာ တရားဥပဒေစိုးမိုးရေးဆိုတဲ့ အဓိပ္ပါယ် ပါပါတယ်။ ဒီအတိုင်းတော့ မဟုတ်ဘူးပေါ့လေ။ ဒီစကားအတိုင်းတော့ မဟုတ်ဘူး။ ဒီတော့ တရားဥပဒေစိုးမိုးရေး မရှိလို့ရှိရင် နိုင်ငံတနိုင်ငံမှာ တရားဥပဒေ စိုးမိုးရေး မရှိလို့ရှိရင် ဒီနိုင်ငံရဲ့ လွတ်လပ်ရေးဟာ ဘယ်လိုလုပ် တည်တံ့ခိုင်မြဲနိုင်မှာလဲ။ ဒါဟာလည်း ကျမတို့ နားလည်ဖို့ လိုပါတယ်။ နောက်ပြီးတော့လည်း ကျမတို့ဟာ ကျမတို့အချင်းချင်းမှာ ကြီးငယ်မခြား၊ ကျမတို့ ဝေးနီးမခြားအားလုံးကို အနည်းအများ မရှိစေရ၊ အနိမ့်အမြင့် မရှိစေရဆိုပြီးတော့ အဲလိုအဓိဌာန်ပြုသွားပါတယ်။ အဲဒီတော့ ကျမတို့ နိုင်ငံမှာ အခု ဒီလိုပဲ ကြီးငယ်မခွဲခြားဘဲနဲ့ အနည်းအများ အနိမ့်အမြင့် မရှိတဲ့

“××× တိုင်းပြည်လွတ်လပ်တယ်ဆိုတာက နိုင်ငံကတော့ လွတ်လပ်တယ်။ လူမျိုးကတော့ မလွတ်လပ်ဘူး။ ပြောချင်တာ မပြောရဘူး။ တရားသဖြင့် ထင်မြင်တာ မပြောရ၊ ဆိုချင်တာ မဆိုရ၊ ပေးချင်တာ မပေးရ၊ လုပ်ချင်တာ မလုပ်ရ၊ အဲဒါမျိုးဟာ ဂျပန်ခေတ်တုန်းက ခံခဲ့ရတယ်။
အဲဒီလို လွတ်လပ်ရေးမျိုးဟာ ပါးစပ်ပိတ် ကြောက်လန့်ပြီးတော့ နေရတဲ့ လွတ်လပ်ရေးဖြစ်တယ်။ ဓားမိုးထားတဲ့ လွတ်လပ်ရေးပဲ။ တိုင်းသူပြည်သားတွေ မလွတ်လပ်ဘူး ×××”

**(၂၃-၁-၁၉၄၆)ရက်နေ့တွင် ဖဆပလ ညီလာခံကြီး၌**
**အမျိုးသားညီညွတ်ရေးနှင့်ပတ်သက်၍**
**ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်းမှ**



အခြေအနေ ရှိရဲ့လားဆိုတာ ကျမတို့ စဉ်းစားစရာ ဖြစ်ပါတယ်။

အဲတော့ နိုင်ငံတနိုင်ငံမှာ ခွဲခြားမှုသိပ်ပြီးရှိရင် တချို့တွေက အင်မတန်မှ များပြားတဲ့ အခွင့်အရေးတွေ ရှိနေတယ်။ တချို့တွေက အင်မတန်မှ မြင့်နေတယ်။ တချို့တွေကျတော့ အခွင့်အရေးမရှိဘူး။ ရသင့်ရထိုက်တဲ့ တရားဥပဒေအောက်မှာ ရသင့်ရထိုက်တဲ့အခွင့်အရေးတောင်မှမရှိဘဲနဲ့ အင်မတန်မှ နိမ့်ကျနေတယ်။ ရနေရတဲ့အခွင့်အရေးတွေဟာ အင်မတန်မှ နည်းပါးနေတယ်ဆိုလို့ရှိရင် ကျမတို့နိုင်ငံရဲ့ လွတ်လပ်ရေးကို ထိပါးမှာ ဖြစ်ပါတယ်။ ဒီတော့ ကျမတို့ နိုင်ငံရဲ့ လွတ်လပ်ရေးကို ထိပါးမယ့် ကိစ္စများ အရင်းရဲ့ အခြေခံဟာ ဘာလဲဆိုတာ ကျမတို့အားလုံး သိဖို့ လိုပါတယ်။ အဲဒါသိမှသာလျှင် ဒီနိုင်ငံရဲ့ လွတ်လပ်ရေးကို ကျမတို့ ထိန်းသိမ်းသွားနိုင်ပါလိမ့်မယ်။ ဒီအချိန် ဒီအခါမှာ ကျမတို့အချင်းချင်း ပွင့်ပွင့်လင်းလင်း ပြောကြစို့။ တချို့က ပြောပါတယ်။ ဒါအထူးသဖြင့် လူကြီးပိုင်းက ပြောတာပေါ့လေ။ ‘ဩော် လွတ်လပ်ရေး မရခင်တုန်းကမှ လူ့အခွင့်အရေး ပိုရခဲ့သေးတယ်’လို့ လူကြီးတွေ ပြောခဲ့ပါတယ်။ ဒီလိုစကားမျိုးဟာ ကျမတို့နိုင်ငံအတွက် ဘယ်လောက်ရင်နင့်စရာကောင်းလဲဆိုတာ အားလုံးနှလုံးသွင်းသင့်ပါတယ်။ လွတ်လပ်ရေးရပြီးကာမှ ကိုယ့်ရဲ့အခွင့်အရေးတွေ ပိုပြီးတော့ ဆုံးရှုံးရပါတယ်လို့ ကျမတို့ ပြောရတဲ့ လူတွေများ တယောက် ရှိရင်တောင်မှ ဒီနိုင်ငံအတွက် မကောင်းတော့ဘူး။ အခုဟာက တယောက်မက များပြားနေတဲ့အခါကျတော့ ကျမတို့ နိုင်ငံမှာ ပြုပြင်စရာတွေ ပြောင်းလဲစရာတွေ အများကြီး လိုနေတယ်ဆိုတာ ကျမတို့ အသိအမှတ်ပြုရမှာပါ။ ဒီဟာကို ပြုပြင်စရာ ပြောင်းလဲစရာ ရှိတယ်ဆိုတာကို အသိအမှတ်ပြုရဲတဲ့သတ္တိ မရှိလို့ရှိရင် ကျမတို့ တိုးတက်နိုင်မှာ မဟုတ်ပါဘူး။ တိုးတက်ဖို့ဆိုတာဟာ ငါတို့တိုးတက်ဖို့ လိုသေးတယ်ဆိုတာကို အသိအမှတ်ပြုပြီးမှ တိုးတက်နိုင်မှာပါ။ ကိုယ့်ကိုကိုယ် လှည့်ဖျားပြီးတော့ တို့ကတော့ နိုင်ငံတကာအဆင့်ထက်တောင်မှ တန်းတူညီတူတောင် မကဘူး၊ ပိုတောင်မှ အင်မတန် မြင့်မားနေသေးတဲ့ မာန်မာနတွေနဲ့ ကြည့်နေမယ်ဆိုရင် ဘယ်လိုလုပ် တိုးတက်နိုင်မှာလဲ။ အဲတော့ ကျမတို့ တိုးတက်ဖို့တွက်ဟာ တိုးတက်ဖို့လိုတယ်၊ ပြောင်းလဲဖို့ လိုတယ်။ ပြုပြင်ဖို့လိုတယ်ဆိုတာ ကျမတို့အားလုံး အသိအမှတ်ပြုဖို့ လိုပါတယ်။ ဒီတော့ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒီမိုကရေစီကို လိုလားတဲ့သူများအားလုံးဟာ ကျမတို့နိုင်ငံမှာ ပြုပြင်ပြောင်းလဲမှုတွေ လိုတယ်ဆိုတာကို ကျမတို့ လက်ခံရလိမ့်မယ်။ မျက်စိ စုံမှိတ်ပြီးတော့ အခြေအနေ မကောင်းတာကို ကောင်းပါတယ်၊ ကောင်းပါတယ်၊ အခြေအနေဆိုးတာကို ဆိုးတာ မဟုတ်ပါဘူး၊ ကောင်းပါတယ်။ ဥပမာ–ကျောင်းတွေ ပိတ်နေတာကိုလည်း ဖွင့်နေတယ်လို့ ပြောတယ်ဆိုတာဟာ ဒါမွှမ်းအဓိဌာန်မှ မကျဘဲ။ နောက်ဆိုလို့ရှိရင် လူတွေကနေပြီးတော့ ဆင်းရဲနေတာကိုလည်း ချမ်းသာတယ်လို့ ပြောမှာပဲ။ နောက်မဟုတ်ဘူး၊ အခုလည်း ပြောနေကြတာပဲ။ ဒီတော့ ဒါဟာ တကယ်တော့ ဘာကို ပြတာလည်းဆိုတာ သတ္တိမရှိတာကို ပြတာပဲ။ ကိုယ့်နိုင်ငံဟာ ဆင်းရဲနေရင်လည်း ဆင်းရဲနေတယ်၊ ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ။ ဒါမှန်မှန်ကန်ကန်တွေးကြရမယ်။ ငါတို့ ချမ်းသာအောင် လုပ်မှာလား။ ငါ့နိုင်ငံ ချမ်းသာအောင် လုပ်မှာလားဆိုတာကို နိုင်ငံ့အာဏာကို စွဲကိုင်ထားတဲ့ လူတိုင်းလူတိုင်းဟာ စဉ်းစားရမယ့်ကိစ္စ ဖြစ်ပါတယ်။ နိုင်ငံရဲ့အာဏာကို စွဲကိုင်ထားချင်လို့ရှိရင် ငါတို့ချမ်းသာချင်တယ်ဆိုတဲ့ စိတ်ဓာတ်ကို ဖျောက်ရလိမ့်မယ်။ ငါတို့နိုင်ငံ ချမ်းသာစေချင်တယ်ဆိုတဲ့စိတ်ဓာတ်ကိုသာ မွေးမြူရမယ်။ ဒီစိတ်ဓာတ်ကို မမွေးနိုင်ဘူးဆိုလို့ ရှိရင်လည်း သိက္ခာရှိရှိနဲ့ ငါတို့ဟာ နိုင်ငံကို အုပ်ချုပ်သင့်တဲ့လူတွေ မဟုတ်ဘူးဆိုပြီးတော့ နောက်ဆုတ်ပေးရမယ်။ နောက်ဆုတ်သင့်တဲ့အချိန်မှာ နောက်ဆုတ်တာဟာ အင်မတန်မှ သိက္ခာရှိပါတယ်။ ဒါ ရှက်စရာ မဟုတ်ပါဘူး။ တချို့က ထင်တယ်၊ နောက်ဆုတ်တာဟာ ရှက်စရာကောင်းတယ်လို့ ထင်တဲ့လူတွေ ရှိပါတယ်။ ကျမတို့ရဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူကြီးတွေထဲမှာဆိုလို့ရှိရင် တပ်မတော်က အငြိမ်းစားအရာရှိကြီးများ ပါပါတယ်။ ဒီတော့ တပ်မ



ဗိုလ်ချုပ်အောင်ဆန်းနှင့်ဗြိတိသျှဝန်ကြီးချုပ်မစ္စတာအက်တလီ
၁၉၄၇ခုနှစ် ဇန်နဝါရီလ

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ

## သ မိုင် း ဝ င် ပုံ ရိ ပ် မျ ာ း အ မှ တ် (၈)



(၁၃)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့အခမ်းအနားအား အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာသံရုံးတွင် ကျင်းပရာ ထိုစဉ်က အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ခင်ကြည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ လွှင့်တင်နေသည်ကို ကြည့်ရှုနေစဉ်နှင့် မြန်မာသံရုံးဝန်ထမ်းများ



မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရွှေတိဂုံဘုရား အနောက်ဘက်စောင်းတန်းအဝတွင် တရားဟောပြောနေပုံ

တော်ထဲက အငြိမ်းစားအရာရှိကြီးများ ပြောတဲ့စကားဟာ မှန်မမှန်ပေါ့လေ၊ ဆွေးနွေးပွဲတွေလာတဲ့လူတွေဆိုရင်တော့ ကြားဖူးမှာပါ။

'တပ်တတပ်ဟာ စစ်ရေးအား ဖြင့်တောင်မှ အောင်နိုင်ဖို့ဆိုတာ ဘယ်အခါ ရှေ့တိုးရမယ်၊ ဘယ်အခါ နောက်ဆုတ်ရမယ်ဆိုတာ နားလည်ရမယ်။ ရှေ့တိုးတတ်ရုံနဲ့ မပြီးဘူး၊ ရှေ့တက်ဖို့ပဲ နားလည်လို့ရှိရင် ကျွံပြီးတော့ ဒုက္ခရောက်တတ်တယ်။ အဲတော့ နောက်ဆုတ်တဲ့အချိန်မှာ ဘယ်အချိန်ဆုတ်ရမလဲ၊ ဘယ်လိုကိုယ့်ရဲ့ လူတွေ မနာအောင်လို့ သက်ညှာတဲ့စိတ်သဘောနဲ့ ဆုတ်ရမလဲဆိုတာ နားလည်ဖို့လည်း လိုတယ်'ဆိုတာ၊ ဒါစစ်သဘောအရကို ရှိပါတယ်။ ဒီတော့ နိုင်ငံရေးသဘောအရ ဆိုတာကျတော့ ဒီ့ထက်မကပေါ့။ နိုင်ငံရေးသဘောအရဆိုတာ တိုးသင့်တဲ့အခါ တိုးရမယ်။ ဆုတ်သင့်တဲ့အခါ ဆုတ်ရတယ်။ နည်းနည်း ဘေးရှောင်သင့်တဲ့အခါ ရှောင်ရတယ်။ သတ္တိဆိုတာတော့ အမြဲရှိရမယ်။ သတ္တိဆိုတာဟာ တခါတလေ အခက်အခဲတွေ ကြားထဲမှာ ရှေ့တိုးတာလည်း သတ္တိလိုတာပဲ၊ တခါတလေ မဆုတ်ချင်တဲ့ အချိန်မှာ ဆုတ်သင့်လို့ ဆုတ်ရတာလည်း သတ္တိလိုတာပဲ။ တခါတလေ ဒီလမ်းကနေပြီးတော့ မပွင့်နေလို့ ဟိုဘက် လမ်းကြောင်း ပြောင်းရတာလဲ သတ္တိလိုတာပဲ။ ဒီတော့ ကျမတို့ ဒီလိုအချိန်မှာ နိုင်ငံရေးလုပ်တဲ့အချိန်မှာ သတ္တိအများကြီး လိုပါတယ်။ သတ္တိလိုတဲ့အတွက်ကြောင့်မို့လို့ အခုလို လွတ်လပ်ရေးနေ့မှာ ကျမတို့ရဲ့ လွတ်လပ်ရေးကို ရအောင် လုပ်ပေးသွားတဲ့ အမျိုးသားခေါင်းဆောင်ကြီးများရဲ့ သတ္တိကို ပြန်ပြီးတော့ နှလုံးသွင်းကြပါ။ ဒီလိုပဲကျမတို့ရဲ့ ရှေ့က ခေါင်းဆောင်ကြီးများဟာ သတ္တိရှိခဲ့လို့ ကျမတို့ဟာ လွတ်လပ်တဲ့နိုင်ငံတခုအနေနဲ့ တည်ရှိရတာဆိုတာကို ကျမတို့ နှလုံးသွင်းပြီးတော့ ကျေးဇူးတရားကို ပွားများကြပါ။ ဘယ်လိုပဲ ဒုက္ခတွေ ကျမတို့မှာ ရှိနေနေ စောစောက ပြောသလိုပေါ့။ လွတ်လပ်ရေးသာ ရသော်လည်း ကျမတို့ လူ့အခွင့်အရေးတွေ ဆုံးရှုံးခဲ့ပါတယ်လို့ဆိုတဲ့ အမြင်တွေရှိသော်ငြားလည်း ဘာပဲပြောပြော ကိုယ်ဟာ လွတ်လပ်တဲ့နိုင်ငံ ဖြစ်နေပြီ။ လွတ်လပ်တဲ့ နိုင်ငံသူနိုင်ငံသားများ ဖြစ်နေပြီ။ လွတ်လပ်တဲ့ နိုင်ငံသူနိုင်ငံသားများပီပီ နေနိုင်အောင်လုပ်လို့ရမယ့် တာဝန် ကျမတို့မှာ ရှိနေပြီ။ အဲဒီတော့ ဒီတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ဖို့ဟာ အဓိက ဖြစ်ပါတယ်။ ဒီတာဝန်ကို ကျမတို့ ကျေပွန်အောင် ထမ်းဆောင်နိုင်မယ်ဆိုလို့ရှိရင် ကျမတို့ရဲ့အရှေ့ကနေပြီးတော့ အနစ်နာခံသွားတဲ့ အမျိုးသားခေါင်းဆောင်ကြီးများ၊ အနစ်နာခံရကျိုးနပ်တယ်လို့ ဒီလိုပဲ ကျမတို့ပြောရပါမယ်။ နို့မို့လို့ရှိရင် ဘယ်လိုလုပ်ကျမတို့နိုင်ငံဟာ တိုးတက်မှု မရှိလို့ရှိရင် ကျမတို့နိုင်ငံလွတ်လပ်ရေးအတွက် အနစ်နာခံသွားတဲ့လူတွေရဲ့ မျက်နှာကို ကြည့်ဖို့နေနေသာသာ (ဒါကြောင့်မို့လည်း ခေတ်ပုံတွေ ဘာတွေ မထည့်တာနဲ့ တူပါတယ်) မျက်နှာကြည့်ဖို့နေနေသာသာ ဒီခေါင်းဆောင်ကြီးတွေရဲ့ နာမည်တွေကို စဉ်းစားဖို့တောင်မှ ဘယ်လိုပ်ပြာသန့်တော့မလဲ။

ဒီတော့ ကျမတို့အားလုံးဟာ ညီညီညွတ်ညွတ်နဲ့ ဆက်ပြီးတော့ ကျမတို့ ရသင့်ရထိုက်တဲ့ လူ့အခွင့်အရေးများ ရဖို့ အားလုံး ကြိုးစားကြပါ။ နောက်ပြီးတော့ ညီညွတ်မှုကို အဓိကထားကြပါ။ ဘယ်တော့မဆို ကျမတို့ အခမ်းအနားတွေမှာဆိုလို့ရှိရင် ကျမ အခွင့်အခါ ရတိုင်းရတိုင်း ညီညွတ်မှုကို အဓိကထားပြီး ကျမ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ကျမတို့ရဲ့ နိုင်ငံသူ နိုင်ငံသားများရဲ့ အားနည်းချက်လေးတခု ဖြစ်လို့ပါ။ ညီညွတ်မှုနည်းတယ်ဆိုတဲ့ အားနည်းချက်ကလေး နည်းနည်း ဘယ်လိုခေါ်မလဲ၊ ပုဂ္ဂိုလ်ရေးကို ရှေ့ထားတတ်တာတွေနည်းနည်း မနာလိုသဝန်တိုစိတ်ကလေးတွေ ရှိတတ်တာတွေ၊ သူများ သိပ်ပြီးကောင်းစားလို့ရှိရင် သိပ်ပြီးတော့ မလိုလားတတ်တာလေးတွေ အဲဒီဟာလေးတွေဟာ ကျမတို့ ဒါပုထုဇဉ်လူသားများရဲ့ အားနည်းချက်များလို့ ပြောနိုင်ပေမယ့်လည်း လူ့အသိုင်းအဝိုင်းနဲ့လည်း ဆိုင်ပါတယ်။ လူမှုရေးစနစ်တွေနဲ့လည်း အများကြီးဆိုင်ပါတယ်။ ကျမတို့ရဲ့ လူမှုရေးစနစ်အရ ဒီအားနည်းချက်ကလေးတွေဟာ ပိုပြီးတော့ရှိတယ်လို့ ကျမမြင်လာပါတယ်။ အထူးသဖြင့် ဒီဆယ်နှစ်ကျော်ကျော်အတွင်း နိုင်ငံရေးလုပ်တဲ့အခါမှာ ကျမတို့ရဲ့နိုင်ငံမှာ ညီညွတ်ရေးအားနည်းရတဲ့အကြောင်းအရင်းတွေဟာ ဒါတွေပဲ။ ပုဂ္ဂိုလ်ရေးများလို့ တဦးနဲ့တဦး တိုက်ချင်ခိုက်ချင် အတင်းပြောချင်တဲ့ စိတ်ကလေးတွေက ရှိလို့ မနာလိုသဝန်တိုတဲ့စိတ်ဓာတ်ကလေးတွေက ရှိလို့၊ အဲတော့ အဲဒီဟာတွေကိုတော့ ကျမတို့ ထိန်းကြပါ။ ကျေးဇူးတရားကိုသာ မွေးကြပါ။ တော်တဲ့သူကို တော်တယ်ဆိုပြီးတော့ ချီးမွမ်းရတာ ဒါဟာ မင်္ဂလာတခုပဲလို့ စိတ်ထဲမှာ ထားကြပါ။ ကိုယ့်ထဲက မတော်တဲ့သူ ရှိလို့ရှိရင်လည်း တော်အောင်လို့ ကိုယ်ကနေ ဝိုင်းပြီးတော့ ဖေးမပြီးတော့ ကူညီကြပါ။ ကိုယ့်အချင်းချင်း လက်ညှိုးထိုးပြီးတော့ တိုက်ခိုက်ကဲ့ရဲ့ချင်တဲ့စိတ်များဟာ ဒါ ကျမတို့ ထားသင့်ထားထိုက်တဲ့စိတ်တွေ မဟုတ်ပါဘူး။ အဲဒီလိုစိတ်တွေနဲ့ ကျမတို့ရဲ့ အဖွဲ့ချုပ်ကိုလည်း တိုးတက်အောင် မလုပ်နိုင်ဘူး။ ကျမတို့ရဲ့နိုင်ငံကို တိုးတက်အောင် မလုပ်နိုင်ဘူး။ ကျမတို့ရဲ့ ကမ္ဘာကြီးကိုလည်း တိုးတက်အောင် မလုပ်နိုင်ဘူး။

အဲဒီတော့ နိဂုံးချုပ်အနေနဲ့တော့ အခုကျမတို့ဟာ နှစ်(၂၀၀၀)ထဲ ရောက်သွားပြီ။ ဒီလိုအချိန်မှာ ကျမတို့ လူဖြစ်ရတယ်ဆိုတာဟာ ရတောင့်ရခဲ အခွင့်အရေးတခုပါ။အဲတော့ ဒီရတောင့်ရခဲ အခွင့်အရေးတခုကို ကျမတို့အနေနဲ့ လက်မလွှတ်သင့်ပါဘူး။ ကျမတို့ ဒီနေ့ လွတ်လပ်ရေးနေ့တွေမှာဆိုလို့ရှိရင် ကျမတို့ မြန်မာနိုင်ငံလွတ်လပ်ရေး အဓွန့်ရှည်စေဖို့တင်မက ကျမတို့ရဲ့ နိုင်ငံသူနိုင်ငံသားများ ရသင့်ရထိုက်တဲ့ လွတ်လပ်တဲ့အခွင့်အရေးများအပါအဝင် အခြားအခွင့်အရေးများကို ရအောင်လို့ ကျမတို့ ကြိုးစားဖို့သာမက ကျမတို့ ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံးရဲ့ အခွင့်အရေး ကမ္ဘာပေါ်မှာရှိတဲ့လူသား အားလုံးရဲ့ လွတ်လပ်ရေးနဲ့ စိတ်ချမ်းသာရေး အတွက် ကျမတို့ ဝိုင်းပြီးတော့ ကြိုးစားကြမယ်လို့ အဓိဋ္ဌာန်ပြုကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

❖



၁၉၅၂ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် ကျရောက်သော (၄)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ရန် မြို့တော်ခန်းမမှ ထွက်ခွာလာသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သမတကြီး စပ်ရွှေသိုက်

# မြန်မာ့ဒီမိုကရေစီအရေးတော်ပုံ

## သ မိုင်း ဝင် ပုံ ရိပ် မျာ း အ မှ တ် (၁)

### လူထုဘဝ လွတ်လပ်ရေး



၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက် တနင်္ဂနွေနေ့က ယခုရန်ကုန်မြို့တွင် ရှိသော မြန်မာ့လွတ်လပ်ရေးကျောက်တိုင်အား ဝန်ကြီးချုပ်ဦးနု အုတ်မြစ်ချခဲ့သည်

**နေဇော်နိုင်**

"ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ လူမျိုးရေးတခုတည်းရဲ့လွတ်လပ်ရေး မဟုတ်၊ ပြည်ထောင်စုတခုလုံးမှာ ရှိတဲ့ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ကယား၊ ရခိုင်၊ မွန်၊ မြန်မာ အစရှိတဲ့ သွေးချင်းသားချင်း ပြည်ထောင်စုသား တိုင်းရင်းသားလူမျိုးစုအားလုံးတို့ စည်းစည်းလုံးလုံး ကြိုးပမ်းခဲ့သောကြောင့် ရရှိလာသော လွတ်လပ်ရေးဖြစ်တဲ့အတွက် ယခုလွတ်လပ်ရေးဟာ ရှမ်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ကယား၊ ရခိုင်၊ မွန်၊ မြန်မာအစရှိတဲ့ မွေးချင်းသားချင်း ပြည်ထောင်စုသားလူမျိုးစုအားလုံးရဲ့ လွတ်လပ်ရေး ဖြစ်တယ်"

မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉)ရက်၊ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက် တနင်္ဂနွေနေ့က မြန်မာ့လွတ်လပ်ရေး ကျောက်တိုင် အုတ်မြစ်ချမိန့်ခွန်း၏ အဖွင့်....။ မိန့်ကြားသူက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ စကားလုံးတွေထဲမှာက လွတ်လပ်ရေးအတွက် ရှန်းကန်ပေးဆက်ခဲ့ရသည့် အင်အား....။

ကျွန်တော်ကား မိန့်ခွန်းအဖွင့်ကိုပင် အကြိမ်ကြိမ်ပြန်ဖတ်ရင်း သွေးချင်းသားချင်း ပြည်ထောင်စုကြီး၏ လွတ်လပ်ရေးအသီးအပွင့် ရရှိသော နေ့ရက်ကို မမီမကမ်း ပြန်လွမ်းမိတော့သည်။

"ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ လူတန်စားတခုတည်းရဲ့ လွတ်လပ်ရေး မဟုတ်၊ ပြည်ထောင်စုတခုလုံးမှာ ရှိတဲ့ လယ်သမား၊ အလုပ်သမား၊ ဈေးသူဈေးသား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်း အရာထမ်းများမှစ၍ တော်လှန်ရေးသမားများအထိ ပါဝင်သော လူတန်းစားအားလုံးတို့က ညီညီညာညာ စွန့်စွန့်စားစား အံ့ကြွကြိုးပမ်းခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေးဖြစ်သည့်အတွက် ယခုလွတ်လပ်ရေးဟာ လယ်သမား၊ အလုပ်သမား၊ ဈေးသူဈေးသား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်း အရာထမ်းများမှစ၍ တော်လှန်ရေးသမားများအထိ ပါဝင်သော လူတန်းစားအားလုံးရဲ့ လွတ်လပ်ရေး ဖြစ်တယ်။

ဝန်ကြီးချုပ်ဦးနုရဲ့ မိန့်ခွန်းထဲမှ ကျွန်တော် မသိမမီလိုက်သော သမိုင်းနောက်ခံကားချပ်သည် တဖျတ်ဖျတ် လွင့်နေပေသည်။ လွတ်ရေးမျှော်၍ တော်လှန်ခဲ့ကြသော သမိုင်းတန်ဘိုးက လှုပ်ကြွနေပြန်၏၊ လွတ်လပ်ရေးကား လူတိုင်း၏တေး ဖြစ်ခဲ့သောထိုနေ့....။

"ယနေ့ရရှိခဲ့သော လွတ်လပ်ရေးဟာ အသင်းအဖွဲ့တခုတည်းရဲ့ လွတ်လပ်ရေးမဟုတ်၊ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ လူငယ်၊ အမျိုးသမီး၊ တောင်သူလယ်သမား၊ အလုပ်သမား အစည်းအရုံးသမဂ္ဂ အစရှိတဲ့ အသင်းအဖွဲ့အစည်းအသီးသီးက ကိုယ်ဆိုင်ရာနယ်နမိတ်အတွင်းကနေပြီး နယ်ချဲ့စနစ်ကြီးကို ဝိုင်းအုံတိုက်ခိုက်သောကြောင့် ရရှိလာတဲ့လွတ်လပ်ရေးဖြစ်တဲ့အတွက် ယခုလွတ်လပ်ရေးဟာ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ အမျိုးသမီး၊ တောင်သူလယ်သမား၊ အလုပ်သမား အစည်းအရုံးသမဂ္ဂ အစရှိတဲ့များမြောင်လှစွာသောအသင်းအဖွဲ့အားလုံးရဲ့ လွတ်လပ်ရေးဖြစ်တယ်။

အားအင်ရှိသော တဦးတယောက် တသင်းတဖွဲ့တခု၏ အင်အားဖြင့် မည်သည့် သမိုင်းကိုမျှကွေးညွတ်ငုံ့ကိုင်းလာအောင် စွမ်းဆောင်၍ မရနိုင်သော ဤအချက်ကို မြန်မာ့လွတ်လပ်ရေးခရီးက မော်ကွန်းကမ္ပည်းထိုးခဲ့ပြီ။ လွတ်လပ်ချင်စိတ်က လွတ်လပ်ရေးဆီ သယ်ဆောင်ခဲ့ရာမှ လွတ်မြောက်အောင် ရှက်ဆောင်လို့မှတို့ ပြည်သူလူထုထဲက ပွင့်အန်ထွက်ကျလာကြခြင်း။ ထိုမှ.... လွတ်လပ်သောအသီးအပွင့်....။

တိုင်းပြည်ကား လွတ်လပ်ခဲ့ပေပြီ၊ သို့သော်လည်း တိုင်းပြည်လွတ်လပ်အောင် အဘက်ဘက်မှ စွမ်းဆောင်ခဲ့ကြသော လူမျိုးစုံပြည်သူလူထုတို့ဘဝ လွတ်လပ်ခဲ့ကြပါသလား။

တပ်မတော်သာအမိ၊ တပ်မတော်သာ အဖ....တဲ့။နအဖ စစ်အုပ်စု၏ ဆန်မန်းပေါက်ပေါက်ကြဲသလို ပြောဆိုနေသောစကား၊ မြန်မာ့လွတ်လပ်ရေးခရီး၏ နောက်ခံကားချပ်ကို ချိုးဖြတ် ထိပါးနေသောစကား၊ လွတ်လပ်ရေး၏ နောက်ခံကားချပ်သာမဟုတ်၊ လွတ်လပ်ရေးအတွက် အသက်သွေးစတေးပြီးထမ်းရွက်ခဲ့ကြသော လူမျိုးစုံပြည်သူလူထုအားလုံးကိုပင် စော်ကားနေခဲ့သောစကား၊ အသားထဲကလောက်ထွက်ခဲ့သည်မှာနှစ်ပေါင်း(၅၀)ကျော်ခဲ့ပြီ။

ကိုလိုနီနယ်ချဲ့၏ ကျွန်ပြုခံဘဝ၊ မြန်မာ့လွတ်လပ်ရေးခရီးအစနှင့် တိုင်းပြည်လွတ်လပ်ခဲ့ရသောနေ့ရက်၊ ကျွန်တော်တို့ မသိမမီလိုက်ရသောသမိုင်းတန်ဘိုး၊ ကြီးမားမြင့်မြတ်သော အဖိုးအဖွားတို့၏ အမွေ။

ထိုအမွေကို ကျွန်တော်တို့ ဆက်ခံရရှိချိန်တွင် တိုင်းပြည်လွတ်လပ်ပြီး လူမျိုးစုံပြည်သူလူထုတို့ဘဝ စစ်အာဏာရှင်လက်အောက် ကျရောက်နေရသောကာလကြီး ဖြစ်နေလေသည်။ လူထုဘဝ လွတ်မြောက်ရေးခရီးကား ယခုအထိ မပြီးဆုံးသေး။

ကျွန်တော်ကား ဝန်ကြီးချုပ် ဦးနု၏ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင် အုတ်မြစ်ချမိန့်ခွန်းကိုဖတ်ရင်းမှ လွတ်လပ်ရေး အနှစ်သာရကို လူထုဘဝနှင့် ချိန်ထိုးသုံးသပ်နေမိသည်။ "စစ်တပ်ဟာ နိုင်ငံရဲ့ အစေခံဖြစ်တယ်။ ဒီနိုင်ငံမှာပဲ ဖြစ်ဖြစ်၊ ဒီပြင်နိုင်ငံမှာပဲဖြစ်ဖြစ် စစ်သားတွေချည်း နိုင်ငံချစ်တဲ့လူ ရှိကြတာ မဟုတ်ဘူး၊ အခြားစစ်သား မဟုတ်ပေမယ့် နိုင်ငံအတွက် အမျိုးမျိုးအနစ်နာခံ၊ အမျိုးမျိုးစွန့်စားလုပ်ကြတဲ့ လူတွေလဲ ရှိတယ်။ ဒါကြောင့် စစ်သားမှ စစ်သားဆိုတဲ့ စိတ်သဘောထားကို ပြောင်းကြရမယ်။"

မြန်မာ့လွတ်လပ်ရေး ဗိသုကာ၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သောစကား၊ ထိုစကားက ကျွန်တော် ပါဝင်နေရသောလူမျိုးစုံပြည်သူလူထုကြီးဘဝကြီးကို လက်ရှိဒုက္ခအကျပ်အတည်းကြီးနှင့်အမျှ နှိုးဆွလိုက်ပြန်ပြီ။

တိုင်းပြည်လွတ်လပ်ခဲ့ရသော အသီးအပွင့်ကို လက်ဝါးကြီးအုပ်ထားပြီး၊ လူထုဘဝအား နင်းချေကာ ကျွန်ဇာတ်သွင်းနေသည့် စစ်အာဏာရှင်စနစ် အမြစ်ပြတ်ရေးအတွက် ကျွန်တော်တို့အားလုံး ဒုတိယလွတ်လပ်ရေးတိုက်ပွဲခရီးကို အမြန်ဆုံးနည်းဖြင့် ထမ်းရွက်ကြရဦးမည် မဟုတ်ပါလား။

❖



၁၉၅၃ ခု ဇန်နဝါရီလ(၃)ရက်နေ့က ရွှေတိဂုံဘုရား မြောက်ဘက်စောင်းတန်း တံခါးမသစ်ကြီးကို ပဉ္စမနှစ်ပတ်လည် လွတ်လပ်ရေးပွဲသဘင် ကျင်းပရေးကော်မတီ၏ ဒုတိယသဘာပတိ စကားစော်ဘွားကြီးက ဖွင့်လှစ်ပေးနေပုံ

### လွတ်လပ်ရေး

တိုင်းပြည်လွတ်လပ်လည်း
မလွတ်ပြည်သူ၊ သည်တမူတည့်
ပြည်သူလွတ်လည်း၊ မလွတ်တိုင်းပြည်
သည်တမည်တည့်——

တိုင်းပြည်လည်းလွတ်၊ ပြည်သူလွတ်သည်
အထွတ်တိုင်တည်၊ ထက်နတ်ပြည်တည့်
တိုင်းပြည်မလွတ်၊ ပြည်သူမလွတ်သည်
ရှေးဝဋ်ကြွမ္ဘာ၊ ငရဲရွာတည့်

အို—ရဲဘော်
သင်ဘယ်ပြည်မှာ ၊နေနေပါသလဲ
သင်ဟာလူသား၊ လူ့ဝတ္တရားဖြင့်
တရားဥပဒေ၊ လွတ်လပ်စေမှ
လူ့အခွင့်အရေး၊ လွတ်လပ်ပေးမှ
အသက်မွေးမှု၊ လွတ်လပ်ပြုမှ
သင့်အသိပညာ၊ လွတ်လပ်ပါမှ
သင့်အတွေးအခေါ် ၊လွတ်လပ်သော်မှ
ပြည်တော်သာယာ ချမ်းမြေ့ပါလိမ့်—

အာဏာကြီးမား ၊လူတန်းစားက
သင့်အားကျိတ်မှိတ်၊သင့်ငယ်ထိပ်ကို
ဖိနှိပ်ဆက်ဆံ၊ နည်းမမှန်သော်
သည်းမခံလေနှင့် —အို ရဲဘော်။ ။

**နန်း ညွန့် ဆွေ**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ထုတ်ဝေသော 'ဖတ်စရာ မှတ်စရာ' စာစောင်မှကူးယူဖော်ပြပါသည်